# ကြေးမုံ
The Mirror Daily
Established in 1957


**ကပ်ငြိတွယ်တာမှုမရှိ**

လာကြကုန်လော့(ရတနာခုနစ်ပါးဖြင့်) ဆန်းကြယ်သော မင်းစီးရထားလျှင် ဥပမာရှိသော (အဝတ်တန်ဆာတို့ဖြင့်) ဆန်းကြယ်သော ဤခန္ဓာငါးပါးတည်းဟူသော လောကကို ရှုကြကုန်လော့။ ယင်းလောက၌ မိုက်သူတို့သည် ခန္ဓာငါးပါး၌ နစ်မြုပ်ကုန်၏။ ပညာရှိတို့အား ခန္ဓာငါးပါး ကပ်ငြိတွယ်တာမှုသည်မရှိ။ လောကဝဂ်(ဓမ္မပဒ-၁၇၁)


၁၃၈၁ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၄ ရက်၊ ကြာသပတေးနေ့။ Thursday 17 October 2019 ၉၈၀၅


## နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဂျပန်နိုင်ငံသို့ တရားဝင်ခရီး သွားရောက်မည်

နေပြည်တော် အောက်တိုဘာ ၁၇

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ဂျပန်အစိုးရ၏ ဖိတ်ကြားချက်အရ ဂျပန်ဘုရင်အသစ် နာရူဟီတို၏ ထီးနန်းတက်ပွဲအခမ်းအနားသို့ တက်ရောက်ရန် မကြာမီကာလအတွင်း ဂျပန်နိုင်ငံသို့ တရားဝင်ခရီးစဉ်အဖြစ် သွားရောက်မည်ဖြစ်သည်။ သတင်းစဉ်

# ပညာရေးကဏ္ဍတွင် အခြေခံပညာနှင့် အဆင့်မြင့်ပညာ ဟန်ချက်ညီညီဖွံ့ဖြိုးတိုးတက်စေရန် ကြိုးပမ်းဆောင်ရွက်နေကြောင်း

## နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ပြောကြား

**နေပြည်တော် အောက်တိုဘာ ၁၆**

၂၀၁၉ ခုနှစ် တက္ကသိုလ်များ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေး နှီးနှောဖလှယ်ပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၂ (MICC-2)၌ ကျင်းပရာ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တက်ရောက်အမှာစကားပြောကြားသည်။

**တက်ရောက်**

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေ၊ ဒုတိယဗိုလ်ချုပ်ကြီးစိန်ဝင်း၊ ဒုတိယဗိုလ်ချုပ်ကြီးရဲအောင်၊ ဦးကျော်တင့်ဆွေ၊ သူရဦးအောင်ကို၊ ဦးသန့်စင်မောင်၊ ဦးသိန်းဆွေ၊ ဒေါက်တာမျိုးသိမ်းကြီး၊ ပြည်ထောင်စုစာရင်းစစ်ချုပ် ဦးမော်သန်း၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဦးဝင်းသိမ်း၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်၊ ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်း၊ အမျိုးသားပညာရေးမူဝါဒကော်မရှင်ဥက္ကဋ္ဌ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များ၊ ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခများ၊ ကျောင်းအုပ်ကြီးများ၊ မြန်မာနိုင်ငံဝိဇ္ဇာနှင့် သိပ္ပံပညာရှင်များအဖွဲ့၊ အမျိုးသားအဆင့်အတန်းနှင့် အရည်အသွေးအာမခံမှု အကဲဖြတ်ရေးကော်မတီတို့မှ တာဝန်ရှိသူများ၊ စာတမ်းရှင်များ၊ တက္ကသိုလ်ဆရာသမဂ္ဂများမှ ဆရာ ဆရာမ ကိုယ်စားလှယ်များ၊ တက္ကသိုလ်ကျောင်းသားသမဂ္ဂများမှ ကျောင်းသားကျောင်းသူကိုယ်စားလှယ်များ၊ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။


စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆




နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ၂၀၁၉ ခုနှစ် တက္ကသိုလ်များ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေးနှီးနှောဖလှယ်ပွဲ အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။




KBZ BANK
BEST BANK IN MYANMAR
Awarded by World Finance | Awarded by Euromoney | Awarded by The FinanceAsia

ကြေးမုံ

## နှလုံးသားထဲက ပြည်ထောင်စုသား

နှစ်ပေါင်းထောင်ချီအခွန့်ရှည်ကြာစွာတည်ရှိနေသော ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးတွင် တိုင်းရင်းသားလူမျိုးပေါင်းစုံတို့ စုပေါင်းနေထိုင်လျက်ရှိသည်။ ဤပြည်ထောင်စုတွင် ပထဝီအနေအထား၊ အသွေးအရောင်များ ကွဲပြားသော်လည်း တစုတစည်းတည်းစုပေါင်းနေထိုင်သည့် ပုံရိပ်သွင်ပြင်များသည် ပန်းပေါင်းစုံဖူးပွင့်ဝေဆာနေသော ဥယျာဉ်ကြီးသဖွယ် ပြက်ပြက်ထင်ထင် စီကာစဉ်ကာမြင်တွေ့နေရသည်။

ဤပြည်ထောင်စုကြီးအတွင်းမှ တိုင်းရင်းသားလူမျိုးအသီးသီးတို့သည် သွေးမတော်သားမစပ်သည့် တိုင်းတစ်ပါးသားများမဟုတ်ကြပေ။ ကျွန်ုပ်တို့၏ တိုင်းရင်းသားလူမျိုးများ မူလဆင်းသက်လာပုံဇာစ်မြစ်များကို စေ့ငုကြည့်မည်ဆိုပါက မျိုးတူ၊ သွေးတူ၊ တစ်နွယ်တည်းသောလူမျိုးနွယ်မှ ဆင်းသက်လာကြောင်းကို တွေ့ရှိနိုင်သည်။ ရေမြေသဘာဝနှင့်လူမျိုးစုကွဲပြားမှုကြောင့် အသွေးအရောင်၊ ယဉ်ကျေးမှုဓလေ့နှင့်ဘာသာစကားမတူသော်လည်း မျိုးနွယ်တစ်ခုတည်းဖြစ်သည်မှာအမှန်ဖြစ်သည်။

လောကတွင် "သွေးကစကားပြောသည်" ဟူသောဆိုရိုးစကားရှိသည်။ " အရေးကြီးလျှင် သွေးနီးသည်"၊ " အရေးကြုံလျှင် သွေးဆုံသည် "၊ "သွေးသားချင်းရိုင်းပင်း" စသည့် ဆွေမျိုးသားချင်းဆိုင်ရာစကားပုံများလည်းရှိသည်။ မိသားစုသွေး၊ ရပ်သွေး၊ ရွာသွေး၊ မြို့သွေး၊ ပြည်ထောင်စုသွေးစသည်ဖြင့် သွေးနီးရာတူရာလိုက်၍ဇာတိမာန်ပြကြသည်။ တိုင်းတစ်ပါးသားတို့သည် ကျွန်ုပ်တို့နှင့် သွေးသားမတော်စပ်ကြသဖြင့် မည်မျှအရေးကြုံကြုံ တုန်လှုပ်ခြင်းအလျှင်းမရှိပေ။

ကချင်၊ ကယား၊ ကရင်၊ ချင်း၊ မွန်၊ ဗမာ၊ ရခိုင်၊ ရှမ်းစသည့် တိုင်းရင်းသားများသည် အနီးဆွေမျိုးသားချင်းများဖြစ်၍ အရေးကြုံလျှင်၊ အကြောင်းရှိလျှင် သွေးစည်းတတ်ကြသည့် သက်သေသာဓကေများရှိသည်။ အထူးသဖြင့် တိုင်းတစ်ပါးသားများနှင့်ယှဉ်လျှင် ဇာတိမာန်စိတ်နိုးထလာကြသည်။ နယ်ချဲ့ဆန့်ကျင်ရေးသမိုင်းကြောင်းတွင် ဖော်ပြပါတိုင်းရင်းသားညီအစ်ကိုမောင်နှမများအားလုံးအတူလက်တွဲ၍ နယ်ချဲ့တို့ကို ရှုပ်ရှုပ်ချွံချွံ တွန်းလှန်တိုက်ခိုက်ခဲ့သည့် သမိုင်းကြောင်းရှိသည်။ ယင်းသည် အရေးကြီးလျှင် သွေးနီးသည်ကိုပြသလိုက်ခြင်းဖြစ်သည်။

မျက်မှောက်ကာလတွင် တိုင်းရင်းသားအချင်းချင်း သွေးရင်းသားရင်းများဖြစ်ကြောင်း၊ သွေးနီးကြောင်းကိုတိုင်းတစ်ပါးနှင့်ယှဉ်သောပြိုင်ပွဲများတွင် မြင်တွေ့နိုင်သည်။ အနီးစပ်ဆုံးအနေဖြင့် နိုင်ငံတကာအားကစားပြိုင်ပွဲများတွင် ယှဉ်ပြိုင်ကြသော မြန်မာနိုင်ငံသားတိုင်းရင်းသားများအနိုင်ရစေလိုသည့် မြန်မာတစ်မျိုးသားလုံး၏ စိတ်ဓာတ်ဖြစ်သည်။ လွန်ခဲ့သည့်ရက်က ဂျပန်နိုင်ငံ တိုကျိုမြို့၌ကျင်းပသည့် 100 Century ပြိုင်ပွဲ လိုက်ဟဲဗီးဝိတ်တန်း ကမ္ဘာ့ချန်ပီယံဆု ဗိုလ်လုပွဲ၌ မြန်မာကစားသမား အောင်လအန်ဆန်က စိန်ခေါ်သူ ဘရန်ဒန်ဗီရာကိုအနိုင်ယူသောအခါ မြန်မာတစ်မျိုးသားလုံး တစ်ခဲနက် ဝမ်းမြောက်ဝမ်းသာအားပေးမှုများသည် သွေးရင်းသားရင်းဖြစ်ကြောင်း ပြသလိုက်ခြင်းပင်ဖြစ်သည်။

အောင်ပွဲခံသူ အောင်လအန်ဆန်သည် ကချင်တိုင်းရင်းသားဖြစ်၍ ကချင်လူမျိုးများက တစ်ခဲနက်အားပေးပြီး ဂုဏ်ယူဝမ်းမြောက်ကြမည်ဖြစ်သလို ကျန်သည့် ရှမ်း၊ ချင်း၊ ကရင်၊ ကယား၊ မွန်၊ ရခိုင်၊ ဗမာတိုင်းရင်းသားအားလုံးတို့ကလည်း ဤသည်မှာ မြန်မာဟူသော တစ်သွေးတည်း တစ်သားတည်း ညီရင်းအစ်ကို မောင်ရင်းနှမစိတ်ဓာတ်ဖြင့် တညီတညွတ်တည်း အားပေးခဲ့ကြသည့် ပြည်ထောင်စုစိတ်ဓာတ်အရင်းခံကြောင့်ပင်ဖြစ်သည်။

သို့ဖြစ်ရာ မြန်မာဟူသည် တိုင်းရင်းသားလူမျိုးအားလုံးစုပေါင်းနေထိုင်ကြသော ပြည်ထောင်စုကြီးအတွင်းမှ တစ်သွေးတည်း တစ်သားတည်း ညီအစ်ကိုမောင်နှမများဖြစ်သည်နှင့်အညီ အရေးကြုံလျှင် သွေးဆုံကြ၊ အရေးကြီးလျှင် သွေးစည်းကြသည့် နှလုံးသားထဲက ပြည်ထောင်စုသားများပင်ဖြစ်ပါသတည်း။ ။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

## ပြည်နယ်၊ ပြည်မ လမ်းမကြီးများ သွားလာမှုလွယ်ကူစေရေး ဦးစားပေးဆောင်ရွက်



**နေပြည်တော် အောက်တိုဘာ ၁၆**

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော်သည် ယမန်နေ့ နံနက်ပိုင်းက ပခုက္ကူ - ပေါက် - ထီးလင်း - ဂန့်ဂေါလမ်းပေါ်ရှိ မြစ်သာတံတား(ဂန့်ဂေါ) ကြံ့ခိုင်မှုနှင့် မုံရွာ (ညောင်ပင်ကြီး)- ပုလဲ- ဂန့်ဂေါ- ဟားခါးလမ်းပေါ်ရှိ မြစ်သာတံတား (စိုင်ဒူး) ကြံ့ခိုင်မှုတို့ကို ကြည့်ရှုစစ်ဆေးပြီး တံတားကြီးများ ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် အမြဲမပြတ်စစ်ဆေးရန် တာဝန်ရှိသူများအား မှာကြားသည်။

**ရှင်းလင်းတင်ပြ**

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မုံရွာ(ညောင်ပင်ကြီး)- ပုလဲ- ဂန့်ဂေါလမ်းအပိုင်း ပြုပြင်ထိန်းသိမ်းထားရှိမှုတို့ကို လမ်းတစ်လျှောက်ကြည့်ရှုစစ်ဆေးပြီး မင်းတိုင်ပင်လမ်းစခန်း ရှင်းလင်းဆောင်တွင် စစ်ကိုင်းတိုင်းဒေသကြီး လမ်းဦးစီးဌာန ညွှန်ကြားရေးမှူး(မြို့ပြ) ဦးအောင်သီဟက မုံရွာ- ပုလဲ- ဂန့်ဂေါလမ်းကို ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် လုပ်ငန်းလျာထားချက်နှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ ညွှန်ကြားရေးမှူးချုပ် ဦးအုန်းလွင်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက မုံရွာ- ပုလဲ- ဂန့်ဂေါ- ဟားခါးလမ်းသည် ပြည်နယ်၊ ပြည်မ ဆက်သွယ်သော အဓိကလမ်းမကြီးဖြစ်သည့်အတွက် ခရီးသွားပြည်သူများ သွားလာရေး လွယ်ကူအဆင်ပြေစေရေး ဦးစားပေးဆောင်ရွက်ရန်၊ လုပ်ငန်းလျာထားချက်အတိုင်း ပြီးစီးအောင် ဆောင်ရွက်ရန် မှာကြားသည်။

**ကြည့်ရှုစစ်ဆေး**

ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ယနေ့ နံနက်ပိုင်းတွင် ငလျင်ဒဏ်ကြောင့် ပျက်စီးသွားသည့် ပုဂံမြို့ရှိ ဘုရားအမှတ် (၇၄၈) စူဠာမဏိဘုရား ပြန်လည် ပြုပြင်ထိန်းသိမ်းခြင်း လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

**ပြုပြင်ထိန်းသိမ်း**

ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့အား အဆောက်အဦဦးစီးဌာန အဆောက်အဦအထူးအဖွဲ့ (၇)မှ တာဝန်ရှိသူက စူဠာမဏိဘုရားအား (၄) ကြိမ်မြောက် ပြန်လည် ပြုပြင်ထိန်းသိမ်းခြင်း လုပ်ငန်းများ ဆောင်ရွက်ထားရှိမှုနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက ပြုပြင်ထိန်းသိမ်းခြင်း လုပ်ငန်းဆောင်ရွက်ရာတွင် ရှေးမူမပျက် စနစ်တကျဆောင်ရွက်ရန် မှာကြားပြီး စူဠာမဏိဘုရား အတွင်းပိုင်းနှင့် အပေါ်ပိုင်းပြုပြင်ထိန်းသိမ်းထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မြတ်နိုးသူကုမ္ပဏီမှ B.O.T စနစ်ဖြင့် ဆောင်ရွက်သော မိတ္ထီလာ- ကျောက်ပန်းတောင်း - ပုဂံ/ညောင်ဦးလမ်းပြုပြင်ထိန်းသိမ်းထားရှိမှု အခြေအနေကိုလည်းကောင်း၊ ရန်ကုန် - မန္တလေးအမြန်လမ်း (နေပြည်တော်- မန္တလေးအပိုင်း) ပြုပြင်ထိန်းသိမ်းထားရှိမှုတို့ကိုလည်းကောင်း လမ်းတစ်လျှောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## သရက်ချောင်းမြို့၌ မြန်မာယူနီကုဒ်ပြောင်းလဲရေး အခမဲ့ဝန်ဆောင်မှုပေး

**သရက်ချောင်း အောက်တိုဘာ ၁၆**

တနင်္သာရီတိုင်းဒေသကြီး သရက်ချောင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးရှေ့တွင် အများပြည်သူအသုံးပြုလျက်ရှိသည့် လက်ကိုင်ဖုန်းများအား မြန်မာယူနီကုဒ်ပြောင်းလဲပေးသည့် နည်းပညာဝန်ဆောင်မှုများကို ယနေ့ နံနက်ပိုင်းက ပြုလုပ်ပေးခဲ့သည်။

အဆိုပါဝန်ဆောင်မှုတွင် တနင်္သာရီတိုင်းဒေသကြီး မိုဘိုင်းဖုန်းလုပ်ငန်းရှင်အသင်းဝင်များက မြို့ပေါ်ရပ်ကွက်များနှင့် ကျေးရွာအသီးသီးရှိ အများပြည်သူသုံးစွဲလျက်ရှိသည့် လက်ကိုင်ဖုန်းများ၏ မြန်မာယူနီကုဒ် စာရိုက်စနစ်ပြောင်းလဲပေးခြင်း၊ ဆော့ဝဲများထည့်သွင်းပေးခြင်း၊ မြန်မာယူနီကုဒ်၏ အားသာချက်နှင့် အသုံးဝင်မှုအခြေအနေကို ရှင်းလင်းပြောကြားခြင်း စသည့် ဝန်ဆောင်မှုများ ပြုလုပ်ပေးခဲ့သည်။ ထိုသို့ဝန်ဆောင်မှုလုပ်ငန်းများကို အောက်တိုဘာ ၁၆ ရက်မှ ၁၇ ရက်အထိ နံနက် ၇ နာရီမှ ညနေ ၅ နာရီအထိ နှစ်ရက်တိုင်တိုင် ပြုလုပ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**မျိုးချစ်ဦး(ပြန်/ဆက်)**

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၁၆-၁၀-၂၀၁၉)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာ စောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၂,၀၀၀ | ၁၂,၀၀၀ | ၁,၈၂၈ | ၂၁,၈၅၆,၀၀၀ |
| MTSH | ၄,၁၀၀ | ၄,၁၀၀ | ၁၀,၇၈၄ | ၄၄,၆၉၇,၃၀၀ |
| MCB | ၈,၃၀၀ | ၈,၃၀၀ | ၀ | ၀ |
| FPB | ၂၃,၅၀၀ | ၂၃,၅၀၀ | ၃၇၃ | ၈,၇၆၅,၅၀၀ |
| TMH | ၂,၉၀၀ | ၃,၀၀၀ | ၁၂၄ | ၃၆၃,၆၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေ လဲလှယ်နှုန်း

**နေပြည်တော် အောက်တိုဘာ ၁၆**

ရန်ကုန်(ရွှေဈေး) ၁၂၂၁၀၀၀ မန္တလေး(ရွှေဈေး) ၁၂၂၀၀၀၀

**စက်သုံးဆီဈေးနှုန်း** **ရန်ကုန်**

(က) ဒီဇယ် တစ်လီတာ ၉၀၀/၉၄၅ ကျပ်

(ခ) အောက်တိန်း ၉၅ တစ်လီတာ ၉၀၀/၉၃၅ ကျပ်

(ဂ) အောက်တိန်း ၉၂ တစ်လီတာ ၈၀၀/၈၄၅ ကျပ်

(ဃ) အဆင့်မြင့်ဒီဇယ် တစ်လီတာ ၉၁၀/၉၅၅ ကျပ်

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၈၆၀/၈၆၅ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၈၇၀/၈၇၅ ကျပ်၊ အောက်တိန်း ၉၂ တစ်လီတာ ၇၉၀/၇၉၅ ကျပ်

(မြန်မာနိုင်ငံစက်သုံးဆီအသင်း)

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

(က) အမေရိကန် တစ်ဒေါ်လာ = ၁၅၃၂.၄

(ခ) ဥရောပ တစ်ယူရို = ၁၆၉၁.၃

(ဂ) တရုတ် တစ်ယွမ် = ၂၁၅.၇၆

(ဃ) ထိုင်း တစ်ဘတ် = ၅၀.၃၈၃

(င) မလေးရှား တစ်ရင်းဂစ် = ၃၆၅.၃၄

(စ) အိန္ဒိယ တစ်ရူပီး = ၂၁.၄၁၉

(ဆ) ဂျပန် တစ်ရာယန်း = ၁၄၀၉.၉

(ဇ) တောင်ကိုရီးယား တစ်ရာဝမ် = ၁၂၈.၈၂

(ဈ) ဩစတြေးလျ တစ်ဒေါ်လာ = ၁၀၃၃.၂

(ည) စင်ကာပူ တစ်ဒေါ်လာ = ၁၁၁၆.၅

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

ကြေးမုံ
စာတည်းမှူးချုပ် - ဦးဝင်းရွှေ
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း
သတင်းထောက်မှူး - ဦးမြင့်စိုး
ဘာသာပြန်စာတည်းများ - ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
အကြီးတန်းသတင်းထောက်များ - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဦးကိုမင်း
အငယ်တန်းသတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်ခင်စုစုလှိုင်၊ ဒေါ်နေဇာဇာထွန်း၊ ဦးအေးမင်းသူ၊ ဒေါ်မာမာစိုး
ဓာတ်ပုံသတင်းထောက် - ဦးခင်မောင်ဝင်း
ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
themirror.npt@gmail.com
www.facebook.com/themirrordaily
နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁




နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများ၊ ပါမောက္ခချုပ်များ ကော်မတီအလုပ်အမှုဆောင်အဖွဲ့ဝင်များနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

☆ ရှေ့ဖုံးမှ

အခမ်းအနားတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က "ယခုလို မြန်မာ့ပညာရေးအတွက် ထူးခြားလေးနက်ပြီး အနှစ်သာရပြည့်ဝတဲ့ ပညာရေးနှီးနှောဖလှယ်ပွဲ အခမ်းအနားမှာ အဖွင့်အမှာစကားပြောကြားရတဲ့အတွက် အထူးဂုဏ်ယူဝမ်းမြောက်ကြောင်း ပြောကြားလိုပါတယ်။ မျက်မှောက်ကာလနိုင်ငံတော်ကို ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီးအဖြစ် တည်ဆောက်ရာမှာ အခြေအနေအချိန်အခါနဲ့ လိုက်လျောညီထွေဖြစ်တဲ့အပြင် အမှန်တကယ်လိုအပ်နေတဲ့ မူဝါဒတွေ၊ စီမံကိန်းတွေ၊ လုပ်ငန်းစဉ်တွေကိုချမှတ်ပြီး အဘက်ဘက်က အားသွန်ခွန်စိုက် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။ ဒီလိုအကောင်အထည်ဖော်ဆောင်ရွက်ရာမှာ ထူးချွန်ထက်မြက်တဲ့ လူ့စွမ်းအားအရင်းအမြစ်ဖြစ်တဲ့ အသိပညာရှင်၊ အတတ်ပညာရှင်တွေ အမြောက်အမြားလိုအပ်ပါတယ်။ အနာဂတ်နိုင်ငံတော်ကို တာဝန်ယူ ဆောင်ရွက်ကြရမယ့် မျိုးဆက်သစ်လူငယ်များအပါအဝင် တစ်နိုင်ငံလုံးရဲ့ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးဟာ အခြေခံကျတဲ့လိုအပ်ချက်ဖြစ်ပါတယ်။ ဒါကြောင့် ပညာရေးကဏ္ဍမှာ အခြေခံပညာနဲ့အဆင့်မြင့်ပညာ ဟန်ချက်ညီညီဖွံ့ဖြိုးတိုးတက်စေဖို့နဲ့ နိုင်ငံတကာအဆင့်မီစေဖို့ ကြိုးပမ်းဆောင်ရွက်နေရခြင်းဖြစ်ပါတယ်။

အထည်ဖော်ရမယ့် လုပ်ငန်းစဉ်များရရှိရေးအတွက် ပူးပေါင်းညှိနှိုင်းဆွေးနွေးသွားကြမယ်လို့ သိရပါတယ်။ ဒီနှစ်ဖတ်ကြားတင်သွင်းမယ့်စာတမ်းတွေဟာလည်း ယခင်နှစ်တွေက ဖတ်ကြားခဲ့တဲ့ စာတမ်းများလိုပဲ ရှေ့လုပ်ငန်းစဉ်များကို ချမှတ်ပြီး အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်မယ့် ရလဒ်ကောင်းတွေကို ဖော်ဆောင်နိုင်လိမ့်မယ်လို့ ယုံကြည်မျှော်လင့်ပါတယ်။

လူသားတစ်ယောက်အတွက် ပညာရေးဆိုတာ ဘဝတစ်လျှောက်လုံး စဉ်ဆက်မပြတ် သင်ယူရမယ့်အရာဖြစ်ပြီး နိုင်ငံတစ်နိုင်ငံ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှုအတွက် အဓိကကျတဲ့ အရင်းအနှီးတစ်ရပ်လည်း ဖြစ်ပါတယ်။ အထူးသဖြင့် ၂၁ ရာစု နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးမှာ လူသားအရင်းအမြစ်ဟာ အထူးအရေးကြီးလှပါတယ်။ ဒါကြောင့် အဆင့်မြင့်ပညာအနေနဲ့ ကမ္ဘာနဲ့ရင်ပေါင်တန်းနိုင်မယ့်၊ ခေတ်မီလူ့စွမ်းအားအရင်းအမြစ် ဈေးကွက်တွေမှာ ယှဉ်ပြိုင်နိုင်စွမ်းရှိတဲ့၊ ကျွမ်းကျင်မှုအရည်အသွေး၊ အရည်အချင်းတွေပြည့်ဝတဲ့ လူငယ်တွေကို မွေးထုတ်ပေးနိုင်ဖို့ အထူးပဲအရေးကြီးပါတယ်။

**အရည်အသွေးအာမခံစနစ်တစ်ရပ်ထားရှိ**

ကမ္ဘာ့အဆင့်အတန်းမီတဲ့ ပညာရေးစနစ် ဖြစ်လာစေဖို့ သုတေသနလုပ်ငန်းတွေ၊ ဆန်းသစ်တီထွင်မှုတွေ၊ အသက်မွေးဝမ်းကျောင်းပညာတွေကို အားပေးပြီး ဆောင်ရွက်

**"ကျွန်မတို့အားလုံးအတွက်အရေးကြီးတာကတော့ပူးပေါင်းဆောင်ရွက်ရေးပဲဖြစ်ပါတယ်။ ဒါကြောင့် ကျွန်မပညာရေးလောကမှာရော၊ ကျွန်မတို့ရဲ့ နိုင်ငံရေးလောကမှာရော အခုဆိုရင် သိပ်ခေတ်စားနေတဲ့ ခေါင်းဆောင်ဖြစ်မှုဆိုတာကို အလေးမထားဘဲနဲ့ ပူးပေါင်းဆောင်ရွက်မှုကို အလေးထားစေချင်ပါတယ်။ စုပေါင်းပြီး ဆောင်ရွက်မှသာ ကျွန်မတို့ အောင်မြင်နိုင်မှာပါ"**

**ပညာရေးမြှင့်တင်မှုတွေ ဆောင်ရွက်**

ပညာရေးဝန်ကြီးဌာနအနေနဲ့ အရည်အသွေးရှိတဲ့ အမျိုးသားပညာရေးစနစ်ကို အပြည့်အဝ အကောင်အထည်ဖော်ဆောင်နိုင်ဖို့အတွက် အမျိုးသားပညာရေး မဟာဗျူဟာစီမံကိန်း(၂၀၁၆-၂၀၂၁)ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသလို ပညာရေးမြှင့်တင်မှုတွေ ဆောင်ရွက်ရာမှာ အထောက်အကူဖြစ်စေဖို့အတွက် ပညာရေးဆိုင်ရာ နှီးနှောဖလှယ်ပွဲတွေကို နှစ်စဉ်နှစ်တိုင်း ကျင်းပနေတာကို တွေ့ရပါတယ်။ ပြီးခဲ့တဲ့ ၂၀၁၈ ခုနှစ်က ကျင်းပခဲ့တဲ့ပညာရေးနှီးနှောဖလှယ်ပွဲမှာ စာတမ်း(၁၁) စောင်ဖတ်ကြားဆွေးနွေးခဲ့ပြီး ဖတ်ကြားဆွေးနွေးခဲ့ကြတဲ့ စာတမ်းများအရ ရှေ့ဆက်ဆောင်ရွက်ရမယ့် ရှေ့လုပ်ငန်းစဉ်များကို ချမှတ်ပြီး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိတယ်လို့ သိရှိရပါတယ်။

ဒီနှစ်မှာလည်း အဆင့်မြင့်ပညာကဏ္ဍရဲ့ နယ်ပယ်ပေါင်းစုံနဲ့ သက်ဆိုင်တဲ့ စာတမ်းပေါင်း(၁၆)စောင် တင်သွင်းဖတ်ကြားပြီး ၂၀၁၉-၂၀၂၀ ခုနှစ်အတွင်း ဦးစားပေးအကောင်

သွားရမှာဖြစ်ပါတယ်။ အမျိုးသားပညာရေးစနစ် ရေရှည်ဖွံ့ဖြိုးတိုးတက်မြင့်မားစေဖို့အတွက် ပညာရေးကဏ္ဍအသီးသီးမှာ အရည်အသွေးအာမခံစနစ်တစ်ရပ် ထားရှိရမှာဖြစ်ပါတယ်။ ဒီစနစ်ဟာ အမျိုးသားပညာရေး အရည်အသွေးကို အဆင့်မြင့်မားလာစေပြီး သင်ကြား၊ သင်ယူမှုအပိုင်းကို တိုးတက်မြင့်မားစေဖို့အတွက် အထောက်အကူပြုမှာဖြစ်ပါတယ်။ ဒါ့အပြင် နည်းပညာရှင်များ၊ ပညာရေးစီမံခန့်ခွဲသူများ၊ ကျောင်းများ၊ သင်တန်းများနဲ့တက္ကသိုလ်များက ဦးဆောင်သူများရဲ့ အရည်အသွေးကို မြှင့်တင်ပေးမယ့်အစီအစဉ်တွေကိုလည်း အလေးပေးဆောင်ရွက်သွားကြရမှာ ဖြစ်ပါတယ်။

အဆင့်မြင့်ပညာမှာ အဓိကကျတဲ့ လုပ်ငန်းတစ်ရပ်ကတော့ သုတေသနလုပ်ငန်းပဲဖြစ်ပါတယ်။ အဆင့်မြင့်ပညာကဏ္ဍက ဆရာ ဆရာမတွေ၊ ကျောင်းသူ ကျောင်းသားတွေဟာ မိမိတို့စိတ်အားထက်သန်ရာ၊ ကျွမ်းကျင်ရာ နယ်ပယ်အသီးသီးမှာ သုတေသနလုပ်ငန်းတွေကို တစိုက်မတ်မတ်လုပ်ဆောင်နေဖို့ အရေးကြီးပါတယ်။ သုတေသနလုပ်ငန်းအသီးသီးက ရရှိလာတဲ့ရလဒ်တွေကလည်း စီးပွားရေးဖွံ့ဖြိုးမှု၊ လူမှုအဆင့်ဖွံ့ဖြိုးမှု၊ စိတ်ပိုင်းရုပ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးမှုအတွက် အကျိုးပြုနိုင်မယ့် ရလဒ်တွေဖြစ်ဖို့လိုအပ်ပါတယ်။ သုတေသနလုပ်ငန်းတွေ၊ ပရောဂျက်တွေကလည်း အရေအတွက်ထက် အရည်အသွေး မြင့်မားပြည့်ဝဖို့လိုပါတယ်။ ဒါ့အပြင် ကျွန်မတို့နိုင်ငံအခြေအနေနဲ့ကိုက်ညီတဲ့ဘာသာရပ်တွေ၊ ကိစ္စရပ်တွေကို အလေးထားဆောင်ရွက်သွားဖို့ တိုက်တွန်းလိုပါတယ်။ အရင်နှစ်က ကျွန်မပြောခဲ့သလိုပဲ သုတေသနလုပ်ငန်းတွေမှာ ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းပိုင်းက ပံ့ပိုးကူညီမှုတွေရအောင် လုပ်ကြပါလို့ ထပ်မံတိုက်တွန်းလိုပါတယ်"ဟု ပြောကြားသည်။

**ပွဲကိုင်ထိန်းကျောင်းပေးဖို့လို**

ဆက်လက်၍ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က "အဆင့်မြင့်ပညာရေးဟာ နိုင်ငံတစ်နိုင်ငံရဲ့ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူပြုနိုင်ဖို့သာမက လူသားပီသတဲ့ နိုင်ငံသားကောင်းတွေ၊ ကမ္ဘာ့သူကမ္ဘာ့သားကောင်းတွေ ဖြစ်လာစေရေးကိုလည်း ပွဲကိုင်ထိန်းကျောင်းပေးဖို့လိုအပ်ပါတယ်။ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ဖို့အတွက် စီးပွားရေးအဖွဲ့အစည်းတွေ၊ စက်မှုလက်မှုလုပ်ငန်းတွေမှာ လိုအပ်နေတဲ့ အရည်အချင်း ပြည့်မီတဲ့ လူသားအရင်းအမြစ်များကို ပြုစုပျိုးထောင်ပေးဖို့ လိုအပ်သလို အမြော်အမြင်ကြီးမားပြီး စိတ်ကောင်းနှလုံးကောင်းရှိတဲ့ နိုင်ငံသူနိုင်ငံသားကောင်းများ မွေးထုတ်ပေးနိုင်ဖို့လည်း လွန်စွာအရေးကြီးပါတယ်။ နိုင်ငံသူ နိုင်ငံသားကောင်းတွေကသာ ငြိမ်းချမ်းသာယာပြီး အတူတကွ လက်တွဲနေထိုင်နိုင်မယ့် ပြည်ထောင်စုကြီးကို တည်ဆောက်နိုင်မှာ ဖြစ်ပါတယ်။ နိုင်ငံသူနိုင်ငံသားကောင်းတွေကပဲ ကမ္ဘာတစ်ဝန်းမှာ လူသားဆန်တဲ့၊ လူပီသတဲ့ ကမ္ဘာ့သူ ကမ္ဘာ့သားကောင်းတွေဖြစ်လာမှာ ဖြစ်ပါတယ်။

အဲဒီလိုဖြစ်လာဖို့ဆိုရင် ကျောင်းသူကျောင်းသားတွေကို စာသင်ခန်းအတွင်းမှာသာမက ဘက်စုံဖွံ့ဖြိုးတိုးတက်လာအောင် ကြိုးပမ်းဆောင်ရွက်ကြရမှာ ဖြစ်ပါတယ်။ ပညာသင်ယူမှုကို စာသင်ခန်းထဲမှာပဲ ကန့်သတ်မထားဘဲ မိမိပတ်ဝန်းကျင်၊ မိမိဒေသ၊ မိမိနိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက်ပါ တစ်သားတည်းဆက်စပ်ဖြစ်ထွန်းအောင် လေ့ကျင့်ပျိုးထောင်ပေးကြရမှာ ဖြစ်ပါတယ်။ ကျောင်းသားကျောင်းသူများအတွက် သင်ယူမှု ဝန်းကျင်ကောင်းများဖြစ်လာစေရေးအတွက် စာဖတ်စွမ်းရည်အလေ့အကျင့်တွေ၊ စာပေပြိုင်ပွဲတွေ၊ ဟောပြောပွဲတွေ၊ ဆွေးနွေးပွဲတွေ၊ အားကစားပွဲတွေကိုလည်း အားပေးဆောင်ရွက်သွားဖို့ လိုအပ်ပါတယ်။ အမျိုးသားရေးစိတ်ဓာတ် နိုးကြားထက်သန်ပြီး ပြည်သူ့နီတိ၊ ဒီမိုကရေစီကျင့်စဉ်များနှင့်အညီ လူ့အခွင့်အရေးကို တန်ဖိုးထားလိုက်နာတတ်တဲ့ လူငယ်လူရွယ်တွေကို မွေးထုတ်ပေးနိုင်ဖို့ ဦးတည်ဆောင်ရွက်ပေးဖို့ လိုအပ်ပါတယ်။

လက်တွေ့ကျတဲ့ ပညာရေးပြုပြင်ပြောင်းလဲမှုတွေကို အကောင်အထည်ဖော်တဲ့နေရာမှာ နည်းပညာနဲ့ အသက်မွေးဝမ်းကျောင်းဆိုင်ရာ ပညာတွေကိုလည်း အလေးထားဆောင်ရွက်ပေးရမှာဖြစ်ပါတယ်။ တစ်ဖက်ကလည်း တိုင်းရင်းသားလူမျိုးစုများရဲ့ ဘာသာစကား၊ ယဉ်ကျေးမှု၊ ဓလေ့ထုံးစံအမွေအနှစ်များ ထိန်းသိမ်းနိုင်ရေးနဲ့ တိုင်းရင်းသားဘာသာစကားများ ရေရှည်တည်တံ့ရေး ဆောင်ရွက်မှုများကိုလည်း ဟန်ချက်ညီညီ ဖြည့်ဆည်းပေးသွားရမှာဖြစ်ပါတယ်။ နိုင်ငံတော်ကြီးတစ်ခုလုံး ဖွံ့ဖြိုးတိုးတက်လာစေဖို့အတွက် ဒေသတစ်ခုချင်းစီရဲ့ ဖွံ့ဖြိုးတိုးတက်မှုဟာ ပဓာနကျတာနဲ့အမျှ ဒေသအလိုက် ပညာရေးဖွံ့ဖြိုးတိုးတက်မှုနဲ့ ဒေသတွင်းမှာရှိတဲ့ သယံဇာတအရင်းအမြစ်များနဲ့ ဆက်စပ်ပြီး ထိထိရောက်ရောက် အကျိုးရှိစွာအသုံးချနိုင်ရေးတို့ကို ရည်ရွယ်လုပ်ဆောင်သွားရမှာ ဖြစ်ပါတယ်။

အနာဂတ် ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်ရာမှာ ပြည်ထောင်စုကြီး အဘက်ဘက်ကဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်တွင်းငြိမ်းချမ်းရေး၊ စစ်မှန်တဲ့ ပြည်ထောင်စုတည်ဆောက်နိုင်ရေး၊ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုဖြစ်ပေါ်ရေးတို့အတွက် စွမ်းရည်ထက်မြက်တဲ့ လူငယ်မျိုးဆက်သစ် လူ့စွမ်းအားအရင်းအမြစ်များရဲ့ အခန်းကဏ္ဍဟာ အလွန်အရေးကြီးပါတယ်။ ဒီလိုစွမ်းရည်ထက်မြက်တဲ့ လူ့စွမ်းအားအရင်းအမြစ်တွေကို အရည်အသွေးမြင့်မားတဲ့ ပညာရေးကသာ မွေးထုတ်ပေးနိုင်မှာ ဖြစ်ပါတယ်။

ဒီကနေ့ပြုလုပ်တဲ့ ၂၀၁၉ ခုနှစ် တက္ကသိုလ်များ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေး နှီးနှောဖလှယ်ပွဲက တစ်ဆင့် နိုင်ငံတော်က လိုအပ်လျက်ရှိတဲ့အရည်အသွေးမြင့်မားတဲ့ အဆင့်မြင့်ပညာရေးကို ဖော်ဆောင်ရာမှာ ဖြည့်ဆည်းပေးနိုင်မယ့် လုပ်ငန်းစဉ်တွေ ချမှတ်နိုင်ဖို့ ဝိုင်းဝန်းညှိနှိုင်းဆွေးနွေး အကောင်အထည်ဖော်နိုင်မယ်လို့ ယုံကြည်မျှော်လင့်ပါတယ်။

**ဝိုင်းဝန်းကြိုးပမ်းအကောင်အထည်ဖော်**

ယခုကျင်းပတဲ့ နှီးနှောဖလှယ်ပွဲကထွက်ပေါ်လာမယ့် ရလဒ်ကောင်းတွေကတစ်ဆင့် ပညာရေးမြှင့်တင်မှု လုပ်ငန်းတွေကို အကောင်အထည်ဖော်ဆောင်ရွက်ရာမှာ မညီမျှမှုများ၊ မတည်ငြိမ်မှုများ ကင်းဝေးပပျောက်ပြီး တရားဥပဒေစိုးမိုးမှု၊ တရားမျှတမှု၊ ငြိမ်းချမ်းမှု၊ လွတ်လပ်မှုများကို၊ နိုင်ငံသားတိုင်း တန်းတူညီမျှဖြစ်မှုတို့အတွက် မိမိတို့ကျရာနေရာကနေ တာဝန်ယူ၊ တာဝန်ခံမှုအပြည့်အဝနဲ့ ဝိုင်းဝန်းကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်သွားကြပါလို့ တိုက်တွန်းလိုပါတယ်။

နိဂုံးချုပ်အနေနဲ့ ကျွန်မပြောလေ့ပြောထရှိတဲ့ စကားတချို့ကို ပြန်ပြောချင်ပါတယ်။ ကျွန်မတို့အားလုံးအတွက် အရေးကြီးတာကတော့ ပူးပေါင်းဆောင်ရွက်ရေးပဲဖြစ်ပါတယ်။ ဒါကြောင့် ကျွန်မပညာရေးလောကမှာရော၊ ကျွန်မတို့ရဲ့ နိုင်ငံရေးလောကမှာရော အခုဆိုရင် သိပ်ခေတ်စားနေတဲ့ ခေါင်းဆောင်ဖြစ်မှုဆိုတာကို အလေးမထားဘဲနဲ့ ပူးပေါင်းဆောင်ရွက်မှုကို အလေးထားစေချင်ပါတယ်။ စုပေါင်းပြီးဆောင်ရွက်မှသာ ကျွန်မတို့အောင်မြင်နိုင်မှာပါ။ ကျွန်မတို့ အခုဒီနှစ်တွေအတွင်းမှာဆိုရင် ကျွန်မတို့နိုင်ငံတွင်သာမက ကမ္ဘာတစ်ဝန်းလုံးမှာ ခေါင်းဆောင်မှုနဲ့ ပတ်သက်တဲ့ သင်ကြားရေးနှီးနှောဖလှယ်ပွဲတွေ ခဏခဏလုပ်တာကို သတိပြုမိပါတယ်။ အားလုံးက ခေါင်းဆောင်ချည်းပဲ လုပ်ချင်ကြတယ်။ လူငယ်ခေါင်းဆောင်၊ အမျိုးသမီးခေါင်းဆောင်၊ တိုင်းရင်းသားခေါင်းဆောင်၊ နိုင်ငံရေးခေါင်းဆောင်၊ စီးပွားရေးခေါင်းဆောင်၊ အားလုံးက ခေါင်းဆောင်လုပ်ရင် ဘယ်သူကနောက်ကလိုက်မှာလဲ။ အရေးကြီးတာက

စာမျက်နှာ ၄ သို့ ☆

# နီပေါဖက်ဒရယ်ဒီမိုကရက်တစ်သမ္မတနိုင်ငံ သမ္မတ မစ္စစ် ဘီဒီယာ ဒေဗီ ဘန်ဒါရီ ဦးဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ နေပြည်တော်သို့ ရောက်ရှိ

**နေပြည်တော် အောက်တိုဘာ ၁၆**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်၏ ဖိတ်ကြားချက်အရ နီပေါဖက်ဒရယ်ဒီမိုကရက်တစ်သမ္မတနိုင်ငံ သမ္မတ မစ္စစ် ဘီဒီယာ ဒေဗီ ဘန်ဒါရီသည် ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော်၌ တရားဝင်ချစ်ကြည်ရေးခရီးလည်ပတ်ရန် ယနေ့ညနေ ၅ နာရီခွဲတွင် နီပေါလေကြောင်းလိုင်းဖြင့် နေပြည်တော်သို့ ရောက်ရှိလာသည်။

**ကြိုဆိုနှုတ်ဆက်**

နီပေါဖက်ဒရယ်ဒီမိုကရက်တစ်သမ္မတနိုင်ငံ သမ္မတ မစ္စစ် ဘီဒီယာ ဒေဗီ ဘန်ဒါရီ ဦးဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို၊ အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်၊ နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမင်းသိမ်း၊ မြန်မာနိုင်ငံဆိုင်ရာ နီပေါသံအမတ်ကြီး Mr. Bhim Krishna Udas၊ နီပေါနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး သီရိပျံချီ ဦးထွန်းနေလင်းနှင့် တာဝန်ရှိသူများက နေပြည်တော် အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆို နှုတ်ဆက်ကြသည်။ **(ယာပုံ)**

**သတင်းစဉ်**



☆ စာမျက်နှာ ၃ မှ

စုပေါင်းပြီး အစုအဖွဲ့အနေနဲ့ လုပ်ဆောင်ဖို့ပဲ။ အင်္ဂလိပ်လိုပြောရင် Teamwork ပါ။ ဒီလိုအစုအဖွဲ့တစ်ခုအနေနဲ့ လုပ်ရင် ဦးဆောင်မှုပေးနိုင်တဲ့လူတွေက သူတို့အလိုလို သူတို့ရဲ့ ဆောင်ရွက်ချက်အရ ပေါ်လာပါမယ်။ ဒါပေမယ့် ဒီလိုဦးဆောင်မှုပဲ ပေးတဲ့နေရာမှာ တခြားလူတွေနဲ့ တန်းတူညီတူဖြစ်တယ်ဆိုတာလည်း သူတို့သဘောပေါက်ပြီးတော့မှ ထွက်လာတဲ့ ခေါင်းဆောင်တွေမို့လို့ ပိုပြီးတော့ ထိရောက်မယ်၊ ပိုပြီးတော့ နိုင်ငံကိုအကျိုးပြုမယ်။ ကျွန်မတို့ရဲ့ ပြည်သူလူထုအားလုံးကို အကျိုးပြုနိုင်မှာ ဖြစ်ပါတယ်။

**ကိုယ်တတ်နိုင်တဲ့နေရာကနေပံ့ပိုး**

အဲဒါကြောင့် ကျွန်မတို့အားလုံးဟာ စုပေါင်းဆောင်ရွက်တဲ့စိတ်ဓာတ်ကို ပိုပြီးတော့ ဖွံ့ဖြိုးတိုးတက်အောင် လုပ်စေချင်ပါတယ်။ ကိုယ်တစ်ယောက်ကပဲ ရှေ့ကနေမယ်ဆိုတဲ့ စိတ်ဓာတ်နဲ့မဟုတ်ဘဲနဲ့ အားလုံးနဲ့ ပူးပေါင်းဆောင်ရွက်ခြင်းအားဖြင့် ကိုယ့်ရဲ့အားနည်းချက်တွေဆိုရင် ပြုပြင်နိုင်မယ်။ အားသာချက်တွေကို အများအတွက် သုံးနိုင်မယ်ဆိုတဲ့ စိတ်ဓာတ်နဲ့ ဆက်လက်ပြီးတော့ လုပ်ဆောင်သွားစေချင်ပါတယ်။ ဒါကြောင့်မို့ နှီးနှောဖလှယ်ပွဲမှာ ဒီဟာကို ဦးတည်ပါလို့ ကျွန်မအနေနဲ့ မေတ္တာရပ်ခံပါတယ်။ အားလုံးက ပူးပေါင်းပြီးတော့ အဖွဲ့အစည်းတစ်ခုအနေနဲ့ ဆောင်ရွက်ဖို့ ကိုယ်တစ်ယောက်တည်းရှေ့ကနေဖို့ မဟုတ်ဘဲနဲ့ ကိုယ်တတ်နိုင်တဲ့နေရာကနေ ပံ့ပိုးပေးဖို့ ဒါဟာ ပါမောက္ခချုပ်များ တင်မက ဆရာ ဆရာမများ၊ ကျောင်းသားများ၊ မိဘများ၊ ပြည်သူများအားလုံးမှာ တာဝန်ရှိပါတယ်ပြောရင်းနဲ့ နိဂုံးချုပ်ပါတယ်" ဟု ပြောကြားသည်။

ထို့နောက် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက တက္ကသိုလ်များ ကဏ္ဍစုံဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်နေမှုများနှင့် စပ်လျဉ်း၍ အကျယ်တဝင့် ရှင်းလင်းပြောကြားသည်။

**ရှင်းလင်းတင်ပြ**

ယင်းနောက် ပါမောက္ခချုပ်များကော်မတီဥက္ကဋ္ဌ ဒေါက်တာဇော်ဝေစိုးက ပါမောက္ခချုပ်များ ကော်မတီအနေဖြင့် တက္ကသိုလ်များနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့မှုအခြေအနေများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ၊ နေပြည်တော်ကောင်စီ



ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး တက္ကသိုလ်များ ကဏ္ဍစုံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်နေမှုများ ရှင်းလင်းပြောကြားစဉ်။

ဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများ၊ ပါမောက္ခချုပ်များ၊ ကော်မတီအလုပ်အမှုဆောင်အဖွဲ့ဝင်များနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။

ယင်းနောက် တက္ကသိုလ်များ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး နှီးနှောဖလှယ်ပွဲကို ဆက်လက်ကျင်းပရာ Myanmar British Council မှ Country Director Dr. Richard Sunderland က National Insitiute for Higher Education Development (NIHED) project စာတမ်းကို လည်းကောင်း၊ Central European University မှ Senior Program Manager Mr.Oleksandr Shtokvych က Towards University Autonomy in Myanmar: Policies, Planning and Implementation စာတမ်းကို လည်းကောင်း၊ အခြေခံကျန်းမာရေးတက္ကသိုလ်(မကွေး) ပါမောက္ခချုပ် (အငြိမ်းစား) ဒေါက်တာထင်ဇော်စိုးက မြန်မာနိုင်ငံ တက္ကသိုလ်များသုတေသနညီလာခံ (၂၀၁၉)ပြီးစီးမှုနှင့် အားသာချက် အားနည်းချက်များစာတမ်းကိုလည်းကောင်း။

**ဆွေးနွေး**

မုံရွာစီးပွားရေးတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာစိုးဝင်းက မြန်မာနိုင်ငံ တက္ကသိုလ်များ၏ ဘဏ္ဍာရေးစနစ်နှင့် ဖွံ့ဖြိုးတိုးတက်မှု စာတမ်းကိုလည်းကောင်း၊ အဆင့်မြင့်ပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသိန်းဝင်းက တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်များတွင် e-Payment စနစ် ကျယ်ပြန့်စွာအသုံးပြုနိုင်ရေးစာတမ်းကို လည်းကောင်း၊ ရန်ကုန်ကွန်ပျူတာတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာမီမီသက်သွင်က ICT လုပ်ငန်းကော်မတီ၏ လုပ်ငန်းစဉ်များနှင့် ညှိနှိုင်းဆောင်ရွက်နေမှုစာတမ်းကို လည်းကောင်း၊ စစ်ကိုင်းပညာရေးတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာစောပြုံးနိုင်က ပညာရေးကောလိပ်များရှိ (၂)နှစ်သင်တန်း အစီအစဉ်များကို (၄)နှစ်သင်ပညာရေးအထူးပြုဘွဲ့ အစီအစဉ်များသို့ အဆင့်မြှင့်တင်ခြင်း စာတမ်းကိုလည်းကောင်း၊ ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာကြည်ရွှင်က Good Practice Guidelines of University Governance and Management စာတမ်းကို လည်းကောင်း၊ မန္တလေးအဝေးသင်တက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဒေါက်တာအောင်နိုင်စိုးက အဝေးသင်အနီးကပ်သင်တန်းများ ပြုပြင်ပြောင်းလဲရေးစာတမ်းကိုလည်းကောင်း၊ ရန်ကုန်အနောက်ပိုင်းတက္ကသိုလ် ဓာတုဗေဒဌာနတွဲဖက်ပါမောက္ခ ဒေါက်တာမျိုးမင်းက အဆင့်မြင့်ပညာကဏ္ဍရှိ ဆရာ ဆရာမများ၏ လူမှုဘဝအခက်အခဲများနှင့် ဖြေရှင်းနိုင်မည့် နည်းလမ်းများ စာတမ်းကို လည်းကောင်း ဖတ်ကြားကြရာ တက်ရောက်လာကြသူများက ပြန်လည်ဆွေးနွေးကြသည်။

ယခု နှီးနှောဖလှယ်ပွဲကို အောက်တိုဘာ ၁၇ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ပြီး စာတမ်းရှင်ရှစ်ဦးက စာတမ်းရှစ်စောင်ကို မြန်မာနိုင်ငံရှိ တက္ကသိုလ်များ ကဏ္ဍစုံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဖတ်ကြားဆွေးနွေးသွားမည် ဖြစ်ကြောင်း သိရသည်။

ယခုအခါ မြန်မာနိုင်ငံတွင် ဝန်ကြီးဌာန ရှစ်ခုအောက်၌ တက္ကသိုလ်ပေါင်း ၁၇၄ ခု ဖွင့်လှစ်ထားရှိပြီး တက္ကသိုလ် ၁၆၄ ခုမှာ ပါမောက္ခချုပ်များကော်မတီတွင် အဖွဲ့ဝင်အဖြစ် ပါဝင်ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**







ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ၂၀၁၉ ခုနှစ် ကမ္ဘာ့စားနပ်ရိက္ခာနေ့အထိမ်းအမှတ်အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

**❂ ကျောဖုံးမှ**

လက်ရှိတွင် ပြန်လည်မြင့်တက်လာပါကြောင်း၊ လူဦးရေအားဖြင့် သန်း ၈၀၀ ကျော်ရှိကြောင်း၊ ကုလသမဂ္ဂကမ္ဘာ့စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ (FAO)က ထုတ်ပြန်ထားပါကြောင်း၊ ယေဘုယျအားဖြင့် လူကိုးဦးတွင် တစ်ဦးသည် အာဟာရပြည့်ဝမှုမရှိဘဲ ငတ်မွတ်မှုရှိနေပါကြောင်း၊ ယင်းမှာ စားနပ်ရိက္ခာများ၏ ထုတ်လုပ်မှုပမာဏသာမက အရည်အသွေးမပြည့်ဝမှုများကြောင့်လည်း ဖြစ်ပါကြောင်း၊ ကျန်းမာရေးနှင့်မညီညွတ်သည့် စားသောက်မှုပုံစံများသည် ကမ္ဘာတွင် ရောဂါဖြစ်ပွားမှု၊ သေဆုံးမှုများ၏ အဓိက အရင်းခံအကြောင်းတရား ဖြစ်လာနေပါကြောင်း၊ ထို့ကြောင့် ကျန်းမာရေးနှင့်ညီညွတ်ပြီး ရေရှည်တည်တံ့သည့် စားနပ်ရိက္ခာများကို လူတိုင်းရရှိစားသုံးနိုင်ရေးသည် ချက်ချင်းလုပ်ဆောင်ရမည့် လိုအပ်ချက်ဖြစ်ကြောင်းကို ဖော်ပြထားပါကြောင်း။

**စားသောက်မှုပုံစံများ ပြောင်းလဲလျက်ရှိ**

ယနေ့ကမ္ဘာကြီးတွင် နည်းပညာဖွံ့ဖြိုးတိုးတက်မှုနှင့်အတူ လူများ၏ နေထိုင်သွားလာမှု၊ အသက်မွေးမှုနှင့် စားသောက်မှုပုံစံများသည် ပြောင်းလဲလျက်ရှိပါကြောင်း၊ အထူးသဖြင့် လူများသည် ရာသီသီးနှံ၊ အပင်အခြေခံသီးနှံနှင့် အမျှင်များသည့် အစားအစာများ အစားကယ်လိုရီများသည့် ပြုပြင်ပြီးအစားအစာများနှင့် အသားစားသုံးမှုများ များပြားလာသည်ကို တွေ့ရပါကြောင်း၊ မြို့ပြများတွင် အိမ်၌ချက်ပြုတ်စားသောက်ခြင်းထက် စားသုံးသူများ ကျန်းမာရေးအတွက် လုံခြုံစိတ်ချရမှုအာမခံချက်အပြည့်အဝမရရှိနိုင်သည့် အသင့်စား အစားအစာများကို စူပါမားကတ်များ၊ ၂၄ နာရီဆိုင်များနှင့် စားသောက်ဆိုင်များတွင် ဝယ်ယူစားသောက်မှုအလေ့အကျင့်များသည် ပေါ်ပြူလာစရိုက်သဖွယ် များပြားလာသည်ကို တွေ့ရပါကြောင်း။

တစ်ဖက်တွင်လည်း ရာသီဥတုဖောက်ပြန်မှု၊ သဘာဝဘေးအန္တရာယ်ဖြစ်ပွားမှုများကြောင့် ကျေးလက်ဒေသတွင် နေထိုင်ပြီး စိုက်ပျိုးမွေးမြူရေးလုပ်ငန်းနှင့် အသက်မွေးကြသည့် ပြည်သူများအနေဖြင့် လုပ်ငန်းထိခိုက်ပျက်စီးမှုမှ ဝင်ငွေနည်းပါးလာသည့်အတွက် လတ်ဆတ်သည့် အသားနှင့် အာဟာရပြည့်ဝသည့် အစားအစာများကို ၎င်းတို့ကိုယ်တိုင်စားနိုင်ရန် အခွင့်အရေးနည်းပါးလျက်ရှိပြီး စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များ ထုတ်လုပ်နိုင်မှုပမာဏ လျော့ကျမှုများကိုလည်း တွေ့ရှိရပါကြောင်း။

**အကျိုးသက်ရောက်**

FAO ၏ တင်ပြချက်အရ ကမ္ဘာတွင် ရှေးယခင်က စားနပ်ရိက္ခာအတွက် အပင်မျိုးပေါင်း ၆၀၀၀ ကျော် စိုက်ပျိုးခဲ့ကြသော်လည်း ယခုဆိုလျှင် သီးနှံအပင် ကိုးမျိုးခန့်ကို စုစုပေါင်း သီးနှံအထွက်၏ ၆၆ ရာခိုင်နှုန်းခန့်ထွက်ရှိအောင် ထုတ်လုပ်နေကြပါကြောင်း၊ တိုးတက်များပြားလာသည့် ကမ္ဘာ့လူဦးရေကို ကျွေးမွေးနိုင်ရန်၊ တစ်နည်းအားဖြင့် တစ်ကမ္ဘာလုံး၏ စွမ်းအင်လိုအပ်ချက် ၅၀ ရာခိုင်နှုန်းကျော်ကို ဖြည့်ဆည်းနိုင်ရန် အဓိက သီးနှံ သုံးမျိုးဖြစ်သည့် ဂျုံ၊ ပြောင်းနှင့်ဆန်တို့ကို အထွက်တိုးနည်းလမ်းများနှင့် ထုတ်လုပ်နေကြခြင်းဖြစ်ပါကြောင်း၊ ယင်းနည်းလမ်းများသည် ကျန်းမာမှုနှင့် ပြည့်စုံစေသည့် အစားအစာရရှိစေရန်နှင့် ပတ်ဝန်းကျင်ကို ထိန်းသိမ်းစောင့်ရှောက်ရန်အတွက် အနုတ်လက္ခဏာဆောင်သည့် အကျိုးသက်ရောက်မှုများကို ဖြစ်ပေါ်စေလျက်ရှိကြောင်း FAO အဖွဲ့ကြီးက သုံးသပ်ထားပါကြောင်း။

မြန်မာနိုင်ငံသည် စိုက်ပျိုးရေးအခြေခံနိုင်ငံဖြစ်သည်နှင့်အညီ ပြည်သူများ စားနပ်ရိက္ခာဖူလုံစေရန် သီးနှံအမျိုးပေါင်း ၆၀ ကျော်ကို ရာသီအလိုက် နှစ်စဉ်စိုက်ပျိုးထုတ်လုပ်လျက်ရှိပါကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် ဘေးအန္တရာယ်ကင်းရှင်းပြီး အာဟာရပြည့်ဝသည့် စားနပ်ရိက္ခာများ ဖူလုံစွာထုတ်လုပ်နိုင်ရန် ချမှတ်ပြီးဖြစ်သည့် "စိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှု မဟာဗျူဟာ"နှင့်အညီ ကောင်းမွန်သည့် စီမံအုပ်ချုပ်မှု၊ ကုန်ထုတ်စွမ်းအားတိုးတက်စေမှု၊ ဈေးကွက်ချိတ်ဆက်မှုနှင့် ယှဉ်ပြိုင်နိုင်စွမ်းရှိမှုဆိုသည့် မဟာဗျူဟာ မဏ္ဍိုင်(၃)ရပ်နှင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း။

လက်ရှိအားဖြင့် အဓိကစားသုံးကြသည့် ဆန်နှင့်အခြားသီးနှံထွက်ရှိမှုသည် ပြည်တွင်းစားသုံးမှုအတွက် ဖူလုံလျက်ရှိပြီး ပိုလျှံမှုကို ပြည်ပသို့ တင်ပို့လျက်ရှိပါကြောင်း၊ ပြည်တွင်းစားနပ်ရိက္ခာဖူလုံရေးအတွက် အဓိကသီးနှံစပါး



ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း အမှာစကား ပြောကြားစဉ်။

အပါအဝင် ရာသီသီးနှံများ စိုက်ပျိုးထုတ်လုပ်ရာတွင် ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေး၊ ပေါင်းသတ်ဆေး စသည့် ဓာတုပစ္စည်းများကို သုံးစွဲနည်းနှင့်လိုက်နာရန် လမ်းညွှန်ချက်များကို မလိုက်နာဘဲ အလွန်အကျွံသုံးစွဲခြင်းနှင့် ရိတ်သိမ်းဖြန့်ဖြူးမှု မမှန်ကန်မှုများကြောင့် စားသုံးသူများ ဘေးအန္တရာယ်နှင့် ရောဂါဘယများမဖြစ်စေရန် ရည်မှန်းပြီး ပြဋ္ဌာန်းထားသည့် မြေဩဇာဥပဒေ၊ ပိုးသတ်ဆေးဥပဒေစသည့် ဥပဒေများ၊ နည်းဥပဒေများနှင့်အညီ ထိန်းကြောင်းအရေးယူခြင်း၊ ကိုင်တွယ်သုံးစွဲသည့် တောင်သူလယ်သမားများကို အသိပညာပေးခြင်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်နေရန် လိုအပ်ပါကြောင်း။

**ပညာပေးလုပ်ငန်းများ ဆောင်ရွက်**

တစ်ဖက်တွင်လည်း သီးနှံစိုက်ပျိုးခြင်း၊ တိရစ္ဆာန်နှင့် ငါးမွေးမြူခြင်းလုပ်ငန်းများတွင် အရည်အသွေးကောင်း၊ အထွက်နှုန်းကောင်းသည့်မျိုးများ သုံးစွဲရေးအတွက် စည်းရုံးဆောင်ရွက်ပေးနေသည်ကို တွေ့ရှိပါကြောင်း၊ သီးနှံထွက်ကုန်များနှင့် မွေးမြူရေးထွက်ကုန်များ ဘေးအန္တရာယ်ကင်းရှင်းပြီး အရည်အသွေးပြည့်ဝစေရေး ရည်မှန်းပြီး ချမှတ်ထားသည့် စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ (Good Agricultural Practice– GAP)၊ မွေးမြူရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ (Good Animal Husbadary Practice–GAHP)၊ ရေသတ္တဝါမွေးမြူရေးကျင့်စဉ် (Good Aquaculture Practice–GAqP) များကို လိုက်နာသုံးစွဲကြရန် ပညာပေးလုပ်ငန်းများကိုလည်း ထိရောက်အောင် ဆောင်ရွက်ပေးကြရမည် ဖြစ်ပါကြောင်း။

ထို့ပြင် မြန်မာနိုင်ငံတွင်လည်း ရာသီဥတုပြောင်းလဲမှုနှင့် အကျိုးဆက်အဖြစ် သဘာဝဘေးအန္တရာယ်များကြောင့် နိုင်ငံ၏ သီးနှံ၊ သားငါးထုတ်လုပ်မှုအပေါ် အကျိုးသက်ရောက်မှုကို အချိန်နှင့်တစ်ပြေးညီ ဖြေရှင်းဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

**မှန်ကန်ထိရောက်မှုရှိအောင် ဆောင်ရွက်**

အထူးသဖြင့် မိုးရာသီကာလအတွင်း လယ်ယာမြေများ ရေလွှမ်းခံရပြီး သီးနှံထိခိုက်ပျက်စီးမှုများကို နှစ်စဉ်ကြုံတွေ့ရလျက် ရှိပါကြောင်း၊ တောင်သူလယ်သမား အခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး ဥပဒေနှင့်အညီ စားနပ်ရိက္ခာစိုက်ပျိုးမွေးမြူထုတ်လုပ်သူများဖြစ်သည့် တောင်သူလယ်သမားများ၏ အကျိုးစီးပွား မထိခိုက်စေရေးနှင့် နစ်နာမှုမရှိစေရေးအတွက် ပံ့ပိုးကူညီမှုများ ပေးအပ်ရာတွင် မှန်ကန်ထိရောက်မှုရှိအောင် ဆောင်ရွက်ပေးကြရမည် ဖြစ်ပါကြောင်း။

ယနေ့ ကမ္ဘာကြီး၏ နည်းပညာပြောင်းလဲမှုနှင့်အတူ ယှဉ်တွဲလာသည့် ကမ္ဘာကြီးပူနွေးလာမှုနှင့် ရာသီဥတုဖောက်ပြန်မှုတို့သည် စိုက်ပျိုးရေးလုပ်ငန်းအပေါ်တွင် အဓိက အမှီသဟဲပြုနေကြရသည့် ကျေးလက်ဒေသကို ဆိုးကျိုးသက်ရောက်စေပါကြောင်း၊ ထိုသို့ ဆိုးကျိုးသက်ရောက်မှုကြောင့်လူအများစုမှီတင်းနေထိုင်ရာကျေးလက်ဒေသများတွင် စိုက်ပျိုးသီးနှံများ ပျက်စီးဆုံးရှုံးမှု၊ ထွက်ရှိလာသည့်သီးနှံများ အရည်အသွေး မပြည့်ဝမှုများ၏ အကျိုးဆက်အဖြစ် လူမှုစီးပွားရေးချွတ်ခြုံကျမှု၊ စားနပ်ရိက္ခာမပြည့်စုံမှု၊ ဘေးကင်းလုံခြုံသည့် စားရေရိက္ခာရှားပါးလာမှု၊ ငတ်မွတ်ခေါင်းပါးမှုများနှင့် ရင်ဆိုင်နေကြရပါကြောင်း။

တဖြည်းဖြည်းတိုးတက်လာသည့် လူဦးရေကို ဝလင်စွာကျွေးမွေးနိုင်ရေးအပြင် ကျန်းမာသန်စွမ်းပြီး တောက်ပသည့် အနာဂတ်ကို ပုံဖော်ကြမည့် အနာဂတ်မျိုးဆက်ကို ပြုစုပျိုးထောင်ကြရန်အတွက် ဘေးကင်းပြီးလုံခြုံစိတ်ချရသည့် အစားအစာများ ထုတ်လုပ်နိုင်ရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးရေး၊ ကျေးလက်လူနေမှုဘဝ ဖွံ့ဖြိုးတိုးတက်စေရေး စသည့် အဓိကကျသော လုပ်ငန်းတာဝန်များကို မိမိတို့အနေဖြင့် ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ကြိုးစားဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ ထိုသို့ ဆောင်ရွက်ရာတွင် မျှော်မှန်းထားသည့် ရလဒ်များ ရရှိရန်အတွက် FAO ၏ အကူအညီများနှင့်အတူ မိမိတို့အစိုးရ၏ မှန်ကန်ထိရောက်သည့် မူဝါဒများအပေါ် ဌာနဆိုင်ရာများ၏ ထိရောက်အောင်မြင်သည့် အကောင်အထည်ဖော် ဆောင်ရွက်မှုများနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ ပူးပေါင်းပါဝင်မှုများဖြင့် ဟန်ချက်ညီညီနှင့် ဂရုတစိုက်ဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း။

ငတ်မွတ်ခေါင်းပါးမှုကို ပပျောက်အောင်ဆောင်ရွက်နိုင်မှသာ အာဟာရပြည့်ဝရေး၊ ကျန်းမာကြံ့ခိုင်ရေး၊ ပညာရည်မြင့်မားရေးနှင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး စသည့် ရည်မှန်းချက်များလည်း ပြည့်ဝလာမည် ဖြစ်ပါကြောင်း၊ ရေရှည်တည်တံ့သည့် အနာဂတ်ကိုပိုင်ဆိုင်ရန်အတွက် ရေရှည်တည်တံ့သည့် ဖွံ့ဖြိုးမှုပန်းတိုင် (SDGs) ၂၀၃၀ ကို အကောင်အထည်ဖော်ဆောင်ကြရန်မှာ ကမ္ဘာ့လူသားအားလုံး၏ တာဝန်ဖြစ်ပါကြောင်း၊ ၂၀၃၀ ပြည့်နှစ် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်ပန်းတိုင် အမှတ်စဉ်(၂) ပြည့်မီရေးအတွက် ငတ်မွတ်ခေါင်းပါးမှုကင်းစင်ရေးကို အလေးပေးဆောင်ရွက်ရာတွင် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၏ ကူညီထောက်ပံ့မှုများ၊ ပူးပေါင်းမှုများရှိနေသည်ဆိုသော်လည်း မိမိတို့ကသာ အဓိကအားဖြင့် ကြိုးပမ်းကြရမည်ဖြစ်ပါကြောင်း။

ငတ်မွတ်မှုနှင့် အာဟာရချို့တဲ့မှုကို တိုက်ဖျက်ကြသည့်နေရာတွင် ဆက်စပ်ပတ်သက်နေသည့် လူမှုဘဝလုံခြုံရေး၊ ရေရှည်တည်တံ့သည့် စိုက်ပျိုးမွေးမြူရေး၊ အာဟာရပြည့်ဝရေး၊ ကျန်းမာရေး၊ ပညာရေး စသည့် ကဏ္ဍများတွင် အစိုးရပိုင်းအနေဖြင့် မှန်ကန်သည့် မူဝါဒနှင့် လမ်းညွှန်ချက်များ ချမှတ်နိုင်မှု၊ ထိရောက်မြန်ဆန်သည့် ဆက်သွယ်ရေးစနစ်၊ ဥပဒေနှင့်လုပ်ထုံးလုပ်နည်းများ ဖြေလျှော့ပေးမှု၊ ရင်းနှီးမြှုပ်နှံသူများအတွက် အခွင့်အလမ်းများ ဖန်တီးပေးနိုင်မှု၊ ပြည်သူလူထုတစ်ရပ်လုံး ပူးပေါင်းပါဝင်မှုများသည် အလွန်ပင်အရေးကြီးပါကြောင်း။

မိမိတို့အစိုးရအနေဖြင့် စားနပ်ရိက္ခာဖူလုံရေး၊ ဘေးကင်းလုံခြုံရေးနှင့် အာဟာရပြည့်ဝရေးကဏ္ဍများတွင် FAO ကဲ့သို့ နိုင်ငံတကာအဖွဲ့အစည်းများနှင့် နီးကပ်စွာပူးပေါင်းဆောင်ရွက်လျက်ရှိပြီး ၎င်းနှင့်ဆက်စပ်နေသည့် ကျေးလက်ဒေသဖွံ့ဖြိုးရေး၊ လယ်ယာထုတ်ကုန်မြှင့်တင်ရေး၊ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး စသည့် ကဏ္ဍများတွင် သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊ အခွင့်အလမ်းများ ဖန်တီးပေးခြင်း၊ လိုအပ်သည့် ဥပဒေ၊ နည်းဥပဒေနှင့် လုပ်ထုံးလုပ်နည်းများ ပြင်ဆင်ပြဋ္ဌာန်းပေးခြင်း စသည့်လုပ်ငန်းများကိုလည်း သက်ဆိုင်ရာဝန်ကြီးဌာနများမှတစ်ဆင့် ဆောင်ရွက်ပေးလျက် ရှိပါကြောင်း။

**ပူးပေါင်းကူညီဆောင်ရွက်**

ကမ္ဘာ့စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ (FAO)အနေဖြင့် မြန်မာနိုင်ငံ၏ စားနပ်ရိက္ခာဖူလုံရေးနှင့် ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် စိုက်ပျိုးမွေးမြူရေးကဏ္ဍ၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးကဏ္ဍများတွင် နည်းပညာနှင့် ဘဏ္ဍာရေးဆိုင်ရာ အထောက်အပံ့များ စဉ်ဆက်မပြတ်ပူးပေါင်းကူညီဆောင်ရွက်ပေးခဲ့မှုများအတွက် မြန်မာပြည်သူများနှင့် နိုင်ငံတော်အစိုးရကိုယ်စား ကျေးဇူးအထူးတင်ရှိပါကြောင်းနှင့် မှတ်တမ်းတင်ဂုဏ်ပြုအပ်ပါကြောင်း။

ကမ္ဘာ့လူဦးရေ ကိုးဘီလီယံအတွက် စားနပ်ရိက္ခာများ တိုးတက်ထုတ်လုပ်နိုင်အောင် ကြိုးပမ်းဆောင်ရွက်ကြလျက်ရှိပြီး တစ်ဖက်တွင်လည်း ဘေးကင်းပြီး အာဟာရပြည့်ဝသည့် အစားအစာမျိုးစုံ ပိုမိုစားသုံးလာနိုင်အောင် မိမိတို့အားလုံး ကြိုးပမ်းကြမှသာ "ကျန်းမာမျှတအာဟာရပြည့်စုံနိုင်ရေး ရည်မျှော်တွေး၊ ယနေ့မှစ၍ ကြိုးစားပေး" ဆိုသည့် ယခုနှစ် ဆောင်ပုဒ်နှင့်ညီညွတ်ပြီး စည်ပင်သာယာဝပြောသည့် ကမ္ဘာကြီးအဖြစ် ရပ်တည်နိုင်မည်ဖြစ်သည့်အတွက် အစိုးရ၊ ပုဂ္ဂလိကနှင့် ပြည်သူအားလုံးက ကိုယ်စီတာဝန်ကို လက်တွဲညီညီ ထမ်းဆောင်ကြပါရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

ဆက်လက်၍ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းက ၂၀၁၉ ခုနှစ် ကမ္ဘာ့စားနပ်ရိက္ခာနေ့ အထိမ်းအမှတ်အခမ်းအနားနှင့်ပတ်သက်၍ အမှာစကား ပြောကြားပြီး ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့(FAO) ၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ် Ms. Xaiojie Fan က ကမ္ဘာ့ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ်၏ သဝဏ်လွှာကို ဖတ်ကြားသည်။

ယင်းနောက် ၂၀၁၉ ခုနှစ် ကမ္ဘာ့စားနပ်ရိက္ခာနေ့ အထိမ်းအမှတ် Video ကို ပြသသည်။

ထို့နောက် ဒုတိယသမ္မတသည် အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ပြီး ၂၀၁၉ ခုနှစ် ကမ္ဘာ့စားနပ်ရိက္ခာနေ့ အထိမ်းအမှတ်ပြခန်းများကို လှည့်လည်ကြည့်ရှုသည်။ **သတင်းစဉ်**

# အသည်းကျန်းမာရေးအတွက် အစားအာဟာရနှင့် နေထိုင်မှုအလေ့အထ

ဒေါက်တာဝင်းအောင်(သုတေသီ)
မြန်မာအသည်းဖောင်ဒေးရှင်း

လူသားတိုင်း၏ ခန္ဓာကိုယ်ကျန်းမာရေးနှင့် အသက်ရှည်ရေးအတွက် အသည်းသည် အဓိကအရေးပါသည့် အခန်းကဏ္ဍမှပါဝင်သော ကိုယ်တွင်းအင်္ဂါတစ်ခု ဖြစ်ပါသည်။ အသည်းသည် ခန္ဓာကိုယ်၏ ဝမ်းဗိုက်အတွင်း လက်ယာဘက်အပေါ်ပိုင်းတွင် တည်ရှိပါသည်။ ခန္ဓာကိုယ်၏ အတွင်းအင်္ဂါကလီစာများအနက် အကြီးဆုံးဖြစ်ပြီး အလေးချိန်အားဖြင့် ၁ ဒသမ ၄ ကီလိုဂရမ်ခန့် ရှိပါသည်။ ခန္ဓာကိုယ်ကျန်းမာသန်စွမ်းရေးနှင့် အသက်ရှင်နေနိုင်ရေးအတွက် အသည်းသည် လုပ်ငန်းပေါင်း ၅၀၀ ခန့်ကို နေ့စဉ်နာရီမပြတ် လုပ်ဆောင်ပေးလျက် ရှိပါသည်။

**အသည်း၏ အဓိကလုပ်ငန်းဆောင်ရွက်ချက်များ**

အသည်းသည် ခန္ဓာကိုယ်တွင်းအစာခြေအင်ဇိုင်းများ၊ ပရိုတင်းဓာတ်၊ အဆီဓာတ်၊ ဟော်မုန်းဓာတ်၊ သွေးခဲစေသောအရာများ၊ ပဋိပစ္စည်းများနှင့် ဗီတာမင်ဓာတ်များ ထုတ်လုပ်ခြင်း၊ ခန္ဓာကိုယ်အတွင်းကစီသကြားဓာတ်၊ အဆီဓာတ်၊ အမိုင်နိုအက်စစ်များ၊ တချို့သောသတ္တုဓာတ်နှင့် ဗီတာမင်များ သိမ်းဆည်းသိုလှောင်ခြင်း၊ ခန္ဓာကိုယ်အတွက် ဆိုးကျိုးအန္တရာယ်ပေးနိုင်သော အရက်၊ ဆေးဝါး၊ ဓာတုဗေဒပစ္စည်းများ၊ ဆိုးဆေး ၊ နီကိုတင်း၊ ကဖင်းဓာတ်နှင့် အဆိပ်အတောက်များကို ခန္ဓာကိုယ်အတွင်းမှ ဖယ်ရှားပေးခြင်းနှင့် အိုမင်းရက်လွန် သွေးဆဲလ်များ၊ ခန္ဓာကိုယ်တွင်းဇီဝဖြစ်စဉ်မှ ထွက်လာသောမလိုအပ်သည့်ဘေးထွက်ပစ္စည်းများကိုဖျက်ဆီး/ စွန့်ပစ်ခြင်းတို့ကို ဆောင်ရွက်ပေးပါသည်။ အထက်ပါကဲ့သို့ ခန္ဓာကိုယ်အတွက် လိုအပ်သည်များကို ထုတ်လုပ်/သိုလှောင်ပေးပြီး မလိုအပ်သည်များကို ပြင်ပသို့စစ်ထုတ်ဖယ်ရှား/စွန့်ထုတ်ပေးနေသော အသည်းအား ခန္ဓာကိုယ်တွင်းစက်ရုံကြီးအဖြစ် တင်စားခေါ်ဝေါ်လေ့ရှိပါသည်။ ခန္ဓာကိုယ်အတွက် စက်ရုံကြီးပမာ နာရီမပြတ်နေ့စဉ်ဆောင်ရွက်နေရသော အသည်း၏လုပ်ငန်းတာဝန်များမှာ များပြားကြီးမားလှသဖြင့် အသည်းရေရှည်ကျန်းမာကောင်းမွန်စေရန်နှင့် စွမ်းအားပြည့် အလုပ်လုပ်နိုင်စေရန်အတွက် အထူးလိုအပ်ပါသည်။

**အသည်းကိုပျက်စီးစေသောအဓိကအကြောင်းရင်းများ**

အရက်၊ ဆေးလိပ်၊ ဆေးရွက်ကြီး၊ ကွမ်း၊ တချို့သော ဆေးဝါးများနှင့် အစားအစာများ၊ အာဟာရချို့တဲ့ခြင်း၊ အသည်းတွင်အဆီများစုပုံခြင်း၊ အသည်းရောင်အသားဝါရောဂါ ဗိုင်းရပ်စ်ပိုးများနှင့် အသည်းကင်ဆာတို့ကြောင့်အသည်းကိုပျက်စီးစေပါသည်။ အသည်းရောင်ပြီး အသည်းပျက်စီးလျှင် အသည်းမှလုပ်ဆောင်နေသည့် လုပ်ငန်းတာဝန်များကို ထိခိုက်စေနိုင်ပါသည်။ ထို့ကြောင့် အသည်းသည် အမြဲတမ်းကျန်းမာပြီး ယင်း၏လုပ်ငန်းတာဝန်များကို အချိန်ပြည့်၊ စွမ်းအားပြည့် လုပ်ဆောင်နိုင်ရန် လိုအပ်ပါသည်။ အသည်းကိုဒဏ်ပိခြင်းမဖြစ်စေရန်၊ ခန္ဓာကိုယ်အား အန္တရာယ် ဒုက္ခပေးနိုင်သောအရာများ ဝင်ရောက်ခြင်းကို တားဆီး/ဖယ်ရှားပေးရန်၊ အသည်းကို ကျန်းမာအောင် သန့်စင် /ထိန်းသိမ်းစောင့်ရှောက်ပေးရန်နှင့် လိုအပ်လျှင် ပြုပြင်ပေးရန် လိုအပ်ပါသည်။ အထက်ပါလိုအပ်ချက်များကို ဖြည့်ဆည်းပေးရန်အတွက် လူတိုင်းသည် အောက်တွင်ဖော်ပြမည့် အစားအာဟာရစားသောက်မှုပုံစံနှင့် နေထိုင်မှုအလေ့အထပုံစံတို့ကို လိုက်နာဆောင်ရွက်ခြင်းဖြင့် အသည်းကျန်းမာရေးကိုအထောက်အကူပြုနိုင်ပါသည်။

**၁ ။ အသည်းကျန်းမာကောင်းမွန်စေသည့် အစားအာဟာရ(Diet) များ**

အသည်းကျန်းမာရေးအတွက် ကျန်းမာရေးနှင့် ညီညွတ်သော ၊ မှန်ကန်၍ မျှတသောအစားအာဟာရ (Right and Balanced Diet)များဖြစ်သည့် ကစီဓာတ်၊ အသားဓာတ်၊ အဆီဓာတ်၊ ဗီတာမင်နှင့် သတ္တုဓာတ်တို့ကို မျှတစွာစားသုံးရပါမည်။ မိမိစားသုံးမည့် အစားအစာများသည် အသည်း၏ ကျန်းမာရေးနှင့်ပုံမှန်လုပ်ငန်းများ ကောင်းမွန်ရေးအတွက် ဆောင်ရွက်ပေးလျက်ရှိသော အသည်းဆဲလ်များ၏ လိုအပ်သောအစားအာဟာရများကို ထောက်ပံ့ပေးရန်၊ ခန္ဓာကိုယ်အတွင်းရှိ အဆိပ်အတောက်များကိုဖယ်ရှားပေးသော အသည်း၏အဓိကလုပ်ငန်းကို ကူညီပံ့ပိုးပေးရန် ၊ အသည်းဆဲလ်များပျက်စီးမှုကိုကာကွယ်ပေးရန်နှင့် ပျက်စီးသွားသည့်ဆဲလ်များကိုပြန်လည် တည်ဆောက်ပေးနိုင်ရန်လိုအပ်ပါသည်။ ထို့ကြောင့် အသည်းအမြဲတမ်းရေရှည်ကျန်းမာရေး၊ သန့်စင်ရေးနှင့် သန်စွမ်းရေးတို့အတွက် အစားအာဟာရစားသုံးခြင်းကို အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ကြရန် လိုအပ်ပါမည်။

**(က) အသည်းအတွက် အထူးကောင်းမွန် သင့်လျော်သော/ စားသုံးသင့်သည့်အစားအစာများ**

အထူးသဖြင့် ကော်ဖီ ၊ သကြားမပါသောကော်ဖီကြမ်း၊ လက်ဖက်ရည်ကြမ်း၊ နို့နှင့် မလိုင်မပါသော နို့ထွက်ပစ္စည်းများ ၊ ပန်းသီးဖျော်ရည်၊ မုန်လာဥဖျော်ရည် ၊ လတ်ဆတ်သော သစ်သီးဝလံ၊ သံပရာသီး၊ သံပရို (လီမွန်)သီး၊ ရှောက်သီး၊







ရှောက်ချိုသီး ၊ ကျွဲကောသီး၊ ဘာလီ၊ လိမ္မော်သီး၊ ကီဝီသီး၊ သစ်တော်သီး၊ စပျစ်သီး၊ ပန်းသီး၊ ထောပတ်သီး၊ ဘလူးဘယ်ရီနှင့် ကရင်းဘယ်ရီသီးများ၊ သင်္ဘောသီး၊ ဖရဲသီး၊လတ်ဆတ်သော ဟင်းသီးဟင်းရွက်၊ ပဲအမျိုးမျိုး၊ ပဲပုပ်၊ တို့ဟူး၊ စိမ်းစားဥ၊ နိုကိုဥ၊ မုန်လာဥ၊ မုန်လာထုပ် ၊ ဂေါ်ဖီထုပ်၊ ဂေါ်ဖီပန်း၊ မုန်ညင်း၊ မန်ကျည်းရွက်၊ ဆလတ်ရွက်၊ နံနံပင်၊ ပန်းမုန်လာစိမ်း၊ အပင်ပေါက်ငယ်များ၊ အသွေးအရောင်စုံသောအသီးအရွက်များ ၊ အမျှင်များသောအစားအစာများ၊ ပိုတက်ဆီယမ်ဓာတ်ကြွယ်ဝသော ငှက်ပျောသီး ၊ ဗီတာမင်ဘီ၊ စီ၊ ဒီဓာတ်များပါဝင်သော ကန်စွန်းဥ၊ ကိုယ်ခံအားစနစ်ကိုကောင်းမွန်စေသည့် အစေ့အဆန်အတွင်းတွင်ပါသော အခွံမာသစ်သီး၊ သစ်ကြားသီး၊ ဗာဒံသီး၊ မက်မွန်သီးနှင့် ဆီးသီးတို့ကိုများများစားသုံးပါ။ ဆန်၊ ဂျုံ၊ ပြောင်း၊ ပေါင်မုန့်၊ ဆန်လုံးညို၊ ကွေကာအုတ်၊ Omega 3 Fatty Acids ပါဝင်သော ငါးအမျိုးမျိုး၊ ပင်လယ်ငါး၊ ငါးသေတ္တာငါး ၊ ဆယ်လ်မွန်၊ ဆာဒင်း၊ တူနာ၊ အဆီမပါသော/အပင်မှရသော အသားဓာတ် ၊ ပဲအမျိုးမျိုး၊ ကြက်ဥအကာ၊ သံလွင်ဆီ၊ နေကြာဆီ၊ ငါးကြီးဆီ ၊ လတ်ဆတ်သောအော်ဂဲနစ် အစားအစာများ၊ ကြက်သွန်ဖြူ၊ ဒိန်ချဉ်၊ ချင်း(ဂျင်း)၊ နနွင်းနှင့် ဟင်းခတ်အမွှေးအကြိုင်များကို အထူးပိုမို စားသုံးသင့်ပါသည်။

**(ခ)အသင့်အတင့်သာစားသင့်သောအစားအစာများ**

ချိုလွန်းသော /သကြားဓာတ်များလွန်းသောအသီးများ လျှော့စားပါ။ ၊ ဂျုံမုန့်၊ ဆိုဒါ၊ မုန့်နှစ်၊ မုန့်ဖုတ်ဆိုဒါပါသော ပေါင်မုန့်၊ ကိတ်မုန့်၊ ဘီစကွတ်၊ ကွတ်ကီး၊ အဆီများသော နို့ထွက်ပစ္စည်းများ၊ ကြက်ဥအနှစ်၊ အနီရောင်ရှိသော အသားများ (အထူးသဖြင့် အမဲသား)၊ အသား၊ ငါး (ရှောင်ရန်မလိုသော်လည်း ) လျှော့စားပါ၊ အသားဓာတ်အစားများပါက ခန္ဓာကိုယ်အား အဆိပ်အတောက် ပိုမိုဖြစ်စေပါသည်။

**(ဂ) ရှောင်ရန် အစားအစာများ**

ယေဘုယျအားဖြင့် အချို၊ အဆီနှင့် အငန်ဓာတ်များ လွန်ကဲစွာပါသော အစာများရှောင်ပါ။ အချိုလွန်ကဲသော အသီး၊ အချိုရည် ၊ အချို / ဆိုဒါ ပါဝင်မှုများသောကွတ်ကီး၊ သကြားလုံး၊ ကိတ်၊ သကြား၊ ဆေးသကြား၊ သကြား အစားထိုးအမှုန့်များ၊ ဂျုံနှင့်ဂျုံမှရရှိသောအသားဓာတ်၊ ပေါင်မုန့်ဖြူ၊ စေးသောဆန်၊ ခေါက်ဆွဲခြောက်၊ စည်သွတ်ဘူး၊ ဂျုံဖြင့်ပြုလုပ်သောအစားအစာ(ရွှေချီ)၊ အဆီဓာတ်လွန်ကဲသောအစားအစာများ၊ ပြည့်ဝဆီများ (ထောပတ်၊ ခရင်မ်၊ မလိုင်)၊ ပြည့်ဝဆီဖြင့် ကြော်ထားသော/အဆီအနှစ်နှင့် ကယ်လိုရီများသော ဆီကြော်အစားအစာ/ဆီကြော် မုန့်များ၊ အဆီများသောအသား၊ ဝက်အဆီ၊ အမဲအဆီ၊ ကြက်ဥ/ဘဲဥအနှစ်၊ အသား/ ငါး/ ကြက်အရေခွံ၊ ပြုပြင်ပြင်ဆင်ထားသော အစားအစာ၊ ကြာရှည်ခံအောင် လုပ်ထားသော အစားအစာ၊ အသင့်စားအစားအစာ၊ အသင့်ပြင်ဆင်ထားပြီးသောအစားအစာ၊ ဖြည့်စွက်စာများ၊ သရေစာ ၊ မှိုတက် / မှိုပါနေသောအစားအစာ( မြေပဲ၊ နှမ်း၊ ငရုတ်သီးခြောက်၊ ကွမ်းသီး)၊ ဆိုးဆေးပါသောအစားအသောက်၊ ဓာတုပစ္စည်းများပါဝင်သော / အော်ဂဲနစ်မဟုတ်သောအစားအစာများ၊ မသန့်ရှင်းသော /ပိုးများပါဝင်နိုင်သော အသားစိမ်း၊ ငါးစိမ်း၊ ကျက်အောင်/ ဆူအောင် ချက်ပြုတ်မထားသော အသား/ ငါး / ပင်လယ်စာ၊ သံဓာတ်ကြွယ်ဝသော အစားအစာများ (အသည်းအမြစ်၊ ကလီစာ)၊ အငန်ဓာတ် လွန်ကဲသော အစာများ(ငါးပိ၊ ငါးခြောက်၊ ငံပြာရည်၊ ပုစွန်ခြောက်) နှင့် အချဉ်ဓာတ်လွန်ကဲသောအသီးများစားသုံးခြင်း လုံးဝမပြုပါနှင့် ၊ အချို့သောဆေးများ၊ အကိုက်အခဲပျောက်ဆေးများ၊ သံဓာတ်ပါသောအားဆေးများ၊ ဗီတာမင်စီ (အားပြင်း) ဆေးများ၊ ဗီတာမင်အေအလွန်အကျွံသုံးစွဲခြင်း၊ တရားမဝင်ဆေးဝါးများ/ စပ်ဆေး၊ အချို့သောသစ်ဥသစ်ဖု ၊ အပင်နှင့်ပရဆေးများသုံးစွဲခြင်း လုံးဝမပြုရ/မသောက်ရ။ အရက်၊ ဘီယာ၊ စွမ်းအားဖြည့် အချိုရည် ၊ Gas ပါသောအချိုရည်၊ စီးကရက်၊ ဆေးလိပ်၊ကွမ်းယာ၊ မူးယစ်ဆေးဝါး/ ဆေးခြောက်တို့ကိုလည်း လုံးဝရှောင်ကြဉ်ရပါမည်။

**၂ ။ ကောင်းမွန်မှန်ကန်သောနေထိုင်မှုအလေ့အထပုံစံ ( Life-style )ပြုကျင့်ခြင်း**

ကျန်းမာရေးနှင့် ညီညွတ်စွာသတ်မှတ်ထားသော ခန္ဓာကိုယ်အလေးချိန်ကို ထိန်းသိမ်းပါ။ ဝလွန်း/ ပိန်လွန်းလျှင်လည်းအသည်းကိုအလုပ်ပိုလုပ်စေရပါသည်။ အထူးသဖြင့် အဝမလွန်ပါစေနှင့်။ အာဟာရချို့တဲ့မှုလည်းမဖြစ်ပါစေနှင့်။ သင့်တင့်မျှတသည့်ကျန်းမာရေးနှင့် ညီညွတ်သောအစားအစာကိုသာ စားသုံးပါ။ ရေများများသောက်ပါ (မိမိသောက်လိုသည့်/သောက်နိုင်သည့်ပမာဏထက်ပိုသောက်ပါ။ တစ်ရက်လျှင်အနည်းဆုံး နှစ်လီတာမှ သုံးလီတာခန့်) ၊ အစာကို တစ်ကြိမ်တည်းများများမစားပါနှင့်။ နည်းနည်းဖြင့် ခဏခဏစားပါ၊ အချိန်မှန်မှန်စားပါ၊ အသည်းကိုထိခိုက်စေနိုင်သော အစာ/ ဆေးဝါးများမစား/မသုံးစွဲပါနှင့်။ ဝမ်းမချုပ်ပါစေနှင့်။ အရက် (ဘီယာ၊ ဝိုင် အပါအဝင်)လုံးဝမသောက်ပါနှင့် (လိုအပ်၍ မဖြစ်မနေသောက်ရလျှင် အလွန်အကျွံမသောက်ပါနှင့်)။ ဆေးလိပ် ၊ စီးကရက်မသောက်ပါနှင့်။ ကွမ်းစားသုံးခြင်းကို လုံးဝရှောင်ကြဉ်ပါ၊ မူးယစ်ဆေးမသုံးစွဲပါနှင့်။ တစ်ရက်လျှင် ဆက်တိုက် ရှစ်နာရီမှ ၁၀နာရီ နှစ်နှစ်ခြိုက်ခြိုက်အိပ်ရေးဝအောင် အိပ်ပါ။ ချွေးထွက်အောင် လေ့ကျင့်ခန်းလုပ်ပါ။ လမ်းမှန်မှန်လျှောက်ပါ (တစ်ရက်လျှင် နာရီဝက်၊ တစ်ပတ်ခြောက်ရက်(သို့မဟုတ်) တစ်ရက်လျှင် မိနစ်၂၀၊ တစ်ပတ်ခုနစ်ရက်)။ အချိန်ပေး၍ မှန်မှန်တရားထိုင်ပါ။ ခန္ဓာကိုယ်အရေပြားနှင့် နေရောင်ခြည် ထိတွေ့စေရန် နေပူစာလှုံပါ၊ အသည်းကိုအဆိပ်အတောက်ဖြစ်စေနိုင်သော အငွေ့အသက် (ဆေးလိပ်မီးခိုး၊ ပိုးသတ်ဆေးအနံ့၊ တချို့သောရှူဆေး) များရှူရှိုက်မှုနှင့် ဆိုးဆေးရည်၊ သန့်ရှင်းရေးသုံးဓာတုအရည်များနှင့် ထိတွေ့မှုမရှိပါစေနှင့်။ ဆေးဝါးများ (အထူးသဖြင့် စတီး ရွိုက်) ကို ဆရာဝန်ညွှန်ကြားချက်၊ သတ်မှတ်ချက် အတိုင်းသာတိကျစွာသောက်ပါ၊ ပိုမသောက်ရ၊ မှားမသောက်ရ ၊ ကြာရှည်စွဲမသောက်ရ၊ ပရဆေး/စပ်ဆေး/ တရားမဝင် ဆေးများမသောက်ရ၊ မလိုအပ်ဘဲ ဆေးမထိုးပါနှင့်။ လိုအပ်၍ထိုးလျှင် တစ်ခါသုံးဆေးထိုးအပ်ကိုသာသုံးပါ။ မလိုအပ်ဘဲ သွေးသွင်းခြင်းနှင့် ရောဂါပိုးစစ်ဆေးထားခြင်း မရှိသောသွေးသွင်းခြင်းတို့ကို မပြုလုပ်ရ။ သွေးနှင့်သွေးပစ္စည်းကိုင်တွယ်အသုံးပြုလျှင် ပို၍သတိရှိပါစေ၊ သွေးပေကျံနေသောဓား၊ ဆေးထိုးအပ်တို့ကိုသတိနှင့် ကိုင်တွယ်ပါရန်နှင့် စနစ်တကျသိမ်းဆည်းစွန့်ပစ်ရန်၊ မိမိအတွက် အသုံးအဆောင်ပစ္စည်း( သွားပွတ်တံ၊ မုတ်ဆိတ်ရိတ်ဓား၊ လက်သည်းညှပ်၊ ဘီးများ) သီးသန့်ထားရှိသုံးစွဲပါ၊ တစ်ပါးသူနှင့် မျှဝေမသုံးစွဲပါနှင့်၊ ပန်းကန်၊ ဇွန်းနှင့် ရေခွက်များ အတူမျှဝေသုံးစွဲခြင်းကိုလည်းရှောင်ကြဉ်ပါ။ လိင်ဆက်ဆံဖော် မများပါနှင့်၊ လိုအပ်ပါကအကာအကွယ်ဖြင့် လိင်ဆက်ဆံပါ။ လက်ကိုဆပ်ပြာနှင့်ရေတို့ဖြင့် မကြာခဏ ဆေးကြောသန့်စင်မှု ပြုပါ ၊ တစ်ကိုယ်ရေသန့်ရှင်းရေးနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး ဂရုပြုပါ၊ အသည်းရောင် အသားဝါအေနှင့်ဘီရောဂါကာကွယ်ဆေးများထိုးနှံမှု ခံယူထားပါ။

**အကြံပြုတင်ပြချက်**

အထက်ဖော်ပြပါ အစားအာဟာရနှင့် နေထိုင်မှုအလေ့အထများကို လိုက်နာဆောင်ရွက်ခြင်းဖြင့် အသည်းကျန်းမာရေးကို လုံးဝအထောက်အကူပြုနိုင်ပါသည်။ အသည်းကိုပိုမိုကျန်းမာစေနိုင်ပါသည်။ ရောဂါများကို ကာကွယ်ပေးနိုင်ပါသည်။ အဆိပ်အတောက်များကို ဖယ်ရှားပေးနိုင်ပါသည်။ အထူးသဖြင့် မြန်မာနိုင်ငံတွင် ဖြစ်ပွားမှုနှုန်းများသော ဘီပိုးနှင့် စီပိုးကူးစက်ခံနေကြရသော လူများသည် တင်ပြပါအချက်အလက် ၊ လမ်းညွှန်ချက်များကို တစ်သဝေမတိမ်းလိုက်နာဆောင်ရွက် သင့်ပါသည်။ သို့မှသာလျှင် ဘီပိုး၊ စီပိုးကူးစက်ခံရခြင်းကြောင့် နောက်ဆက်တွဲဆက်လက်ဖြစ်ပွားနိုင်သောရောဂါများ ဖြစ်သည့် နာတာရှည် အသည်းရောင်ခြင်း၊ အသည်းကျုံ့ခြင်း၊ အသည်းခြောက်ခြင်းနှင့် အသည်းကင်ဆာရောဂါ ဖြစ်ခြင်းတို့မှ ကာကွယ်ရှောင်ရှားနိုင်မည် ဖြစ်ပါသည်။ ထို့ကြောင့် လူတိုင်းသည် အသည်းကျန်းမာရေးအတွက် အထက်ဖော်ပြပါမှန်ကန်သောအစားအာဟာရစားသောက်ခြင်းနှင့် ကောင်းမွန်သောနေထိုင်မှုအလေ့အထ ပြုကျင့်ခြင်းတို့ကိုလိုက်နာဆောင်ရွက်ကြရန် လိုအပ်ပါမည်။ ထို့အပြင် အသည်းအမြဲတမ်းကျန်းမာကောင်းမွန်ရေးအတွက် ပုံမှန်ကျန်းမာရေးစစ်ဆေးမှုခံယူခြင်းနှင့် ရောဂါဖြစ်လာလျှင် ဆောလျင်ထိရောက်စွာ၊ မှန်ကန်တိကျစွာကုသမှုခံယူခြင်းတို့ကိုလည်းလိုက်နာဆောင်ရွက်သင့်ပါသည်။ သို့မှသာလျှင် မိမိ၏အသည်းသည် ကောင်းမွန်ကျန်းမာ၍ မိမိသည်လည်း မိသားစုနှင့်အတူသက်ရှည်ကျန်းမာ ပျော်ရွှင်စွာဖြင့် မိသားစုအကျိုး၊ နိုင်ငံအကျိုးတို့ကို ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်မည်ဖြစ်ပါကြောင်း အကြံပြုတင်ပြလိုက်ရပါသည်။ ။

မြန်မာနိုင်ငံတွင် ဖြစ်ပွားမှုနှုန်းများသော ဘီပိုးနှင့် စီပိုး ကူးစက်ခံနေကြရသောလူများသည် တင်ပြပါအချက် အလက်၊ လမ်းညွှန်ချက်များကို တစ်သဝေမတိမ်းလိုက်နာ ဆောင်ရွက်သင့်ပါသည်။ သို့မှသာလျှင် ဘီပိုး၊ စီပိုး ကူးစက် ခံရခြင်းကြောင့် နောက်ဆက်တွဲဆက်လက်ဖြစ်ပွား နိုင်သောရောဂါများဖြစ်သည့် နာတာရှည် အသည်းရောင် ခြင်း၊ အသည်းကျုံ့ခြင်း၊ အသည်းခြောက်ခြင်းနှင့် အသည်း ကင်ဆာရောဂါဖြစ်ခြင်းတို့မှ ကာကွယ်ရှောင်ရှားနိုင်မည်ဖြစ်

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးအား လက်ခံတွေ့ဆုံ

**နေပြည်တော် အောက်တိုဘာ ၁၆**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Colonel General Alexander V. Fomin ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယမန်နေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။



**အမြင်ချင်းဖလှယ် ဆွေးနွေး**

တွေ့ဆုံစဉ် နှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြား ဆက်ဆံရေးနှင့် ချစ်ကြည်ရင်းနှီးမှုများ တိုးမြှင့်ဆောင်ရွက်နိုင်မည့် အခြေအနေ၊ ရုရှားနိုင်ငံတွင် နှစ်စဉ်ကျင်းပပြုလုပ်သည့် International Army Games ပြိုင်ပွဲများကျင်းပမှု၊ မြန်မာ့တပ်မတော်မှ ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့် အခြေအနေနှင့် ဆက်လက်ပါဝင်ယှဉ်ပြိုင်သွားမည့်အခြေအနေ၊ စီးပွားရေးနှင့် အခြားကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်နိုင်မည့် အခြေအနေ၊ လေ့ကျင့်ရေးဆိုင်ရာများတွင် ပူးပေါင်းဆောင်ရွက်မှုများတိုးမြှင့်ရေးနှင့် ချစ်ကြည်ရေးခရီးစဉ် အပြန်အလှန် လည်ပတ်ရေးဆိုင်ရာ ကိစ္စရပ်များအား ခင်မင်ရင်းနှီးစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

သတင်းစဉ်

# မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီအား GovInsider Innovation Award နှင့် UNESCAP အဖွဲ့အစည်းများမှ ပူးပေါင်း၍ Rising Star Award ဆု ချီးမြှင့်

**မန္တလေး အောက်တိုဘာ ၁၆**

မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီအား နိုင်ငံတကာအဖွဲ့အစည်းများဖြစ်ကြသည့် GovInsider Innovation Award အဖွဲ့အစည်းနှင့် United Nation Economic & Social Commission for Asia Pacific (UNESCAP) အဖွဲ့အစည်းတို့ပူးပေါင်း၍ Rising Star Award ဆုကို အောက်တိုဘာ ၁၆ ရက်တွင် ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။



အဆိုပါဆုကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၏ မြို့တော်ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် တိုးတက်မှုများရှိလာပြီး အနာဂတ်တွင် ပိုမိုကောင်းမွန်လာနိုင်ကြောင်း နိုင်ငံတကာ ကျွမ်းကျင်ပညာရှင်များ၏ စောင့်ကြည့်လေ့လာ အကဲဖြတ်သုံးသပ်ချက်များအပေါ် မူတည်၍ ထိုင်းနိုင်ငံ ဗန်ကောက်မြို့တွင် အောက်တိုဘာ ၁၆ ရက် ညနေ ၄ နာရီက ကျင်းပခဲ့သည့် အစည်းအဝေး၌ ပေးအပ်ချီးမြှင့်ခဲ့ခြင်းဖြစ်ကြောင်း မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီဝင် ဦးကျော်ဆန်းမြင့်က ပြောသည်။

"ဒီဆုချီးမြှင့်ပေးအပ်ပွဲကို တက်ရောက်ဖို့ မြို့တော်ဝန်ကြီးကို ဖိတ်ကြားပေမယ့် အလုပ်တာဝန်တွေများပြားလို့ မတက်ရောက်နိုင်တဲ့အတွက် ဆုချီးမြှင့်ပွဲ အခမ်းအနားမှာ ကျေးဇူးတင်စကားကို ဗီဒီယိုဖိုင်ကနေ တိုက်ရိုက်ပြောကြားခဲ့ပါတယ်။ ဒီဆုက မြို့တော်ဖွံ့ဖြိုးတိုးတက်အောင် အီလက်ထရွန်နစ် နည်းပညာတွေနဲ့ ဆန်းသစ်တီထွင်ပြီး ဆောင်ရွက်မှုတွေအပေါ်မှာ အသိအမှတ်ပြုပြီး အဓိကရွေးချယ်ပေးအပ်ခဲ့တယ်လို့ သိရပါတယ်။ မန္တလေးမြို့တော်စည်ပင်အနေနဲ့ လက်ရှိမှာ နိုင်ငံတကာက ချီးမြှင့်တဲ့ဆုတွေ အထိုက်အလျောက်ရရှိနေပါတယ်။ ဒီလိုချီးမြှင့်ခံရတာကလည်း မြို့တော်ဖွံ့ဖြိုးတိုးတက်ဖို့အတွက် စည်ပင်က ဝန်ထမ်းတွေရဲ့ ကြိုးစားအားထုတ်မှုနဲ့အတူ ဒေသခံပြည်သူတွေရဲ့ ပူးပေါင်းပါဝင်မှုလည်း ပါဝင်ပါတယ်။ ဒီလိုကြိုးစားမှုကြောင့် အသိအမှတ်ပြုခံရတာဖြစ်သလို တစ်ဖက်မှာလည်း အသိအမှတ်ပြုခံရတာနဲ့အမျှ တာဝန်ပိုကြီးပါတယ်။ အသိအမှတ်ပြုတာနဲ့ ထိုက်တန်အောင် ပိုပြီးကြိုးစားရမယ်လို့ ကျွန်တော်တို့အားလုံး ခံယူထားပါတယ်" ဟု ၎င်းက ပြောသည်။

မန္တလေးမြို့တော် စည်ပင်သာယာရေး ကော်မတီအား နိုင်ငံတကာမှ အသိအမှတ်ပြု ပေးအပ်ချီးမြှင့်သည့် ဆုများအနေဖြင့် ၂၀၁၈ ခုနှစ်အတွက် Smart City မြို့တော်အဖြစ် အရှေ့တောင်အာရှ ၁၀ နိုင်ငံတွင် အလားအလာ အကောင်းဆုံးအဆင့် ငါးခုမြောက်မြို့တော်အဖြစ် အသိအမှတ်ပြုဆုချီးမြှင့်ခြင်းခံရပြီး ၂၀၁၉ ခုနှစ် အတွင်း၌လည်း ၎င်းဆုအမျိုးအစားကို ထပ်မံချီးမြှင့်ခြင်းခံရသည့်အပြင် နိုင်ငံတကာအဆင့်မီ အများသုံးသန့်စင်ခန်းများ တည်ဆောက်မှုအတွက် ASEAN Public Toilet Awards ဆုကိုလည်းကောင်း၊ ဂျပန်နိုင်ငံ တိုကျိုအခြေစိုက် Asian-Oceanian Computing Industry Organization (ASOCIO) မှ ASOCIO Smart City Awards ဆုကို လည်းကောင်း၊ အမေရိကန်အခြေစိုက် ပြည်သူ့ဂုဏ်ရည်အသင်းမှလည်း ၁၀ ကြိမ်မြောက်အဖြစ် ပြည်သူ့ဂုဏ်ရည်ဆုကိုလည်းကောင်း မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီအား အသိအမှတ်ပြု ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**



# နိုဝင်ဘာလအတွင်း မော်တော်ဆိုင်ကယ်နှင့် ယာဉ်မောင်းလိုင်စင်များ သက်တမ်းတိုးခြင်းလုပ်ငန်းများဆောင်ရွက်ပေးမည်

**နေပြည်တော် အောက်တိုဘာ ၁၆**

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ ၂၀၁၉ ခုနှစ် နိုဝင်ဘာလအတွင်း အောက်ဖော်ပြပါ မြို့နယ်များသို့ နယ်လှည့်၍ မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်နှင့် ယာဉ်မောင်းလိုင်စင်များ သက်တမ်းတိုးခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးမည် ဖြစ်၍ ကြိုတင်သိရှိဆောင်ရွက်နိုင်ပါရန် အသိပေး နှိုးဆော်အပ်ပါသည်-

| စဉ် | တိုင်းဒေသကြီး/ပြည်နယ် | မြို့နယ် |
|---|---|---|
| ၁။ | ကချင်ပြည်နယ် | တနိုင်း၊ ဖားကန့် |
| ၂။ | ကယားပြည်နယ် | ဒီမော့ဆို၊ ဖရူဆို |
| ၃။ | ကရင်ပြည်နယ် | ဘုရားသုံးဆူ |
| ၄။ | ချင်းပြည်နယ် | ဖလမ်း၊ တီးတိန် |
| ၅။ | စစ်ကိုင်းတိုင်းဒေသကြီး | အရာတော်၊ ကျွန်းလှ၊ ဝန်းသို၊ ကောလင်း၊ ပင်လည်ဘူး၊ ကလေးဝ၊ မော်လိုက်၊ မင်းကင်း |
| ၆။ | တနင်္သာရီတိုင်းဒေသကြီး | ရေဖြူ၊ ကျွန်းစု |
| ၇။ | ပဲခူးတိုင်းဒေသကြီး | ပေါင်းတည်၊ ကျောက်ကြီး၊ နတ္တလင်း |
| ၈။ | မကွေးတိုင်းဒေသကြီး | မြို့သစ်၊ ဆိပ်ဖြူ၊ ကန်ပက်လက်၊ ဆော၊ စလင်း၊အောင်လံ၊ မင်းလှ၊ |
| ၉။ | မန္တလေးတိုင်းဒေသကြီး | ဝမ်းတွင်း၊ ငါန်းဇွန်၊ တံတားဦး |
| ၁၀။ | မွန်ပြည်နယ် | ကျိုက်မရော |
| ၁၁။ | ရခိုင်ပြည်နယ် | ကျောက်ဖြူ၊ ရမ်းဗြဲ |
| ၁၂။ | ရန်ကုန်တိုင်းဒေသကြီး | လှည်းကူး၊ တွံတေး |
| ၁၃။ | ရှမ်းပြည်နယ် | နမ့်စန်၊ လောက်ကိုင်၊ ကွတ်ခိုင်၊ မိုင်းယောင်း |
| ၁၄။ | ဧရာဝတီတိုင်းဒေသကြီး | ကျောင်းကုန်း၊ ညောင်တုန်း၊ ဇလွန်၊ ဒေးဒရဲ |

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် ASEAN-Korea Train ခရီးစဉ် စတင်သည့် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်

**ဆိုးလ် အောက်တိုဘာ ၁၆**

အာဆီယံနိုင်ငံများမှ ကိုယ်စားလှယ်များနှင့် ကိုရီးယားသမ္မတနိုင်ငံ၏ နယ်ပယ်စုံမှ ကိုယ်စားလှယ်များ ပါဝင်သည့် ASEAN-Korea Train ခရီးစဉ် စတင်သည့် ဖွင့်ပွဲအခမ်းအနားကို ယနေ့ ဒေသစံတော်ချိန် နံနက် ၈ နာရီတွင် ကိုရီးယားသမ္မတနိုင်ငံ ဆိုးလ်မြို့ရှိ ဆိုးလ်ဘူတာရုံ၌ ကျင်းပသည်။

**တက်ရောက်**

ASEAN-Korea Train ခရီးစဉ်ဖွင့်ပွဲအခမ်းအနားသို့ ကိုရီးယားသမ္မတနိုင်ငံ အသေးစား အလတ်စားနှင့် ပြည်သူ့ပျိုးထောင်မှုဝန်ကြီး ဌာနဝန်ကြီး Mrs. Park Young Sun၊ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်၊ ကိုရီးယားသမ္မတနိုင်ငံ New Southern Policy Committee ဥက္ကဋ္ဌ Mr. Joo Hyung Chul၊ ASEAN-Korea Centre မှ အထွေထွေအတွင်းရေးမှူးချုပ် Mr. Lee Hyuk၊ ASEAN-Korea Mission မှ သံအမတ်ကြီး Mr. Lim Sungnam၊ ASEAN-ROK Commemorative Summit Preparatory Office မှ အမှုဆောင်ညွှန်ကြားရေးမှူး Mr. Suh Jeong In၊ Yeongdong County မြို့တော်ဝန် Mr. Park Se Bok နှင့် တာဝန်ရှိသူများ၊ အာဆီယံနိုင်ငံများမှ ဒုတိယဝန်ကြီးများနှင့် သံအမတ်ကြီးများ၊ ကိုရီးယားသမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးသန့်စင်၊ ASEAN-China Centre မှ အထွေထွေအတွင်းရေးမှူး Mr. Chen Dehai၊ ASEAN-Japan Centre မှ အထွေထွေအတွင်းရေးမှူး Mr. Masataka Fujita၊ အာဆီယံအထွေထွေအတွင်းရေးမှူးချုပ်ရုံးမှ ညွှန်ကြားရေးမှူး Mr. Tran Phuong နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဖွင့်ပွဲအခမ်းအနားတွင် ကိုရီးယားသမ္မတနိုင်ငံ အသေးစား အလတ်စားနှင့် ပြည်သူ့ပျိုးထောင်မှုဝန်ကြီးဌာန ဝန်ကြီး Mrs. Park Young Sun နှင့် ကိုရီးယားသမ္မတနိုင်ငံ New Southern Policy Committee ဥက္ကဋ္ဌ Mr. Joo Hyung Chul တို့က ခရီးစဉ်အကြောင်း၊ ရည်ရွယ်ချက်နှင့် ခရီးစဉ်မှ ရရှိလာမည့် အာဆီယံ-ကိုရီးယား ပူးပေါင်းဆောင်ရွက်မှု ရည်မှန်းချက်များကို ပြောကြားကြသည်။

**ထူးခြားလှသည့်အောင်မြင်မှု**

ထို့နောက် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က အမှာစကားပြောကြားရာတွင် 30th Anniversary of ASEAN -Korea Dialogue Relations နှင့် 2019 ASEAN- ROK Commemorative Summit ကဲ့သို့ ထင်ရှားလှသော အခမ်းအနားကြီးကို တက်ရောက်ခွင့်ရအောင် ဖိတ်ကြားသည့်အတွက် အထူးပင်ကျေးဇူးတင်ရှိပါကြောင်း၊ အာဆီယံနှင့် ကိုရီးယားသမ္မတနိုင်ငံတို့သည် လွန်ခဲ့သော နှစ်ပေါင်း ၃၀ ခန့်မှ စတင်ပြီး အရေးကြီးသည့် မိတ်ဖက်နိုင်ငံများအဖြစ် တစ်နိုင်ငံနှင့် တစ်နိုင်ငံ နီးနီးကပ်ကပ် ဆက်သွယ်ဆောင်ရွက်လာခဲ့သကဲ့သို့ တစ်နှစ်ထက် တစ်နှစ်လည်း ပိုမိုပူးပေါင်းဆောင်ရွက်လာနိုင်ခဲ့ပါကြောင်း၊ အခြားသော ကဏ္ဍများတွင်လည်း ပူးပေါင်းဆောင်ရွက်မှုများ တိုးတက်လာခဲ့ခြင်းသည် အာဆီယံနှင့် ကိုရီးယားဒေသကြီးနှစ်ခု၏ ထူးခြားလှသည့် အောင်မြင်မှုပင်ဖြစ်ပါကြောင်း။

ယခုကဲ့သို့ တည်ရှိပြီးဖြစ်သည့် မဟာဗျူဟာမြောက် မိတ်ဖက်ဆက်ဆံရေးသည် သမ္မတ မွန်ဂျေအင်းလက်ထက်၌ စတင်သော လူထု၊ ကြွယ်ဝချမ်းသာမှု၊ ငြိမ်းချမ်းရေးဆိုသည့် မဏ္ဍိုင်သုံးရပ်ကို အခြေခံပြီး နယ်ပယ်ကဏ္ဍစုံတွင် ပူးပေါင်းဆောင်ရွက်မှုများ တိုးတက်ဆောင်ရွက်နိုင်ရေးဆိုသော တောင်ပိုင်းဆိုင်ရာ မူဝါဒသစ် (Southern Policy) ကြောင့်လည်း ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုတိုးမြှင့်ဆောင်ရွက်နိုင်ခဲ့ခြင်း ဖြစ်ပါကြောင်း။

အခြားတစ်ဖက်မှ ပြောရမည်ဆိုလျှင်လည်း ယခုလို စီစဉ်ပေးသည့် မီးရထားခရီးစဉ်သည် မိမိတို့၏ နက်နဲခိုင်မြဲသည့် ရေရှည်ပူးပေါင်းဆောင်ရွက်မှုများ၊ မိတ်ဖက်ဆက်ဆံရေးများ၊ တစ်ဦးနှင့်တစ်ဦး အပြန်အလှန်နားလည်မှု၊ ပြည်သူများအချင်းချင်း ယဉ်ကျေးမှုနှင့် အသိအမြင်ဖလှယ်ရေးများအတွက် သာမက လာမည့်အနာဂတ်တွင် ပိုမိုငြိမ်းချမ်းသာယာပြီး ကြွယ်ဝချမ်းသာသည့် ဘုံဦးတည်ချက်ပန်းတိုင်ဆီသို့ လျှောက်လှမ်းနိုင်လိမ့်မည်ဟု မိမိအနေဖြင့် ယုံကြည်ပါကြောင်း။

**အထင်အရှားပြသနေ**

ယခုဆိုလျှင် ပြည်သူလူထု၊ ပုဂ္ဂလိကလုပ်ငန်းရှင်များ၊ ပညာရပ်ဆိုင်ရာ၊ အနုပညာ၊ မီဒီယာကဏ္ဍနှင့် လူငယ်များအားလုံးကို ကိုယ်စားပြုသည့် မိမိတို့သည် ရထားပေါ်သို့ တက်ရောက်ရန် အဆင်သင့်ဖြစ်နေကြပြီဖြစ်ပါကြောင်း၊ ယင်းသည် အာဆီယံနှင့် ကိုရီးယားဒေသကြီးနှစ်ခုအတွက် ငြိမ်းချမ်းရေးနှင့် ကြွယ်ဝချမ်းသာမှုများကို တိုးမြှင့်နိုင်ရန်အတွက် အားလုံးပါဝင်မှု၊ ချိတ်ဆက်ဆောင်ရွက်နိုင်မှု၊ တန်းတူညီမျှမှုများ၏ အရေးပါပုံကို အထင်အရှားပြသနေခြင်းပင် ဖြစ်ပါကြောင်း။




ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် ASEAN-Korea Train ခရီးစဉ်စတင်သည့် ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

ကိုရီးယားသမ္မတနိုင်ငံ၏ သာယာလှပသည့် မြို့ပြများ ပါဝင်သော အစီပွာယ်ပြည့်ဝလှသည့် အစီအစဉ်များကြောင့် မိမိတို့အားလုံးသည် ယခု ဒီခရီးကိုစတင်ရန် စိတ်လှုပ်ရှားနေကြမည်ဟု ယုံကြည်ပါကြောင်း။

နိဂုံးချုပ်အနေဖြင့် ASEAN - Korea Centre နှင့် ဤအစီအစဉ် ဖြစ်မြောက်အောင် ဝိုင်းဝန်းကူညီကြသူများ အားလုံးကို ကျေးဇူးတင်ရှိပါသည်ဟု ထပ်လောင်းပြောကြားလိုပါကြောင်း ပြောကြားသည်။

ASEAN-Korea Train အစီအစဉ်သည် နှစ်(၃၀)ပြည့် အာဆီယံ-ကိုရီးယား ဆွေးနွေးဖက်ဆက်ဆံရေးအထိမ်းအမှတ်အဖြစ် ကိုရီးယားသမ္မတနိုင်ငံ၊ နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် အာဆီယံ-ကိုရီးယား ဗဟိုဌာနတို့မှ ပူးပေါင်းပြုလုပ်သည့် ခရီးစဉ်ဖြစ်ပြီး အာဆီယံ-ကိုရီးယား မိတ်ဖက်ဆက်ဆံရေးကို ဒေသတွင်းရှိ ပြည်သူများသိရှိလာစေရန်၊ ASEAN-ROK Commemorative Summit အောင်မြင်စွာကျင်းပနိုင်စေရန်နှင့် 30th Anniversary of ASEAN-ROK Dialogue Relations ကျင်းပနိုင်စေရန် ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်သည်။

**၂၀၀ ခန့် ပါဝင်ဆင်နွှဲ**

ASEAN-Korea Train အစီအစဉ်တွင် အာဆီယံ-ကိုရီးယားရှိ ပြည်သူများအချင်းချင်း ယဉ်ကျေးမှု၊ စီးပွားရေး အပြန်အလှန်ချိတ်ဆက်မှုကို အခြေခံပြီး ဒေသတွင်းပူးပေါင်းဆောင်ရွက်မှု ပိုမိုအားကောင်း ခိုင်မာလာစေရန် မျှော်မှန်း၍ ယခုခရီးစဉ်ကို အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဖြစ်သည်။

ASEAN-Korea Train အစီအစဉ်တွင် အာဆီယံနိုင်ငံများ၊ ကိုရီးယားသမ္မတနိုင်ငံ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ဂျပန်နိုင်ငံတို့မှ အစိုးရအကြီးအကဲများ၊ အနုပညာရှင်များနှင့် လူငယ်ပြည်သူစုစုပေါင်း ၂၀၀ ခန့် ပါဝင်ဆင်နွှဲကြကြောင်း သိရသည်။

ASEAN-Korea Train ခရီးစဉ်မှာ Seoul၊ Gyeongju၊ Busan နှင့် Sancheon မြို့တို့သို့ မီးရထားဖြင့် လှည့်လည်သွားလာမည်ဖြစ်ပြီး ကိုရီးယားသမ္မတနိုင်ငံ၏ အထင်ကရနေရာများ၊ အနုပညာဆိုင်ရာ ပြတိုက်များနှင့် ယဉ်ကျေးမှု အမွေအနှစ်ဆိုင်ရာနေရာများသို့ သွားရောက်လေ့လာကြမည်ဖြစ်ကြောင်း သိရှိရသည်။ **သတင်းစဉ်**




ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် ASEAN-Korea Train ခရီးစဉ်စတင်သည့် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

# ပြေးခုန်ပစ်နည်းပြသင်တန်းအဆင့်(၁) IAAF CECS Level-1 Course သင်တန်းဖွင့်ပွဲ အခမ်းအနားကျင်းပ

**နေပြည်တော် အောက်တိုဘာ ၁၆**

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန အားကစားနှင့်ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံ ပြေးခုန်ပစ်အဖွဲ့ချုပ်တို့ ပူးပေါင်းဖွင့်လှစ်သည့် ပြေးခုန်ပစ် နည်းပြသင်တန်းအဆင့်(၁) IAAF CECS Level-1 Course သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၈ နာရီတွင် နေပြည်တော် အားကစားလေ့ကျင့်ရေးစခန်း Multipurpose Hall ၌ ကျင်းပသည်။

သင်တန်းဖွင့်ပွဲတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန်က နိုင်ငံတော်အနေဖြင့် ပြေးခုန်ပစ်အားကစားနည်းတွင် လိုအပ်သော အထောက်အကူပြုပစ္စည်းများ၊ အားဆေးများ၊ အစားအသောက်များကို ကူညီထောက်ပံ့ပေးနေပါကြောင်း၊ အားကစားနှင့်ပတ်သက်သည့် နိုင်ငံတကာ အသိအမှတ်ပြုဥပဒေ၊ မြန်မာနိုင်ငံတည်ဆဲဥပဒေများကိုလည်း သိရှိလိုက်နာနိုင်ရေး သင်ကြားပို့ချပေးသွားမည် ဖြစ်ပါကြောင်း၊ ယနေ့သင်တန်းသို့ တက်ရောက်လာကြသော သင်တန်းသား သင်တန်းသူများအနေဖြင့် မိမိတို့တွင်ရှိသော အရည်အချင်းများနှင့် သင်တန်းမှ ပို့ချသော စာတွေ့ လက်တွေ့ သင်ခန်းစာများကို ကျွမ်းကျင်ပိုင်နိုင်စွာ အထူးကြိုးစားလေ့ကျင့်သင်ကြားကြစေလိုကြောင်း၊ အရည်အချင်းပြည့်ဝသောနည်းပြကောင်းများ ပေါ်ထွက်လာပြီး နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားကောင်းများ မွေးထုတ်နိုင်စေရန် ရည်ရွယ်၍ ယခုသင်တန်းကို ဖွင့်လှစ်ရခြင်းဖြစ်ပါကြောင်း၊ သင်တန်းတွင် သင်ခန်းစာပို့ချမည့် သင်တန်းနည်းပြဆရာများအား ကျေးဇူးအထူးတင်ရှိပါကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံပြေးခုန်ပစ်အဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးကျော်ထူးအောင်က သင်တန်းဖွင့်လှစ်ရသည့် ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။



သင်တန်းကို သင်တန်းသား ၁၇ ဦး၊ သင်တန်းသူ ခုနစ်ဦးဖြင့် အောက်တိုဘာ ၁၆ ရက်မှ ၂၇ ရက်အထိ ဖွင့်လှစ်သင်ကြားသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင်ဆရာတော် ဒေါက်တာဘဒ္ဒန္တတေဇောသာရာဘိဝံသ(မိုးကုတ်ဆရာတော်) ဩစတြေးလျနိုင်ငံသို့ သာသနာပြုခရီး ကြွရောက်

**ရန်ကုန် အောက်တိုဘာ ၁၆**
ဩစတြေးလျနိုင်ငံ ဆစ်ဒနီမြို့ (၁၄၆) ဂေးလ်ဖို့လမ်း ၂၁၆၁ ဆစ်ဒနီဗုဒ္ဓဘာသာအဖွဲ့မှ ဦးဇော်လင်းအောင် (ခ) ဒေးဗစ်အောင်၏ ပင့်လျှောက်ချက်အရ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် ဆရာတော် မိုးကုတ်မြို့ ညောင်သုံးပင် သာမဏေကျော် ပရိယတ္တိ စာသင်တိုက်ဆရာတော် ဒေါက်တာဘဒ္ဒန္တတေဇောသာရာဘိဝံသ (အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ ဓမ္မကထိကဗဟုဇနဟိတဓရ) သည် ပဋ္ဌာန်းနှင့် ဝိပဿနာသင်တန်း အပိုင်း (၂) အား ဆက်လက်ဟောကြားပို့ချရန်အတွက် အောက်တိုဘာ ၁၅ ရက်မှ ၂၀ ရက်အထိ ဩစတြေးလျနိုင်ငံသို့ သာသနာပြုခရီးကြွရောက်ရန် ယနေ့ နံနက် ၁၀ နာရီခွဲတွင် သာသနာရေးဦးစီးဌာနမှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

**သတင်းစဉ်**



# နိုင်ငံရေးပါတီ မှတ်ပုံတင်ခွင့်များ လာရောက်လျှောက်ထားလျက်ရှိ

**နေပြည်တော် အောက်တိုဘာ ၁၆**
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် နိုင်ငံရေးပါတီမှတ်ပုံတင်ခွင့်လျှောက်ထားချက်များကို စိစစ်ခွင့်ပြုပေးလျက်ရှိရာ ၂၀၁၉ ခုနှစ် အောက်တိုဘာ ၁၆ ရက်တွင် **ညီညွတ်သော တိုင်းရင်းသားလူမျိုးများ ဒီမိုကရေစီပါတီ** (United Nationalities Democracy Party) က ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ နိုင်ငံရေးပါတီ မှတ်ပုံတင်ခွင့် လာရောက်လျှောက်ထားခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

**❒ ဝန်ကြီးဌာနပေါင်းစုံဘောလုံးမှ**
ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအသင်းနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအသင်းတို့ကလည်းကောင်း၊ ဝဏ္ဏသိဒ္ဓိအားကစားလေ့ကျင့်ရေးကွင်း(၃)တွင် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနအသင်းနှင့် နေပြည်တော်စည်ပင်အသင်းတို့ကလည်းကောင်း ယှဉ်ပြိုင်ကစားကြမည်ဖြစ်သဖြင့် ဘောလုံးအားကစားနည်းကို စိတ်ပါဝင်စားသော မိဘပြည်သူများအနေဖြင့် မည်သူမဆို အခမဲ့လာရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

# မြန်မာ့ပင်လယ်ပြင် အခြေအနေ

**နေပြည်တော် အောက်တိုဘာ ၁၆**
လှိုင်းအနည်းငယ်မှအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် သုံးပေမှ ခြောက်ပေခန့် ရှိနိုင်သည်။ **မိုး/ဇလ**

# သွားဘက်ဆိုင်ရာ တက္ကသိုလ်များအချင်းချင်း ပညာရေးပူးပေါင်းဆောင်ရွက်မှုညီလာခံ တက်ရောက်ရန် မြန်မာကိုယ်စားလှယ်အဖွဲ့ တရုတ်နိုင်ငံသို့ ထွက်ခွာ

**နေပြည်တော် အောက်တိုဘာ ၁၆**
တရုတ်နိုင်ငံ ကူမင်းသွားဘက်ဆိုင်ရာတက္ကသိုလ်မှ အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် (၁၄)ကြိမ်မြောက် မဲခေါင်မြစ်ဝှမ်းဒေသတွင်းနိုင်ငံများရှိ သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်များအချင်းချင်း ပညာရေးပူးပေါင်းဆောင်ရွက်မှုညီလာခံ (14th International Dental Collaboration for Mekong River Region Congress) ကို အောက်တိုဘာ ၁၇ ရက်မှ ၁၉ ရက်အထိ ကျင်းပမည်ဖြစ်သည်။

အဆိုပါညီလာခံသို့တက်ရောက်ရန် သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်(ရန်ကုန်) ပါမောက္ခချုပ် ပါမောက္ခ ဒေါက်တာရွှေတိုးနှင့် သုတေသနစာတမ်းတင်သွင်းမည့် ဆရာမနှစ်ဦး ပါဝင်သောအဖွဲ့သည် ယနေ့ မွန်းလွဲပိုင်းက ရန်ကုန်မြို့မှ တရုတ်နိုင်ငံ ယူနန်ပြည်နယ် ကူမင်းသို့ လေကြောင်းခရီးဖြင့် ထွက်ခွာသွားကြောင်း သိရသည်။

**သတင်းစဉ်**

# ရန်ကုန်မြို့တွင် ဟံသာဝတီစနေစာပေဝိုင်း ကျင်းပမည်

**ရန်ကုန် အောက်တိုဘာ ၁၆**
ဟံသာဝတီ ဦးဝင်းတင်ဖောင်ဒေးရှင်းမှကြီးမှူး၍ ဟံသာဝတီစနေစာပေဝိုင်းကို အောက်တိုဘာ ၁၉ ရက် မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ရှိ တော်ဝင်နှင်းဆီ (ငြိမ်းချမ်း) ခန်းမ၌ ကျင်းပသွားမည်ဖြစ်ကြောင်း အဆိုပါ ဖောင်ဒေးရှင်းမှ သိရသည်။

အဆိုပါ စကားဝိုင်းတွင် ဆရာကြီး သိပ္ပံမောင်ဝ နှစ် (၁၂၀)ပြည့် အထိမ်းအမှတ်အဖြစ် စာရေးဆရာ အောင်မိုးဆောင်းက "သိပ္ပံမောင်ဝ၊ သူ့စာသူ့အကြောင်း" ခေါင်းစဉ်ဖြင့် ဦးဆောင်ဆွေးနွေးသွားမည်ဖြစ်ပြီး မည်သူမဆို တက်ရောက်နိုင်ကြောင်း သိရသည်။ ထို့အပြင် စာပေဝိုင်းကို နှစ်လတစ်ကြိမ် ကျင်းပသွားမည်ဖြစ်ပြီး တက်ရောက်လာသူများက ခေါင်းစဉ်အလိုက် လွပ်လပ်စွာ ဆွေးနွေးနိုင်ကြောင်း၊ ယင်းဆွေးနွေးပွဲများတွင် စာပေ၊ နိုင်ငံရေး၊ လူမှုရေး စသည့် အကြောင်းအရာများ ပါဝင်မည်ဖြစ်ကြောင်း သိရသည်။ **ဇာနည်မောင်**





မြန်မာ ယူ-၂၂ အသင်း အောက်တိုဘာ ၁၆ ရက်က လေ့ကျင့်နေစဉ်။

# ကာတာခြေစမ်းခရီးစဉ်တွင် မြန်မာ ယူ-၂၂ အသင်း ခြေစမ်းပွဲသုံးပွဲ ကစားမည်

**ရန်ကုန် အောက်တိုဘာ ၁၆**
ဆီးဂိမ်းပြိုင်ပွဲ ယှဉ်ပြိုင်မည့် မြန်မာ ယူ-၂၂ အသင်းသည် ကာတာနိုင်ငံ ဒိုဟာမြို့၌ တစ်ပတ်ကျော် သွားရောက်လေ့ကျင့်မည်ဖြစ်ပြီး ယင်းခရီးစဉ်တွင် နီပေါ၊ ကာဂျစ္စတန် လူငယ်လက်ရွေးစင်အသင်း၊ ကာတာကလပ်အသင်းတို့နှင့် ခြေစမ်းပွဲသုံးပွဲ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

မြန်မာ ယူ-၂၂ အသင်းသည် အောက်တိုဘာ ၂၁ ရက်မှ နိုဝင်ဘာ ၁ ရက်အထိ သွားရောက်လေ့ကျင့်မည်ဖြစ်ပြီး ခြေစမ်းပွဲများအဖြစ် အောက်တိုဘာ ၂၅ ရက်တွင် နီပေါ ယူ-၂၂ အသင်း၊ အောက်တိုဘာ ၂၈ ရက်တွင် ကာတာကလပ် အယ်လ်အိုဝေနာအသင်း၊ အောက်တိုဘာ ၃၁ ရက်တွင် ကာဂျစ္စတန် ယူ-၁၉ အသင်းနှင့် ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ မြန်မာ ယူ-၂၂ အသင်းသည် ဆီးဂိမ်းပြိုင်ပွဲအတွက် စက်တင်ဘာ ၂၃ ရက်တွင် ပြန်လည်လေ့ကျင့်ခဲ့ပြီး ကာတာခရီးစဉ်အပြီးတွင်လည်း နိုဝင်ဘာလ၌ နိုင်ငံတကာခြေစမ်းပွဲများ ထပ်မံကစားမည်ဖြစ်သည်။ မြန်မာ ယူ-၂၂ အသင်းသည် ကာတာနိုင်ငံတွင် ခြေစမ်းပွဲများကစားရန် အောက်တိုဘာ ၂၁ ရက်တွင် ထွက်ခွာမည်ဖြစ်သည်။ မြန်မာ ယူ-၂၂ အသင်းသည် ဆီးဂိမ်းပြိုင်ပွဲအတွက် ယခုနှစ်လယ်ပိုင်းကတည်းက လေ့ကျင့်ပြင်ဆင်လျက်ရှိပြီး လက်ရှိတွင် အသက်ကျော်ကစားသမားများအပါအဝင် ကစားသမား ၃၄ ဦးဖြင့် လေ့ကျင့်လျက်ရှိသည်။ အသက် ၂၂ နှစ်အထက် ကစားသမား ငါးဦးမှာမူ အသင်းနှင့် ပူးပေါင်းနိုင်ခြင်းမရှိသေးကြောင်း သိရသည်။ **သတင်း - ရှိုင်းထက်ဇော်၊ ဓာတ်ပုံ - စိုးညွန့်**

ကြေးမုံ
အောက်တိုဘာ ၁၇၊ ၂၀၁၉

# စည်သူဒေါက်တာဗိုလ်ကလေးတင့်အောင်၏ အနုပညာသည်ဘဝ ဖြတ်သန်းမှုပုံရိပ်များ

❒ ရီရီမြင့်

လက်ရှိအသက် ၉၈ နှစ်အရွယ်တိုင် အနုပညာအလုပ်တစ်ခုတည်းကိုသာ တစိုက်မတ်မတ် ဖန်တီးလုပ်ဆောင်နေခဲ့သူ၊ မြန်မာ့အနုပညာလောက၏ စံပြပုဂ္ဂိုလ်ကျော် မြန်မာ့ရုပ်ရှင်တစ်သက်တာဆုရှင်။ သူကား ဘဘစည်သူဒေါက်တာဗိုလ်ကလေးတင့်အောင်ဖြစ်သည်။

သူ၏ အနုပညာခရီးဖြတ်သန်းမှုက ရှည်လျားလှသည်နှင့်အမျှ အထင်ကရမှတ်တိုင်ကလည်း များပြားလှသည်။ မျိုးဆက်သစ်အနုပညာရှင်များအတွက် သူ၏အနုပညာသည် ဘဝဖြတ်သန်းမှုပုံရိပ်များက အားကျအတုယူမှတ်သားဖွယ်။

ဇာတိဘိုကလေးမြို့မှ ရန်ကုန်မြို့သို့ တက်လာခဲ့သည့် အတိတ်ပုံရိပ်နှင့်ပတ်သက်၍ ဘဘစည်သူဒေါက်တာဗိုလ်ကလေးတင့်အောင်က "မှတ်မိသလောက်ကတော့ ပထမဆုံး အနုပညာနယ်ပယ်ကို တိုးဝင်ချင်တဲ့စိတ် ရှိလွန်းအားကြီးလို့ တောမှာနေစဉ်ကတည်းက ဂီတပညာကိုလေ့လာလိုက်စား ခဲ့ပါတယ်။ အဲဒီခေတ်က ဓာတ်ပြားခေတ်ကိုး။ ဓာတ်ပြား ခေတ်မှာ ဓာတ်ပြားထဲကသီချင်းတွေကို အလွတ်ကျက်၊ အဲဒါတွေကို ကိုယ်တိုင်တီး၊ ကိုယ်တိုင်ဆို၊ အရပ်ထဲမှာ ဘယ်သူကမှ မေတ္တာရပ်ခံတောင်းပန်တာမရှိဘဲ ကိုယ့်ဘာသာ အရူးထပြီးတော့ လုပ်ခဲ့တာ။ ဒါကိုတမက်တမော ဖြစ်ခဲ့တာ။ ဖြစ်ခဲ့တဲ့အတိုင်းပဲ စွန့်စားပြီး ရန်ကုန်တက်လာတယ်" ဟုဆိုသည်။

ပထမဦးဆုံးရေးသားခဲ့သည့် တေးသီချင်းကလည်း အနုပညာသည်ပြည်သူ့အတွက် ဟုဆိုနိုင်သည်။ "ပထမဆုံး ဘဘတာဝန်ကအသံလွှင့်တာ။ ရန်ကုန်မှာအသံလွှင့်တာဆိုတာ တစ်ခါမှမလုပ်ဖူးဘူး။ တေးဂီတနယ်ထဲလည်း တစ်ခါမှမရောက်ဖူးဘူး။ ဒါပေမယ့် ညီဖြစ်သူမောင်ကိုကိုက ရောက်နေပြီ။ သူ့ကျေးဇူးနဲ့ သူနဲ့တွဲပြီးတော့မှ အဲဒီအသံလွှင့်ဖို့အခွင့်သာလာတဲ့အတွက် ၁၉၄၇ ခုနှစ်အစပိုင်းလောက်မှာအထက်မြန်မာပြည်မှာ ရေတွေကြီးတယ်၊ ရေဘေးပြဿနာကိုပြည်သူတွေ ခံစားနေရတာ သတင်းစာထဲဖတ်ရတော့ စိတ်မကောင်းဘူး။ အဲဒါနဲ့ပဲရေဘေးပြဿနာသီချင်းရေးလိုက်တယ်။

"ရေဟာလူ့ရဲ့မိတ်ဆွေ၊ မီးဟာလည်းလူရဲ့မိတ်ဆွေ၊ သို့သော် သူတို့ရဲ့ ခွန်အားကြီးလာရင် လူတွေ မနိုင်နိုင်အောင်ဖြစ်ရတယ်။ ရေကိုသုံးတဲ့နေရာမှာ၊ မီးကိုသုံးတဲ့နေရာမှာ သတိဝီရိယနဲ့သုံးကြဖို့ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ဘဘကြိုးစားလာခဲ့ခြင်းဖြစ်ပါတယ်။ အဲဒီသီချင်းက ပထမဆုံးသီချင်းပဲ။ အဲဒီကနေ ရေးသားခွင့်တဖြည်းဖြည်းနဲ့ ရလာတဲ့နောက်မှာ ပြဇာတ်ခေတ်ကပေါ်လာတော့ ပြဇာတ်ဇာတ်လမ်းတွေမှာ သီချင်းရေးရတဲ့ သီချင်းရေးဆရာဖြစ်လာတယ်"ဟုပြောသည်။

သီချင်းရေးဆရာဘဝမှသည် ဆက်စပ်အနုပညာနယ်ပယ်ဖြစ်သည့် ပြဇာတ်ရုပ်ရှင်နယ်သို့ ရောက်ရှိလာမှုနှင့် စပ်လျဉ်း၍ "သီချင်းရေးဆရာကနေပြီးတော့ တွဲဖက်ဒါရိုက်တာလုပ်ရ၊ တွဲဖက်ဒါရိုက်တာဘဝကနေ ဆရာတွေရဲ့ ခွင့်ပြုချက်အရ ဒါရိုက်တာဖြစ်လာတာ။ အဲဒီနောက် ပြဇာတ်က၊ နောက်ပြဇာတ်ပျက်၊ ဘာမှမလုပ်နိုင်မစားနိုင်၊ အဲဒီနောက် ရုပ်ရှင်ထဲဝင်။ အဲဒီရုပ်ရှင်ထဲဝင်တာဟာ ဘဘရဲ့ စွန့်စားခန်းကြီးတစ်ခုပါပဲ။ ရုပ်ရှင်ကို ကြည့်သာကြည့်ဖူးတာ၊ ဘယ်လိုလုပ်ရမှန်းမသိဘူး။ ဆရာသမားတွေရဲ့ စာအုပ်တွေကိုဖတ်၊ ဇာတ်ညွှန်းရေးနည်းတွေရှာ၊ ကိုယ့်ဟာကိုယ် ကြိုးစားပြီး ဆရာဦးသုခ၊ ဆရာရွှေဒုံးဘီအောင်၊ ဆရာရွှေညာမောင်ဦးချင်းစိန်၊ ဆရာဦးတင်မောင်တို့ရဲ့ ကျေးဇူးပေါ့လေ။ သူတို့ကိုချဉ်းကပ်ပြီးတော့မှ အစစအရာရာဆရာတွေရဲ့ ညွှန်ကြားသင်ကြားမှုကိုခံယူပြီးတော့ လူဖြစ်လာရတဲ့ဘဝပါ။ အဲဒါတွေက ဘဘရဲ့ တစ်သက်လုံးလုပ်လာရတဲ့အလုပ်တွေပဲ။ ဒီပြင်လည်းဘာမှ မလုပ်တတ်ဘူး။ လုပ်လည်းမလုပ်ချင်ဘူး။ ဒါတွေကိုပဲ ဝါသနာပါပြီးတော့ အခုနောက်ဆုံးအိပ်ရာထဲမလဲခင်လေးမှာ ကိုယ့်ဟာကိုယ်ကြိုးစားပြီး ဒီရုပ်ရှင် နှစ် ၁၀၀ ပြည့် ဂုဏ်ပြုသီချင်းလေးကို ရေးသားခဲ့ခြင်းဖြစ်ပါတယ်"ဟုဆိုသည်။

> "ရေဟာလူ့ရဲ့မိတ်ဆွေ၊ မီးဟာလည်းလူရဲ့မိတ်ဆွေ၊ သို့သော် သူတို့ရဲ့ ခွန်အားကြီးလာရင် လူတွေမနိုင်နိုင်အောင် ဖြစ်ရတယ်။ ရေကိုသုံးတဲ့နေရာမှာ၊ မီးကိုသုံးတဲ့နေရာမှာ သတိဝီရိယနဲ့သုံးကြဖို့ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ဘဘကြိုးစားလာခဲ့ခြင်းဖြစ်ပါတယ်။ အဲဒီသီချင်းက ပထမဆုံးသီချင်းပဲ။ အဲဒီကနေ ရေးသားခွင့်တဖြည်းဖြည်းနဲ့ရလာတဲ့နောက်မှာ ပြဇာတ်ခေတ်ကပေါ်လာတော့ ပြဇာတ်ဇာတ်လမ်းတွေမှာ သီချင်းရေးရတဲ့ သီချင်းရေးဆရာဖြစ်လာတယ်"

မြန်မာ့ရုပ်ရှင်သည် မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှု သမိုင်းနှင့်လည်းဆက်နွှယ်လျက်ရှိပါသည်။ အဆိုပါသမိုင်းကြောင်းနှင့်ပတ်သက်၍လည်း "ဘဘတစ်သက်တာ အကယ်ဒမီဆု ရခဲ့ပါတယ်။ ရုပ်ရှင်ဘဝထဲမှာပဲ ကျင်လည်နေရပြီးတော့ အမျိုးမျိုးသော အနုပညာဝါသနာပါတယ်ဆိုတာ သာမန်မှ မဟုတ်ဘဲ။ ဒါကိုမအိပ်နိုင်၊ မစားနိုင် တစ်ခုပြီး တစ်ခုထွင်။

"ပြောရရင်တော့ တေးဂီတနဲ့ သရုပ်ပြနဲ့ရောလိုက်တဲ့ဘဝ။ အဲဒါဟာ ၁၉၆၀ ပတ်ဝန်းကျင်မှာ ထင်ပါတယ်။ အဲဒီလောက်မှာ ဂီတသမားတွေစုပြီးတော့ ဂီတဆည်းဆာ၊ ဂီတပဒေသာဆိုပြီးတော့ ကန်တော်ကြီးမှာလုပ်ကြတယ်၊ လုပ်ကြတော့ တာဝန်ပေးတာပေါ့လေ။ ကူညီပါဦး၊ ဝိုင်းဝန်းပါဦးပေါ့။ တို့မြန်မာလွတ်လပ်ရေးသမိုင်း ဒါဟာဘယ်တော့မှ မတိမ်ကောမယ့် မှတ်မှတ်ရရဖြစ်စေမယ့် အကြောင်းရပ်ကြီးပဲ။ ဒါကြောင့် လွတ်လပ်ရေးသမိုင်းစဉ်ကြီးကိုတော့ သီချင်းအဖြစ်နဲ့ ရေးပြီးတော့ ပြည်သူကိုတင်ဆက်မှကောင်းမယ်ဆိုပြီးတော့ အဲဒီသမိုင်းကိုရေးခဲ့တယ်။ ရေးခဲ့တာဘဘတစ်ယောက် တည်းမဟုတ်ပါဘူး။ ဘဘရယ်၊ ဂီတလုလင်မောင်ကိုကိုရယ်၊ ချိုတေး ဆက်အောင်ကိုး၊ မောင်လေးညွန့်တို့ အဲဒီလိုစုပြီး တော့ ရေးလိုက်တယ်။

"ပထမဆုံးကတော့ အဆိုသမားတွေ ခေတ်ကိုအဆိုနဲ့ ဖော်သွားတယ်။ ဂျီစီဘီအေခေတ်၊ ဝိုင်အမ်ဘီအေခေတ်၊ တို့ဗမာအစည်းအရုံးခေတ်၊ လွတ်လပ်ရေးရတဲ့ခေတ်၊ ဂျပန်သွားပြီးစစ်ပညာသင်တဲ့ခေတ်၊ ပြန်လာတဲ့ခေတ်၊ တို့တိုင်းပြည် ကို ဖဆပလအစိုးရအုပ်ချုပ်တဲ့ဘဝ၊ အဲဒီလို ၁၉၄၈ ခုနှစ်မှာ လွတ်လပ်ရေးရပါတယ်ဆိုတဲ့ သမိုင်းကြီးကို ပြည်သူကိုတင်ပြခဲ့တယ်။ ဒီသီချင်းကိုသီချင်းအဖြစ်နဲ့ဆိုပြီး ပရိသတ်နားထဲမှာ ကြားရရုံနဲ့မလုံလောက်သေးဘူး။ ဒါကိုမျက်စိကလည်း မြင်ရမယ်၊ နားကလည်း ကြားရမယ်၊ ဒါမှသာ ပြည့်စုံမယ်ဆိုပြီး သရုပ်ဖော်လိုက်တယ်။ ဘယ်သူတွေပါဝင်ကြလဲ၊ ရဲဘော်သုံးကျိပ် နိုင်ငံခြားသွားတာလည်းပါတယ်။ ပြန်လာတာလည်း ပါတယ်။ တိုင်းပြည်ထူထောင်ခဲ့တာ၊ အုပ်ချုပ်ခဲ့တာ၊ လွတ်လပ်ရေးရတာ အကုန်လုံးပါတယ်။ အဲဒီလိုအရုပ်နဲ့ အသံနဲ့ တွဲအောင်လုပ်မိတဲ့ဘဝကနေပြီးတော့ ဒီသမိုင်းကြောင်း တွေကို ဒီလိုလုပ်နိုင်ရင် လူတွေရဲ့ဘဝဖြစ်ပျက်နေတဲ့ မျိုးစုံကိုလည်းလုပ်နိုင်ပါလား ဆိုပြီး တွေးမိသွားတယ်။ တွေးမိသွားတဲ့အတွက် ရှေးခေတ်က ဆရာပါရဂူတို့ရေးတဲ့ ဇာတ်လမ်းတွေဖတ်ရင်းက အဲဒီအထဲကကောင်းနိုးရာရာ လေးတွေကို သီချင်းအဖြစ်နဲ့ရော၊ သရုပ်ဖော်အဖြစ်နဲ့ရော တင်ဆက်နိုင်အောင် ဘဘကြံစည်ခဲ့တယ်။ အဲဒါဟာ တေးသရုပ်ဖော်လို့ ခေါ်လာခဲ့တယ်"ဟုပြောသည်။

သူသည် ပင်ကို အနုပညာပါရမီရှင်တစ်ဦးဖြစ်သော်လည်း ကြိုးစားမှုကို ဦးထိပ်ပန်ဆင်သူပီပီ မျိုးဆက်သစ်များကိုလည်း ကြိုးစားရန် ဤသို့ တိုက်တွန်းပြောကြားခဲ့၏။

" လုပ်ငန်းတစ်ခုကိုလုပ်တဲ့နေရာမှာ ကျေနပ်အားရတင်းတိမ်မှုမရှိဘဲနဲ့ ဆက်လက်ကြိုးစားခြင်းအားဖြင့်အကောင်းအမွန်တွေကိုတွေ့နိုင်တယ်ဆိုတဲ့ သင်ခန်းစာလည်းရခဲ့တယ်။ ဒါကြောင့် လူတိုင်းလူတိုင်းကို ကြိုးစားကြပါလို့၊ အချိန် မဖြုန်းကြပါနဲ့၊ ကိုယ့်ရဲ့ ရရှိတဲ့အချိန်လေးအတွင်းမှာ၊ ခွန်အားလေးအတွင်းမှာ တတ်နိုင်သမျှ ကြိုးစားခြင်းအားဖြင့် ကောင်းသောအကျိုးကို ပြည်သူကပေးဆပ်နိုင်ပါလိမ့်မယ်လို့ မှာကြားချင်တာ။

"အခုကကတော့ ငွေကြေးနဲ့ ပညာ၊ ပညာကိုပြသနိုင်တဲ့အတွက် ငွေကြေးရတာ။ ငွေကြေးရဖို့အတွက် လုပ်တာမှန်ပေမယ့် ဒါဟာဝမ်းစာရေးအတွက်လောက်ပဲ ဖြစ်တယ်။ တို့ခေတ် က နိုင်ငံခြားလည်းမပေါက်တော့ ရရှိတဲ့ အခကြေးငွေကနည်းပါတယ်။ တို့ မြန်မာအနုပညာသမားများဟာ ရရှိတာလေးနဲ့ တင်းတိမ်ပြီးတော့ ကြိုးစားကြရတဲ့သူတွေ။ နိုင်ငံခြားကသူတွေက သူတို့နိုင်ငံခြားအမြင်နဲ့ ထုတ်လုပ်တဲ့ အနုပညာ ပစ္စည်းစုကိုကမ္ဘာကို ဖြန့်ဝေလိုက်တဲ့အခါမှာ အဲဒီကမ္ဘာက ဝင်လာတဲ့ ဝင်ငွေတွေ သူတို့ခံစားရတယ်။တို့မှာတော့ မရှိဘူး။ ဒီတော့ အဲဒီဘဝကနေ ရုန်းထွက်နိုင်အောင် ကြိုးစားပေးကြပါ။ နိုင်ငံတော်ကလည်း ချီးမြှင့်မြှောက်စားပေးကြပါ၊ ကူညီဝိုင်းဝန်းကြပါ။ ပြန်ကြားရေးဝန်ကြီးဌာနကလည်း အဲဒီလို ဂရုစိုက်လာအောင်၊ ပြည်သူတွေသိရှိလာအောင်၊ နိုင်ငံတော်အစိုးရကလည်း အမှတ်တမဲ့ဖြစ်နေတာလေးမဖြစ်အောင် တတ်နိုင်သမျှ ကြိုးစားပြီး အနုပညာသည်များကို အားပေးကြပါလို့ ပြောချင်ပါတယ်။

စာမျက်နှာ ၁၁ သို့❖





❖ စာမျက်နှာ ၁၀ မှ

“ခေတ်သစ်မှာပဲထွက်ထွက်၊ ခေတ်ဟောင်းမှာပဲထွက်ထွက် မကြိုးစားရင် မကျော်ကြားပါဘူး။ ကျော်ကြားတဲ့သူတွေလည်း အများကြီး ဖြစ်တတ်ပါတယ်။ ဒါကြောင့် အနုပညာသည်တိုင်းဟာ အချိန်မရွေးအခွင့်အရေးရှိတယ်၊ ကြိုးစားပိုင်ခွင့်ရှိတယ်။ ကြိုးစားသလောက်လည်း အကျိုးခံစားခွင့်ရတဲ့ အခွင့်အရေးတွေရနိုင်တယ်။ ဒါကြောင့် ကြိုးစားကြပါ၊ မကြိုးစားမိတဲ့အခါ အခွင့်အရေးတွေမရတော့ဘူး။ အခွင့်အရေးဆိုတာ သူ့ဟာသူလာလိမ့်မယ်။ ကိုယ်လုပ်ချင်တာ လုပ်သွားတယ်၊ ကိုယ့်အသိအမြင်လေး မှန်ကန်ရင် ကောင်းတယ်ဆိုတဲ့ ရည်ရွယ်ချက်လေးပေါ်လာတယ်။ စေတနာရှိတာပေါ့လေ၊ ဒါကြောင့် ဘာဘတစ်နေ့တစ်နေ့ကို စာတစ်ပုဒ် အမြဲရေးတယ်။ မှတ်စရာလေးတွေပေါ့”ဟု ဆိုသည်။

အနုပညာနယ်ပယ်တွင် ကျင်လည်နေကြသည့် အနုပညာရှင်မှန်သမျှ နာမည်တစ်လုံးကိုဂုဏ်ယူကြသည်မှာ ဓမ္မတာတစ်ခုဟုဆိုရပါမည်။

သူသည် သူ၏နာမည်တစ်လုံးအပေါ် ဂုဏ်ယူလျက်ရှိကြောင်း အောက်ပါအတိုင်းပြောပြသည်။

“ဘာဘငယ်ငယ်တုန်းက ဘိုကလေးဆိုတာကို ဘကုန်းနဲ့ ဘိုကြတယ်။ အဲဒီအထဲမှာ ထူးထူးခြားခြား ဗိုလ်ကလေးသက်ရှည်ဆိုတဲ့ ပညာရှိပုဂ္ဂိုလ်ကြီးက သူက ဗနဲ့ဗိုလ်တယ်။ ဟောပြောပွဲတွေမှာစကားပြောတဲ့အခါမှာ အဲဒီဗိုလ်နဲ့ ဘိုတဲ့နေရာမှာ အမြဲဖွင့်ပြောတယ်။ နိုင်ငံခြားက အုပ်စိုးလာတဲ့သူတွေဟာ တိုင်းပြည်တစ်ပြည်ကို အုပ်ချုပ်တော့မယ်ဆိုရင် အဘက်ဘက်က ပြည့်စုံအောင် အကာအကွယ်တွေ၊ အတားအဆီးတွေ လုပ်ကြတယ်။ ဒီတော့ ဘိုကလေးမြို့ရဲ့ ဘိုကလေးဆိုတဲ့နာမည်ကိုလည်း သူတို့ ဘိုထီး၊ ဘိုမဆိုတဲ့ ဘိုအသုံးအနှုန်းသုံးနှုန်းစေပြီးတော့ မြန်မာစစ်ဗိုလ်လေးတွေရဲ့ ဂုဏ်သတ္တိအရှိန်မှည့်ခေါ်ထားတာကို ပပျောက်သွားစေချင်တယ်။ အဲဒီသူ့ရဲ့အမည်ကို ဗနဲ့ ဗိုလ်တဲ့ ဗိုလ်ကလေးဦးသက်ရှည် ဖြစ်ပါတယ်ဆိုတာအမြဲဟောတယ်။ ဒါကြောင့် ဘာဘတို့ ကျေနပ်တယ်၊ ဝမ်းသာတယ်။ အရွယ်ရောက်တဲ့အခါ ငါ့နာမည်လည်းရန်ကုန်ရောက်တဲ့အခါမှာ ဘာဘဆရာက ဒဂုန်ဆရာတင်ကိုး။ ရန်ကုန်ကို ဂုဏ်ပြုတဲ့အနေနဲ့ ဒဂုန်ဆရာတင်လုပ်သလို ကျွန်တော်လည်း ကျွန်တော့်မြို့ကို ဂုဏ်ပြုတဲ့အနေနဲ့ ဗိုလ်ကလေးတင့်အောင် လုပ်ပါရစေလို့ ပြောတဲ့အခါကျတော့ ဒဂုန်ဆရာတင်က ရိုးရိုး ဘနဲ့ ဘိုဆိုပြီး ပေါင်းတယ်၊ ဘာဘကမဟုတ်ဘူး။ ဗ နဲ့ဗိုလ်ပေးပါလို့ သူ့ကိုပြန်ပြောတယ်။ သူလည်း သဘောပေါက်သွားတယ်။ အဲဒါပဲ။ အခုအချိန်ထိ ဘာဘရဲ့နာမည်က ဗိုလ်နဲ့ထင်ရှားခဲ့ပါတယ်” ဟု သူ၏နာမည်အသုံးအနှုန်းနှင့် ပတ်သက်၍ ရှင်းပြခဲ့ပါသည်။ ။

# သီပေါမြို့၌ ဗုဒ္ဓပူဇနိယပွဲတော်နှင့် မြို့နယ်လုံးကျွတ် သံဃာ့ဒါန ဆွမ်းတော်ကြီးလောင်းလှူပွဲ ကျင်းပ

**သီပေါ အောက်တိုဘာ ၁၆**

ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ်၏ အထင်ကရဘာသာရေးပွဲတော်တစ်ခုဖြစ်သည့် ရှေးနှစ်ပေါင်း ၁၅၀ ကျော်က ရှေးရိုးရာအစဉ်အလာမပျက် နှစ်စဉ်ကျင်းပမြဲဖြစ်သော မဟာမြတ်မုနိဘုရားကြီး ဗုဒ္ဓပူဇနိယပွဲတော်နှင့် (၁၂၄) ကြိမ်မြောက် မြို့နယ်လုံးကျွတ် သံဃာ့ဒါနဆွမ်းတော်ကြီးလောင်းလှူပွဲကို သီတင်းကျွတ်လပြည့်ကျော် ၃ ရက်နှင့် ၄ ရက်အထိ ကျင်းပမည်ဖြစ်ရာ မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော် ဘဒ္ဒန္တမိလိန္ဒအရှင်သူမြတ်နှင့် ဆရာတော်သံဃာတော်များက အောက်တိုဘာ ၁၆ ရက် နံနက် အရုဏ်တက်တွင် ဗုဒ္ဓါဘိသေက အနေကဇာတင်လှူပူဇော်ကြပြီး မြို့နယ်လုံးဆိုင်ရာ သံဃာ့ဒါန ဆွမ်းကြီးလောင်းပွဲကို စတင်ဖွင့်လှစ်ပေးတော်မူကြသည်။




**အစဉ်အလာမပျက် ပါဝင်ဆင်နွှဲ**

မဟာမြတ်မုနိဘုရားကြီး ဗုဒ္ဓပူဇနိယပွဲတော်နှင့် မြို့နယ်လုံးဆိုင်ရာ ဆွမ်းတော်ကြီးလောင်းလှူပွဲသို့ သီပေါမြို့နယ်အတွင်းမှ ဗုဒ္ဓနွယ်ဝင်တိုင်းရင်းသားပြည်သူများက လှူဖွယ်ဝတ္ထုပစ္စည်းများကို ပဒေသာပင်များ ပြုလုပ်အလှဆင်လျက် တံစင့်ဘိုးဘိုးကြီး(စဝ်ပူစဝ်နိုင်း) ဒေဝါနန်းမှပင့်ဆောင်ကြပြီး မိုင်းပွန်လမ်းတစ်လျှောက် မဟာမြတ်မုနိဘုရားကြီးအထိ မြို့တွင်းသို့လက်ယာရစ်ကာ ရှမ်းရိုးရာယဉ်ကျေးမှုအကအလှများ၊ ပဒေသာအကများ၊ အတီးအမှုတ်များဖြင့် ရိုးရာယဉ်ကျေးမှုအစဉ်အလာမပျက် ပါဝင်ဆင်နွှဲကြသည်။

အဆိုပါ ဆွမ်းတော်ကြီးလောင်းလှူပွဲကို သီပေါမြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးကျောင်းပေါင်း ၈၇ ကျောင်းမှ သံဃာတော် အပါး ၁၇၃၀ တို့အား ပင့်လျှောက်၍ နံနက်အရုဏ်တက်တွင် မဟာမြတ်မုနိဘုရားကြီး တန်ဆောင်းတော်အတွင်း၌ စာရေးတံမဲ(မဟာဒုတ်)မဲဖောက်ကာ ဆွမ်းနှင့် ဆွမ်းဟင်းလျာများ၊ လှူဖွယ်ပစ္စည်းများလောင်းလှူကြသည်။

**စည်ကားသိုက်မြိုက်စွာကျင်းပ**

ရှမ်းပြည်နယ် သီပေါမြို့နယ်၌ သီတင်းကျွတ် ဆွမ်းတော်ကြီးလောင်းလှူပွဲတော်၊ ကျောက်မဲမြို့နယ်၌ ဝါဆိုပန်းကပ်လှူပွဲတော်၊ လားရှိုးမြို့နယ်၌ ရှန်ခိုက်ဘုရားပွဲတော်နှင့် တောင်ကြီးမြို့နယ်၌ ဖောင်တော်ဦးမြတ်စွာဘုရား ဒေသစာရီကြွချီအပူဇော်ခံပွဲတော်အပြင် တန်ဆောင်တိုင်မီးပုံးပျံပွဲတော်တို့မှာ ကြက်ပျံမကျ အထူးစည်ကားသိုက်မြိုက်စွာကျင်းပသည့် ရိုးရာပွဲတော်များ ဖြစ်ကြောင်း သိရသည်။

**စိုင်း(သီပေါ)**

# တောင်သာမြို့နယ်ရှိ ၉၃၅ ပေ ရှည်သည့် ဆင်တဲဂချောင်းတံတား မကြာမီ ဖွင့်လှစ်မည်

**တောင်သာ အောက်တိုဘာ ၁၆**

မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် တောင်သာမြို့နယ်တွင် တည်ဆောက်ထားသည့် ဆင်တဲဂချောင်းတံတားကို အောက်တိုဘာ ၁၉ ရက်တွင် ဖွင့်လှစ်မည်ဖြစ်ကြောင်း ဆောက်လုပ်ရေးဝန်ကြီးဌာနမှ သိရသည်။



အဆိုပါ ဆင်တဲဂချောင်းတံတားမှာ ညောင်ဦး-မြင်းခြံလမ်း တံတားအမှတ်(၁၁) ၌ တည်ရှိပြီး ဆင်တဲဂချောင်းအားဖြတ်သန်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာန တည်ဆောက်ရေးအဖွဲ့(၂)မှ တာဝန်ယူတည်ဆောက်ခဲ့ခြင်းဖြစ်သည်။ တံတားတည်ဆောက်ရန်အတွက် ငွေကျပ်သန်းပေါင်း ၂၅၀၀ အကုန်အကျခံတည်ဆောက်ထားခြင်း ဖြစ်သည်။ တံတားတည်ဆောက်ရေးလုပ်ငန်းပိုင်း၌ တံတားဦးစီးဌာန တည်ဆောက်ရေးအဖွဲ့(၂)မှ ကျွမ်းကျင်အင်ဂျင်နီယာ ခုနစ်ဦးနှင့်ကာယဉာဏလုပ်သား ၃၀၀ ကျော်တို့ဖြင့် နေ့ညမပျက်လုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း တံတားစီမံကိန်းတာဝန်ခံဖြစ်သည့် ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာန တည်ဆောက်ရေးအဖွဲ့(၂) ညွှန်ကြားရေးမှူး(မြို့ပြ) ဦးဌေးဦးက ပြောသည်။

**တည်ဆောက်**

ဆင်တဲဂချောင်းတံတားပေအရှည်မှာ ၉၃၅ ပေရှိပြီး လူသွားလမ်းအကျယ် တစ်ဖက်လျှင် သုံးပေစီ ပါဝင်ကာ ယာဉ်သွားလမ်းအကျယ် ၂၄ ပေရှိ၍ နှစ်လမ်းသွား သံကူကွန်ကရစ်တံတားဖြစ်ကြောင်းလည်း သိရသည်။ တံတား၏အပေါ်ထည်အား ကြိုတင်အားဖြည့် သံကူကွန်ကရစ်ယက်မ၊ သံကူကွန်ကရစ်ကြမ်းခင်းနှင့် လက်ရန်းတို့ဖြင့် တည်ဆောက်ထားသည်။

တံတားအောက်ထည်မှာ သံကူကွန်ကရစ်အမျိုးအစားဖြစ်ကာ တံတား၏အုတ်မြစ်မှာ ၁ ဒသမ ၂ မီတာအချင်းရှိသည့် သံကူကွန်ကရစ်ဘိုးပိုင်အုတ်မြစ်အမျိုးအစားဖြစ်ကြောင်း သိရသည်။ တံတားခံနိုင်ဝန်မှာ ယာဉ်တစ်စီးချင်းခွင့်ပြုတန်ချိန် ၆၀ ဖြစ်ကြောင်း သိရသည်။

**ပိုမိုဖွံ့ဖြိုးတိုးတက်လာစေမည်**

ဆင်တဲဂချောင်းတံတားသစ်တည်ဆောက်လိုက်သောကြောင့် ပခုက္ကူမြို့နှင့်ညောင်ဦးမြို့တို့မှ ဒေသခံပြည်သူများအတွက် လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေးနှင့်ပညာရေးကဏ္ဍများဖွံ့ဖြိုးတိုးတက်လာစေမည့်အပြင် ကုန်စည်စီးဆင်းမှုများ ပိုမိုများပြားလာမည်ဖြစ်ကြောင်း၊ ထို့အပြင် ပုဂံရှေးဟောင်းနယ်မြေဘုရားနှင့် ပခုက္ကူရှေးဟောင်းဘုရားများသို့ ဘုရားဖူးများနှင့် နိုင်ငံခြားသားခရီးသွားဧည့်သည်များ ပိုမိုဝင်ရောက်လာမည်ဖြစ်၍ ဒေသခံများ၏ လူမှုစီးပွားဘဝများ မြင့်မားလာစေမည်ဖြစ်ကြောင်း တံတားစီမံကိန်းတာဝန်ခံ ဦးဌေးဦးက ပြောကြားသည်။

ထို့အပြင် ချင်းပြည်နယ်တောင်ပိုင်းမှ တိုင်းရင်းသားညီအစ်ကိုမောင်နှမများအတွက် မန္တလေးနှင့်ရန်ကုန်မြို့သို့ အဓိကထွက်ပေါက်ဖြစ်လာမည်ဖြစ်ပြီး ဆင်တဲဂချောင်းတံတားသစ်မှာ ချင်းပြည်နယ်တောင်ပိုင်း၊ ဧရာဝတီမြစ်၏ အနောက်ဘက်ခြမ်းဒေသများ၏ ထွက်ပေါက်၊ ဝင်ပေါက်ကို အကျိုးပြုသော တံတားဖြစ်လာစေမည်ဖြစ်ကြောင်းလည်း သိရသည်။

**သတင်း- ပွင့်သစ္စာ၊ ဓာတ်ပုံ- စိုးမြင့်အောင်**

## ဘင်္ဂလားပင်လယ်အော် အခြေအနေ

**နေပြည်တော် အောက်တိုဘာ ၁၆**

ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းနှင့် အနောက်အလယ်ပိုင်းတို့တွင် တိမ်ထူထပ်နေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေသည်။

**မိုး/ဇလ**

## နောက်(၂)ရက်အတွက် ခန့်မှန်းချက်

**နေပြည်တော် အောက်တိုဘာ ၁၆**

မန္တလေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်ကျားမိုးထစ်ချုန်းရွာနိုင်သည်။

**မိုး/ဇလ**

# ကမ္ဘာ့ပေးကမ်းစွန့်ကြဲမှုအညွှန်းကိန်းတွင် မြန်မာနိုင်ငံက ထိပ်ဆုံး၌ ရှိနေ

**လန်ဒန် အောက်တိုဘာ ၁၆**
ဗြိတိန်နိုင်ငံအခြေစိုက် ပရဟိတအဖွဲ့အစည်းတစ်ခုဖြစ်သော Charities Aid Foundation ၏ ကမ္ဘာ့ပေးကမ်းစွန့်ကြဲမှု အညွှန်းကိန်းမှာ ကမ္ဘာတစ်ဝန်းရှိ သဒ္ဓါတရားထက်သန်မှု အရှိဆုံးနှင့် ပေးကမ်းစွန့်ကြဲမှုအနည်းဆုံး တိုင်းပြည်များကို သတ်မှတ်ရန် နိုင်ငံပေါင်း ၁၂၈ နိုင်ငံရှိ ပြည်သူ ၁ ဒသမ ၃ သန်းကို စစ်တမ်းပြုလုပ်ခဲ့သည်။

ပြီးခဲ့သော နှစ်များအတွင်း မြန်မာပြည်သူများက ပရဟိတအဖွဲ့အစည်းများသို့ ငွေကြေးလှူဒါန်းမှု အများဆုံး ပြုလုပ်သူများဖြစ်ခဲ့ပြီး ဖြေကြားသူများ၏ ၈၁ ရာခိုင်နှုန်းက ပြီးခဲ့သောလအတွင်း ထိုသို့လှူဒါန်းမှုပြုလုပ်ခဲ့သည်ဟု ပြောဆိုသည်။ လက်ရှိဘဝတွင် ကောင်းမှုကုသိုလ်များ ပြုလုပ်လျှင် နောက်ဘဝတွင် ကောင်းကျိုးစံစားရမည်ဟု လူအများယုံကြည်ကြရာ မြန်မာနိုင်ငံ၌ သံဃာဒါနကို ကျင့်ကြံအားထုတ်သည့် ထေရဝါဒဗုဒ္ဓဘာသာဝင်များ၏ နက်ရှိုင်းသော ကိုးကွယ်ယုံကြည်မှုကြောင့် မြန်မာနိုင်ငံမှာ ပေးကမ်းစွန့်ကြဲမှုအညွှန်းကိန်းနှင့်ပတ်သက်၍ လေ့လာမှုများပြုလုပ်ရာတွင် အပြောင်းအလဲမရှိဘဲ ထိပ်ဆုံး၌ ရှိနေသည်။

ယခုနှစ် ကမ္ဘာ့ပေးကမ်းစွန့်ကြဲမှု အညွှန်းကိန်းအရ မြန်မာနိုင်ငံက ထိပ်ဆုံးတွင်ရှိသော်လည်း အမှန်တကယ် ငွေကြေးလှူဒါန်းမှုပြုလုပ်သူ အရေအတွက်မှာ ယခင်နှင့် နှိုင်းယှဉ်လျှင် နည်းပါးလာခဲ့သည်။ ထိုင်းနိုင်ငံနေ ပြည်သူ အများစုမှာ ထေရဝါဒဗုဒ္ဓဘာသာကို သက်ဝင်ကိုးကွယ်ကြပြီး ဖြေကြားသူများ၏ ၇၁ ရာခိုင်နှုန်းက ပြီးခဲ့သော လအတွင်း ပရဟိတအဖွဲ့အစည်းများသို့ ငွေကြေးလှူဒါန်းမှုများ ပြုလုပ်ခဲ့သည်ဆိုသော ဖြေကြားမှု၏ အကျိုးဆက်တစ်ခုအဖြစ် ကမ္ဘာ့ပေးကမ်းစွန့်ကြဲမှု အညွှန်းကိန်းတွင် ထိပ်ပိုင်းအဆင့်၌ ရပ်တည်နေသည်။ ဗြိတိန်၊ မော်လ်တာနှင့် နယ်သာလန်နိုင်ငံတို့မှာ သဒ္ဓါတရားထက်သန်မှုကြောင့် ကမ္ဘာ့ပေးကမ်းစွန့်ကြဲမှု အညွှန်းကိန်းတွင် ထိပ်ဆုံးငါးနိုင်ငံ၌ ပါဝင်နေသည်။

ဖြေကြားသူများ၏ ၆၁ ရာခိုင်နှုန်းက ပြီးခဲ့သော လအတွင်း ပရဟိတအဖွဲ့အစည်းများသို့ ငွေကြေးလှူဒါန်းမှုများပြုလုပ်ခဲ့သည်ဆိုသော အမေရိကန်နိုင်ငံမှာ ကမ္ဘာ့ပေးကမ်းစွန့်ကြဲမှု အညွှန်းကိန်းအရ ထိပ်ဆုံး ၁၀ နိုင်ငံစာရင်းတွင် မပါဝင်ပေ။

**ကိုးကား-Forbes**
**ဘာသာပြန် - ကျော်ထိုက်စိုး**




ဗြိတိန်နိုင်ငံအခြေစိုက် ပရဟိတအဖွဲ့အစည်းတစ်ခုဖြစ်သော Charities Aid Foundation ၏ ကမ္ဘာ့ပေးကမ်းစွန့်ကြဲမှု အညွှန်းကိန်း



## ဖိလစ်ပိုင်နိုင်ငံတွင် ပြင်းအား ၆ ဒသမ ၄ အဆင့်ရှိ ငလျင်လှုပ်

**မနီလာ အောက်တိုဘာ ၁၆**
ဖိလစ်ပိုင်နိုင်ငံတောင်ပိုင်း မင်ဒါနာယိုကျွန်းတွင် အင်အား ၆ ဒသမ ၄ အဆင့်ရှိ ငလျင်လှုပ်ခဲ့ကြောင်း အမေရိကန်ဘူမိဗေဒ လေ့လာသုံးသပ်ရေးအေဂျင်စီက သတင်းထုတ်ပြန်ခဲ့သည်။

အဆိုပါငလျင်သည် အောက်တိုဘာ ၁၆ ရက် ဒေသစံတော်ချိန် ည ၇ နာရီ ၃၇ မိနစ်တွင် မင်ဒါနာယိုကျွန်းကို ဦးတည်လှုပ်ခတ်ခဲ့ပြီး မြေအောက်အနက် အကွာအဝေး ၁၄ ကီလိုမီတာခန့်အထိ ငလျင်ပြင်းအား သက်ရောက်ခဲ့ကြောင်း သိရသည်။ ဒါဗေးယိုနှင့် ဂျန်နရယ်ဆန်းတိုးစ်မြို့များတွင်လည်း လှုပ်ခတ်ခဲ့သည်။

ငလျင်လှုပ်ခတ်စဉ် ဒေသခံပြည်သူများက လူနေအိမ်အဆောက်အဦများ၊ ဈေးဝယ်စင်တာများနှင့် ရုံးအဆောက်အဦများမှ ဦးတည်ရာမဲ့ ပြေးထွက်ခဲ့ကြပုံများကို မှတ်တမ်းတင်ဗီဒီယိုများတွင် တွေ့ရှိနိုင်သည်။ ငလျင်လှုပ်ခတ်မှုကြောင့် ပြင်းထန်စွာထိခိုက်ဒဏ်ရာရရှိမှုများနှင့် ကြီးမားသော အပျက်အစီးများမရှိခဲ့ကြောင်း ကနဦးသတင်းများအရ သိရသည်။

နိုင်ငံ၏ကုန်းတွင်းပိုင်းတွင် ငလျင်လှုပ်ခတ်ခဲ့သည့်အတွက် ဆူနာမီရေလှိုင်းအန္တရာယ် စိုးရိမ်မှုမရှိနိုင်ကြောင်း အာဏာပိုင်များက ဆိုသည်။

ငလျင်လှုပ်ခတ်ပြီးနောက် နံရံများတွင် ပက်ကြားအက်ကွဲရာများဖြစ်ပေါ်နေသည့် အိမ်များတွင် နေထိုင်ခြင်းမပြုကြရန်နှင့် နောက်ဆက်တွဲ ငလျင်လှုပ်ခတ်မှုများလည်း ရှိနိုင်သေးသည့်အတွက် သတိဖြင့်နေထိုင်ကြရန် အာဏာပိုင်များက တိုက်တွန်းပြောကြားခဲ့သည်။

**ကိုးကား-အင်န်အိတ်ချ်ကေ**
**ဘာသာပြန်-အောင်ကျော်ကျော်**

## ဘရက်ဆစ်ဆွေးနွေးပွဲတွင် အရေးကြီးကိစ္စများ ဖြေရှင်းရန်ကျန်ရှိနေသေးကြောင်း အိုင်ယာလန်ဝန်ကြီးချုပ် ပြောကြား

**ဒပ်ဘလင် အောက်တိုဘာ ၁၆**
ဗြိတိန်အနေဖြင့် အီးယူမှ နုတ်ထွက်ရန်အတွက် သဘောတူညီချက်တစ်ရပ် ရယူနိုင်လိမ့်မည်ဟု မျှော်လင့်ကြောင်း၊ သို့သော်လည်း ဆွေးနွေးပွဲအတွက် သတ်မှတ်ထားသည့် နောက်ဆုံးအချိန် နီးကပ်လာချိန်တွင် ခလုတ်တံသင်းဖြစ်နေသည့် အချက်များစွာသည် မဖြေရှင်းနိုင်ဘဲ ရှိနေသေးကြောင်း အိုင်ယာလန်ဝန်ကြီးချုပ် လီယိုဗာရတ်ကာက ဗုဒ္ဓဟူးနေ့က ပြောကြားသည်။



အဓိက အတားအဆီးဖြစ်နေသည့် ကိစ္စမှာ အီးယူမှ ဗြိတိန်ခွဲထွက်ပြီးနောက် ဗြိတိန်၏ မြောက်အိုင်ယာလန်ပြည်နယ်နှင့် အီးယူအဖွဲ့ဝင် အိုင်ယာလန်အကြား နယ်စပ်ကို မည်သို့စီမံခန့်ခွဲမည်ဆိုသည့် ကိစ္စဖြစ်သည်။ နှစ်ဖက်စလုံးသည် ယင်းနယ်စပ်ကို ရဲတပ်ဖွဲ့၊စစ်တပ်တို့ဖြင့် တင်းတင်းကျပ်ကျပ် ထိန်းချုပ်ထားသည့် နယ်စပ်အဖြစ် ပြန်လည်အသက်မသွင်းလိုပေ။

ယင်းနယ်စပ်ကို တင်းတင်းကျပ်ကျပ် ထိန်းချုပ်ပါက နှစ်ပေါင်း ၂၀ ကျော်ကြာ ငြိမ်းချမ်းရေးရရှိပြီး နောက်ပိုင်း အိုင်ယာလန် ရီပတ်ဘလီကန်များကို ထောက်ခံသူများနှင့် ယူကေကို ထောက်ခံသည့် မြောက်အိုင်ယာလန်ကို ဗြိတိန်အတွင်း ဆက်လက်တည်ရှိစေလိုသူများအကြား အကြမ်းဖက်မှုများ ဖြစ်ပေါ်လာစေနိုင်သည့် အန္တရာယ်ရှိနေသည်။

ဗြိတိန်ဝန်ကြီးချုပ် ဘောရစ်ဂျွန်ဆင်က သဘောတူညီချက်ရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ အောက်တိုဘာ ၃၁ ရက်တွင် အီးယူမှ ဗြိတိန်နုတ်ထွက်မည်ဟု ဆိုသည်။ လန်ဒန်မြို့တော်တွင် ဘရက်ဆစ်ဝန်ကြီး စတိဗ်ဘာကလေသည် ဆွေးနွေးပွဲအကြောင်းအရာများ နှင့်ပတ်သက်၍ လုံးဝထုတ်ဖော်ပြောဆိုခြင်းမရှိပေ။ အကယ်၍ သဘောတူညီချက် မရပါက ဆွေးနွေးပွဲအတွက် သတ်မှတ်ရက် တိုးပေးရန် မေတ္တာရပ်ခံတင်ပြရမည့် ဥပဒေကို အစိုးရအနေဖြင့် လိုက်နာရန်လိုမည်ဟု ၎င်းက အတည်ပြုပြောကြားသည်။

အကယ်၍ ပါလီမန်အမတ်များက အောက်တိုဘာ ၁၉ ရက်နေ့တွင် သဘောတူညီချက်ကို အတည်မပြုခဲ့သော် ဝန်ကြီးချုပ်သည် အီးယူမှ ဗြိတိန်နုတ်ထွက်မည့်ကိစ္စကို ရွှေ့ဆိုင်းပေးရန် အီးယူသို့ စာရေးသားအကြောင်းကြားရမည်ဟု ယင်းဥပဒေတွင် ဖော်ပြသည်။ အောက်တိုဘာ ၃၁ ရက်နေ့တွင် အီးယူမှ နုတ်ထွက်ရေးသည် အရေးကြီးကြောင်း၊ သဘောတူညီချက်ရရှိပါက ပါလီမန် အမတ်များက ယင်းကိစ္စကို မြန်မြန်ဆန်ဆန် အတည်ပြုနိုင်မည်ဖြစ်ကြောင်း ပါလီမန်အထူးကော်မတီတွင် ဘာကလေက ပြောကြားခဲ့ကြောင်း သိရသည်။

**ကိုးကား - အေအက်ဖ်ပီ**
**ဘာသာပြန်- အောင်ဇော်လင်း**

## အင်ဒိုနီးရှားသမ္မတ ကျမ်းသစ္စာကျိန်ဆိုပွဲ၌ လုံခြုံရေးတပ်ဖွဲ့ဝင် ၃၀၀၀၀ ကျော် တပ်ဖြန့်ချထားမည်

**ဂျကာတာ အောက်တိုဘာ ၁၆**
အောက်တိုဘာ ၂၀ ရက်တွင် ကျင်းပမည့် အင်ဒိုနီးရှားနိုင်ငံ သမ္မတဂျိုကိုဝီဒိုဒို၏ ဒုတိယမြောက် သမ္မတသက်တမ်းကျမ်းသစ္စာကျိန်ဆိုပွဲ အခမ်းအနားကျင်းပချိန် မြို့တော်တစ်ဝန်းရှိ အထင်ကရနေရာများတွင် လုံခြုံရေးတပ်ဖွဲ့ဝင်အင်အား ၃၀၀၀၀ ကို တပ်ဖြန့်ချထားမည်ဖြစ်ကြောင်း ဂျကာတာရဲတပ်ဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူ အာဂိုယူဝိုနိုက အောက်တိုဘာ ၁၅ ရက်တွင် ပြောကြားခဲ့သည်။

မြို့တော်ဂျကာတာအလယ်ပိုင်းရှိ ပါလီမန်အဆောက်အအုံတွင် ကျင်းပမည့် သမ္မတဝီဒိုဒိုနှင့် ဒုတိယသမ္မတမာရွတ်အာမင်တို့၏ ကျမ်းသစ္စာကျိန်ဆိုပွဲသို့ အခြားသော နိုင်ငံများမှ နိုင်ငံ့ခေါင်းဆောင်များနှင့် တာဝန်ရှိသူများ တက်ရောက်မည်ဖြစ်သည့်အတွက် လုံခြုံရေးဆိုင်ရာ ကြိုးပမ်းမှုများကို အထူးပြင်ဆင်ထားကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

အဆိုပါအခမ်းအနားသို့ တရုတ်နိုင်ငံ ဒုတိယသမ္မတ၊ မလေးရှားဝန်ကြီးချုပ်၊ စင်ကာပူဝန်ကြီးချုပ်၊ သြစတြေးလျနိုင်ငံ ဝန်ကြီးချုပ်တို့ အပါအဝင် နိုင်ငံ့ခေါင်းဆောင်အများအပြား တက်ရောက်ကြမည်ဖြစ်သည်။

နိုင်ငံ့ခေါင်းဆောင်များ ကျမ်းသစ္စာကျိန်ဆိုမည့် ပါလီမန်အဆောက်အအုံ ရောက်သည်အထိ လုံခြုံရေးအစောင့်အရှောက်များဖြင့် လုံခြုံရေးဆိုင်ရာများကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်းလည်း ရဲတပ်ဖွဲ့ပြောခွင့်ရပုဂ္ဂိုလ်က ပြောကြားသည်။

ကျမ်းသစ္စာကျိန်ဆိုပွဲကျင်းပမည့် အောက်တိုဘာ ၁၅ ရက်မှ ၂၀ ရက်အထိ မြို့တော်ဂျကာတာတွင် မည်သည့်ဆန္ဒပြပွဲကိုမဆို ခွင့်ပြုမည်မဟုတ်ကြောင်း ဂျကာတာရဲတပ်ဖွဲ့အကြီးအကဲ ဂါတော့အက်ဒီပရာမိုနိုက ပြောကြားသည်။

ပါလီမန်ကအတည်ပြုသော ဥပဒေမူကြမ်းနှင့်ပတ်သက်ပြီး ကျောင်းသားများက ကန့်ကွက်ဆန္ဒပြမှုနှင့်အတူ အခြားသောမြို့ကြီးများတွင်လည်း အငြင်းပွားမှုများရှိခဲ့သည်။

လုံခြုံရေးဝန်ကြီး ဝီရန်တိုက ကြာသပတေးနေ့နှောင်းပိုင်းတွင် ဘန်တန်ပြည်နယ်ရှိ အစ္စလာမ့်ကျောင်းတစ်ကျောင်းသို့ အလည်အပတ်သွားရောက်စဉ် အစ္စလာမ့်နိုင်ငံတော် ထူထောင်ရေးအုပ်စုနှင့် ဆက်သွယ်မှုရှိသော စစ်သွေးကြွတစ်ဦး၏ နှစ်ကြိမ်တိုင်တိုင် လုပ်ကြံမှုကိုခံခဲ့ရသည်။

ဂျိုကိုဝီဟု လူသိများသည့် သမ္မတဝီဒိုဒိုသည် ပြီးခဲ့သည့် ဧပြီလကကျင်းပခဲ့သည့် သမ္မတရွေးကောက်ပွဲတွင် ၎င်း၏ပြိုင်ဘက် ယခင်စစ်ဗိုလ်ချုပ်ကြီး ပရာဘိုဝိုဆုဘီအန်တိုကို အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-အလင်းသစ်**

# ကိုယ်စားလှယ်လောင်း အဲလီဇဘက်ဝါရန် စကားစစ်ထိုးပွဲတွင် ဝေဖန်တိုက်ခိုက်မှုများနှင့် ကြုံတွေ့

**ဝါရှင်တန် အောက်တိုဘာ ၁၆**

၂၀၂၀ အမေရိကန်သမ္မတရွေးကောက်ပွဲအကြို စကားစစ်ထိုးပွဲတွင် ကိုယ်စားလှယ်လောင်း အမျိုးသမီး အဲလီဇဘက်ဝါရန် အနေဖြင့် ၎င်းအားထောက်ခံသူ ဒီမိုကရက်များထံမှ အဆက်မပြတ် ဝေဖန်တိုက်ခိုက်မှုများခံနေရကြောင်း ယနေ့သတင်းများအရ သိရသည်။

လက်ရှိအခြေအနေတွင် ဝါရန်အနေဖြင့် သမ္မတ ဒေါ်နယ်ထရန့်အား ယှဉ်ပြိုင်နိုင်သည့် အနေအထားတွင် ရှိသည်။ ဂျိုးဘိုင်ဒင်အပါအဝင် ဒီမိုကရက် အများစုက သမ္မတထရန့်အား ဆီးရီးယားမှ တပ်ဖွဲ့များ ရုပ်သိမ်းမှုအပေါ် ရှုတ်ချဝေဖန်ခဲ့သည်။ ထို့အတူ ၂၀၂၀ သမ္မတလောင်း ရွေးပွဲတွင် ဒုသမ္မတဟောင်း ဂျိုးဘိုင်ဒင်နှင့် အပြိုင်ရေပန်းစားလျက်ရှိသော ဝါရန်က ထရန့်အား စွပ်စွဲပြစ်တင်ခဲ့သည်။ ဝါရှင်တန်တွင်ပြုလုပ်သော စကားစစ်ထိုးပွဲတွင် သမ္မတ ထရန့်အား စွပ်စွဲပြစ်တင်မှုများသည် အမေရိကန်နိုင်ငံရေးလောကတွင် ရက်သတ္တပတ်ပေါင်းများစွာ လွှမ်းမိုးနေခဲ့ပြီး ဘိုင်ဒင်၏ မရိုးသားမှုများကို ဖော်ထုတ်ရန် ထရန့်၏ ယူကရိန်းအား ဖိအားပေးမှုများကိုလည်း ပေါ်လွင်လာစေခဲ့သည်။

ထရန့်အား တရားစွဲဆို အရေးယူသင့်သည်ဟု မိမိယုံကြည်ကြောင်း ဘိုင်ဒင်ကပြောကြားခဲ့သည်။ မိမိ၏သားသည် ယူကရိန်းကုမ္ပဏီနှင့် လုပ်ငန်းများဆောင်ရွက်ရာတွင် အမှားအယွင်း တစ်စုံတစ်ရာမပြုလုပ်ခဲ့သလို မိမိလည်း အမှားအယွင်း တစ်စုံတစ်ရာ မပြုလုပ်ခဲ့ကြောင်း ဘိုင်ဒင်က ဆိုသည်။ သမ္မတ ထရန့်၏ဆီးရီးယားမှအမေရိကန်တပ်ဖွဲ့များ ရုပ်သိမ်းခဲ့သည့် အစီအစဉ်မှာ ရှက်ဖွယ်ကောင်းကြောင်း ဘိုင်ဒင်က ပြောဆိုခဲ့သည်။

ဝါရန်အနေဖြင့် ကျန်းမာရေး၊ အခွန်ကောက်ခံရေးနှင့် နိုင်ငံခြားရေးဆိုင်ရာမူဝါဒ၊ စီးပွားရေးဆိုင်ရာ နည်းပညာတို့တွင် ၎င်းအား ထောက်ခံသူဒီမိုကရက်များ၏ ပြင်းထန်သော ထိုးနှက်မှုများကိုခံခဲ့ရသည်။ ကျန်းမာရေးကဏ္ဍတွင် ဝါရန်တင်ပြမှု အားလုံးအတွက် ကျန်းမာရေးဟူသောစနစ်မှာ ကုန်ကျစရိတ် မည်မျှရှိမည်ကို ရှင်းလင်းရန် အလယ်အလတ်သမားများက မေးမြန်းခဲ့သည်။

**ကိုးကား-အေအက်ဖ်ပီ**
**ဘာသာပြန်-စိုးသူရ**



လွှတ်တော်ကိုယ်စားလှယ် ဘာနီဆန်ဒါ၊ ဒုသမ္မတဟောင်း ဂျိုးဘိုင်ဒင်နှင့်လွှတ်တော်ကိုယ်စားလှယ် အဲလီဇဘက်ဝါရန်

# အီကွေဒေါ ဆန္ဒပြမှုများအတွင်း ခြောက်ဦးသေ၊ ၁၅၀၀ ကျော် ဒဏ်ရာရ

**ကွီတို အောက်တိုဘာ ၁၆**

လောင်စာဆီဈေးနှုန်းများ မြင့်တက်မှုကြောင့် အစပြုဖြစ်ပွားခဲ့သည့် ၁၀ ရက်ကျော်ကြာ အစိုးရဆန့်ကျင်ရေးဆန္ဒဖော်ထုတ်မှုများအတွင်း လူခြောက်ဦး သေဆုံးပြီး ၁၅၀၇ ဦး ဒဏ်ရာရရှိကြောင်း အီကွေဒေါအစိုးရက ပြောကြားလိုက်သည်။

လက်သရမ်း ဖျက်ဆီးခြင်းကဲ့သို့သောဆန္ဒပြမှုနှင့် ဆက်စပ်သည့် ပြစ်မှုများကြောင့် စုစုပေါင်းလူ ၁၃၃၀ ကို ဖမ်းဆီးခဲ့ကြောင်း ရဲတပ်ဖွဲ့အကြီးအကဲ ဗိုလ်ချုပ်ကြီး နယ်လ်ဆင်ဗီလီဂတ်စ်နှင့် အတူပြုလုပ်သည့် ပူးတွဲသတင်းစာရှင်းလင်းပွဲတစ်ရပ်၌ ပြည်ထဲရေးဝန်ကြီး မာရီယာပေါ်လာရိုမိုက ပြောကြားသည်။ အောက်တိုဘာ ၁ ရက်တွင် ထုတ်ပြန်ခဲ့သည့် ဓာတ်ဆီနှင့် ဒီဇယ်ဈေးနှုန်းများ၊ အများပြည်သူယာဉ်စီးခများတိုးမြှင့်သည့် သမ္မတအမိန့်ကြောင့် အောက်တိုဘာ ၃ ရက်မှ ၁၃ ရက်အထိ အီကွေဒေါနိုင်ငံ၌ ဆန္ဒဖော်ထုတ်မှုများ ဖြစ်ပွားခဲ့သည်။

ဖမ်းဆီးခံရသူ ၁၃၃၀ အနက် ၅၇ ဦးမှာ နိုင်ငံခြားသားများဖြစ်ပြီး ၎င်းတို့ အများစုကို ၂၄ နာရီအတွင်း ပြန်လွှတ်ပေးခဲ့ကြောင်း မာရီယာက ဆိုသည်။ ဆန္ဒဖော်ထုတ်မှုများ၏ အကျိုးဆက်တစ်ခုအဖြစ် ရဲတပ်ဖွဲ့ဝင် ၄၃၅ ဦးအပါအဝင် လူပေါင်း ၁၅၀၇ ဦးကို အများပြည်သူ ကျန်းမာရေးစောင့်ရှောက်မှုဌာနများ၌ ကုသပေးခဲ့ရသည်။ တာဝန်ရှိသူများက ဆန္ဒပြခေါင်းဆောင်များနှင့် နာရီပေါင်းများစွာကြာ တွေ့ဆုံပြီးနောက် အီကွေဒေါသမ္မတ လီနင်မိုရန်နိုက အမိန့်ကိုရုပ်သိမ်းရန် အောက်တိုဘာ ၁၄ ရက်တွင် သဘောတူခဲ့သည်။

အစိုးရက ပြည်သူအများစုတတ်နိုင်သော လောင်စာဆီဈေးနှုန်းများသတ်မှတ်မည့် အစီအစဉ်သစ်တစ်ခုလုပ်ဆောင်ရန် အစိုးရတာဝန်ရှိသူများနှင့် ဆန္ဒပြခေါင်းဆောင်များက သဘောတူခဲ့သည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန် – ကျော်ထိုက်စိုး**



# မုန်တိုင်းသင့် ပြည်သူများအတွက် ဒေါ်လာ ၆ ဒသမ ၅ သန်း သုံးစွဲမည်ဟု ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးပြော

**တိုကျို အောက်တိုဘာ ၁၆**

တိုင်ဖွန်းမုန်တိုင်း ဟာဂီဘစ်တိုက်ခတ်မှုဒဏ်ခံခဲ့ရသော ပြည်သူများအတွက် သဘာဝဘေးအန္တရာယ် ကယ်ဆယ်ရေးလုပ်ငန်းဆောင်ရွက်ရန် ဂျပန်အစိုးရက ရန်ပုံငွေ အမေရိကန်ဒေါ်လာ ၆ ဒသမ ၅ သန်း သတ်မှတ်သွားမည်ဟု ဝန်ကြီးချုပ် ရှင်ဇိုအာဘေးက ပြောကြားသည်။

မုန်တိုင်းသင့်ပြည်သူများအတွက် ပြန်လည်ထူထောင်ရေးရန်ပုံငွေကို၂၀၁၉ ခုနှစ် နိုင်ငံ့ဘတ်ဂျက်အရန်ရန်ပုံငွေမှ ထုတ်ပေးမည်ဟု ယနေ့ကျင်းပသည့် အထက်လွှတ်တော် ဘတ်ဂျက်ကော်မတီအစည်းအဝေး၌ ရှင်ဇိုအာဘေးက ပြောကြားသည်။ ငွေကြေးကို အရေးပေါ်ကယ်ဆယ်ရေးပစ္စည်းများ ပို့ဆောင်ရန်နှင့် မုန်တိုင်းအတွင်း အသက်ရှင်ကျန်ရစ်သူများအတွက် ပံ့ပိုးကူညီမှုမြှင့်တင်ရန် သုံးစွဲမည်ဖြစ်ကြောင်း ၎င်းကဆိုသည်။ စည်ပင်သာယာရေးအဖွဲ့များက ငွေကြေးနှင့်ပတ်သက်၍ ပူပန်စရာမလိုဘဲ လိုအပ်သော အရေးပေါ်တုံ့ပြန်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများလုပ်ဆောင်ရန် အစိုးရကခွင့်ပြုမည်ဟု ရှင်ဇိုအာဘေးကဆိုသည်။

ရဲတပ်ဖွဲ့ မီးသတ်တပ်ဖွဲ့ ကမ်းခြေစောင့်တပ်ဖွဲ့နှင့် ကိုယ်ပိုင်ကာကွယ်ရေးတပ်ဖွဲ့ဝင် ၁၁၀၀၀၀ ခန့်မှာရှာဖွေရေးနှင့် ကယ်ဆယ်ရေးလုပ်ငန်းများတွင် အချိန်ပြည့် ဆောင်ရွက်နေကြောင်းလည်း ပြောကြားခဲ့သည်။ ကမ်းပါးကျိုးပေါက်ခဲ့သည့်မြစ်များ၌ ယာယီတာပေါင်ရိုးများ တည်ဆောက်နေပြီး စီရင်စု ၁၆ ခုမှ နေရာ ၅၈ ခုတွင် ယမန်နေ့မှစ၍ ရေကြီးရေလျှံမှုများကျဆင်းသွားပြီဟု ၎င်းကဆိုသည်။ **ကိုးကား-အင်န်အိတ်ချ်ကေ၊ ဘာသာပြန် – ကျော်ထိုက်စိုး**

# ဆီးရီးယားပဋိပက္ခ အရှိန်မြင့်မားနေစဉ် တူရကီသမ္မတအား ရုရှားသို့လည်ပတ်ရန် ပူတင်ဖိတ်ကြား

**မော်စကို အောက်တိုဘာ ၁၆**

ရုရှားသမ္မတ ဗလာဒီမာပူတင်နှင့် တူရကီသမ္မတအာဒိုဂန်တို့သည် ဆီးရီးယားနိုင်ငံအတွင်း လက်ရှိဖြစ်ပွားနေသော ပဋိပက္ခနှင့် ပတ်သက်၍ တယ်လီဖုန်းဖြင့် ဆက်သွယ်ဆွေးနွေးခဲ့ကြပြီး ပူတင်က အာဒိုဂန်အား ရုရှားနိုင်ငံသို့ မကြာမီလာရောက်လည်ပတ်ရန် ဖိတ်ကြားခဲ့သည်ဟု ရုရှားသမ္မတနန်းတော်က အောက်တိုဘာ ၁၅ ရက်တွင် ပြောကြားသည်။

ပူတင်သည် အလုပ်သဘောအလည်အပတ်ခရီးစဉ်တစ်ခုအတွက် အာဒိုဂန်ကို ဖိတ်ကြားခဲ့ခြင်းဖြစ်ပြီး အာဒိုဂန်အနေဖြင့် ယင်းဖိတ်ကြားချက်ကို သဘောတူလက်ခံထားကြောင်း သမ္မတနန်းတော်က ထပ်မံပြောကြားသည်။

နှစ်နိုင်ငံခေါင်းဆောင်တို့သည် ဆက်သွယ်ဆွေးနွေးစဉ် တူရကီတပ်ဖွဲ့နှင့် ဆီးရီးယားတပ်မတော်တို့အကြား ထိပ်တိုက်ရင်ဆိုင်ခြင်းမှ ကာကွယ်ဟန့်တားရေးအတွက် လိုအပ်ပုံကို အလေးထားဆွေးနွေးခဲ့ကြကြောင်း သိရသည်။

တူရကီသမ္မတအာဒိုဂန်က သမ္မတပူတင်ကို တယ်လီဖုန်းဖြင့် ဆက်သွယ်ခေါ်ဆိုခဲ့ခြင်းဖြစ်ပြီး ဆွေးနွေးနေကြစဉ် အာဒိုဂန်က ဆီးရီးယားနိုင်ငံအတွင်းရှိ အကြမ်းဖက်သမားများသည် ဆီးရီးယားနိုင်ငံမြောက်ဘက်အခြေစိုက် ကာ့ဒ်စစ်သွေးကြွအုပ်စုအပေါ် တူရကီတပ်ဖွဲ့၏ ထိုးစစ်ဆင်မှုနောက်ပိုင်း အိမ်နီးချင်းနိုင်ငံများသို့ ထွက်ပြေးတိမ်းရှောင်ရန် ကြိုးပမ်းလုပ်ဆောင်လျက်ရှိကြသည်ဟု ပြောဆိုခဲ့ပြီးနောက် သမ္မတပူတင်သည် စိုးရိမ်မကင်းဖြစ်ခဲ့ရကြောင်း သိရသည်။

သို့သော် ကာ့ဒ်စစ်သွေးကြွအုပ်စုနှင့် တူရကီတပ်ဖွဲ့အကြား ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးအတွက် နှစ်ဖက်အကြား ညှိနှိုင်းဆွေးနွေးမှုပြုလုပ်ရန် အမေရိကန်ပြည်ထောင်စုအပါအဝင် အင်အားကြီးနိုင်ငံများ၏ တိုက်တွန်းမှုကို အာဒိုဂန်က အောက်တိုဘာ ၁၆ ရက်တွင် လုံးဝပယ်ချလိုက်သည်။ တူရကီအစိုးရ၏ တစ်ခုတည်းသော ရွေးချယ်မှုမှာ ဆီးရီးယားအခြေစိုက် ကာ့ဒ်စစ်သွေးကြွအုပ်စုအနေဖြင့် လက်နက်ချပြီး ဆုတ်ခွာရေးပင်ဖြစ်ကြောင်း၊ သို့မှသာ ဆီးရီးယားနိုင်ငံအတွင်းရှိ ပြဿနာများကို အမြန်ဆုံးကိုင်တွယ်ဖြေရှင်းနိုင်မည်ဖြစ်ကြောင်း အာဒိုဂန်က အခိုင်အမာ ပြောကြားခဲ့သည်။

**ကိုးကား – အေအက်ဖ်ပီ**
**ဘာသာပြန် – ဂျေတီ**


ရုရှားသမ္မတ ဗလာဒီမာပူတင်နှင့် တူရကီသမ္မတအာဒိုဂန်

# မြို့နယ်အချို့တွင် မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**နေပြည်တော် အောက်တိုဘာ ၁၆**
မိုးညှင်းမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် အောက်တိုဘာ ၁၅ ရက် ည ၈ နာရီခွဲက မိုးညှင်းမြို့နယ် နန့်ပုတ်ကျေးရွာ အနီး ပြည်ထောင်စုလမ်းပေါ်တွင် ကျော်စိုး မောင်းနှင်ပြီး စိုးဝင်း လိုက်ပါလာသည့် ဆိုင်ကယ်ကို ရပ်တန့်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၇၆၀၀ နှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကို လည်းကောင်း၊ အလားတူ ယင်းနေ့မွန်းလွဲ ၂ နာရီခွဲက စစ်ကိုင်းတိုင်းဒေသကြီးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မုံရွာမြို့ ရန်ကင်းရပ်ကွက် ကျောက္ကာလမ်းနေ ဖုန်းဝေသန့်(ခ) ကိုဖုန်း၏ နေအိမ်ကို ရှာဖွေရာ ၎င်းနှင့်အတူ အောင်ဖြိုးခန့်၊ ဉာဏ်လင်းအောင်၊ နေမျိုးထွန်းတို့အား တွေ့ရှိရပြီး စိတ်ကြွရူးသွပ် ဆေးပြား ၃၈၄၃ ပြား၊ စိတ်ကြွရူးသွပ်ဆေး အကြေမှုန့် ၁၁ ဂရမ်နှင့် ငွေကျပ် ၅၁၀၀၀၀ တို့ကိုလည်းကောင်း၊ ထို့အတူ ညနေ ၃ နာရီခွဲ တွင် မြိတ်မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များ ပါဝင် သော ပူးပေါင်းအဖွဲ့သည် မြိတ်မြို့ မြိတ်တောင် ရပ်ကွက် နီလာလမ်းရှိ မော်တော် ဆိုင်ကယ်ရေဆေးခုံတွင် မသက်ဘဖွယ်အိတ် တစ်အိတ်အား တွေ့ရှိသဖြင့်စစ်ဆေးရာ စိတ်ကြွ ရူးသွပ်ဆေးပြား ၆၀၀၀ သိမ်းဆည်းရမိသဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲ စေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေး ယူထားကြောင်း သိရသည်။ ရဲပြန်ကြား



နေမျိုးထွန်း၊ ဉာဏ်လင်းအောင်၊ အောင်ဖြိုးခန့်၊ ဖုန်းဝေသန့်(ခ) ကိုဖုန်းတို့အား သိမ်ဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

# ဧရာဝတီ၊ မကွေး၊ တနင်္သာရီ၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ကချင်၊ ရခိုင်ပြည်နယ်တို့၌ တရားမဝင်သစ်များ သိမ်းဆည်းရမိ

**နေပြည်တော် အောက်တိုဘာ ၁၆**
သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန သစ်တောဦးစီးဌာန သည် ပြည်သူပူးပေါင်းပါဝင်မှုဖြင့် လူထုအခြေပြု စောင့်ကြပ်ကြည့်ရှုသတင်းပို့စနစ်ဖြင့် အောက်တိုဘာ ၈ ရက်မှ ၁၃ ရက်အထိ ဧရာဝတီ၊ မကွေး၊ တနင်္သာရီ၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ကချင်နှင့် ရခိုင်ပြည်နယ်အတွင်း၌ တရားမဝင် သစ်များ သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။



သစ်တောဦးစီးဌာနမှ ဝန်ထမ်းများနှင့် နယ်မြေတာဝန်ရှိသူများပါဝင်သော ပူးပေါင်း အဖွဲ့သည် ဖျာပုံမြို့နယ် ဝဲကြီးချောင်းအတွင်း၌ ယာဉ်တစ်စီးနှင့်အတူ တရားမဝင် တောင်သရက် ခွဲသား ၁၇ ဒသမ ၄၈၇၆ တန်ကိုလည်းကောင်း၊ ထီးလင်းမြို့နယ် ထန်းပင်ကုန်းကျေးရွာအနီး၌ ယာဉ်တစ်စီးနှင့်အတူ တရားမဝင်ပိတောက်ခွဲ သား ၆ ဒသမ ၉၈၃၂ တန်ကိုလည်းကောင်း၊ သရက်ချောင်းမြို့နယ် ဝက်တိုးအိုင်ချောင်း အနီး၌ တရားမဝင်ပိတောက်ခွဲသား ၁ ဒသမ ၈၆၂၈ တန်ကိုလည်းကောင်း၊ စစ်ကိုင်းတိုင်း ဒေသကြီး မံမော်ကြိုးဝိုင်း ၅၀ အတွင်း၌ တရား မဝင် ကျွန်း ၁၄ ဒသမ ၅၆၉၆ တန်ကိုလည်း ကောင်း၊ ဖောင်းပြင်မြို့နယ် နောင်းမနား ကျေးရွာအနီး၌ တရားမဝင်သစ် တန် ၂၇ ဒသမ ၆၆၅၀ နှင့် ဆက်စပ်ပစ္စည်းများကိုလည်း ကောင်း၊ ဝိုင်းမော်မြို့နယ် ရွှေညောင်ပင် ကျေးရွာအနီး၌ တရားမဝင်သစ် ၃ ဒသမ ၄၀၈ တန်နှင့် ဆက်စပ်ပစ္စည်းများကိုလည်းကောင်း၊ သံတွဲမြို့နယ် သူငွေးချောင်းနံဘေးအနီး၌ တရားမဝင်သစ် ၄ ဒသမ ၀၆ တန်ကိုလည်း ကောင်း ပိုင်ရှင်မဲ့ သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

အလားတူ မုံရွာမြို့အဝင် တရားမဝင် ကုန်သွယ်မှုတားဆီးနှိမ်နင်းရေးအဖွဲ့ စုံစမ်း စစ်ဆေးရေးဂိတ်၌ တရားမဝင်သစ် ၃ ဒသမ ၃၁၂၈ တန်ကို ပြစ်မှုကျူးလွန်သူတစ်ဦးနှင့် အတူ ဖမ်းဆီးရမိခဲ့ပြီး ဥပဒေနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိကြောင်း သစ်တောဦးစီး ဌာနမှ သိရသည်။ ကိုမျိုး

# ၂၂ ဘီးယာဉ်မှ နောက်တွဲဘီးကျွတ်ထွက် ဆိုင်ကယ်စီးလာသူများအား ထိမှန်၍ ဒဏ်ရာများရရှိ

**ကျောက်တံခါး အောက်တိုဘာ ၁၆**
ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် ပဲနွယ်ကုန်းမြို့ ကမ္ဘောဇ ရပ်ကွက် ရန်ကုန်-မန္တလေးလမ်းဟောင်း မိုင်တိုင် (၁၀၆/၀)၌ အောက်တိုဘာ ၁၅ ရက် ညနေ ၆ နာရီခန့်က ဆီဘောက်ဆာ ၂၂ ဘီးယာဉ်တွဲ နောက်ဘီးကျွတ်ထွက်ပြီး တစ်ဖက်ယာဉ်ကြောမှ မောင်းနှင်လာသော ဆိုင်ကယ်အား တိုက်မိခဲ့ကြောင်း သိရ သည်။

သတင်းအရ ပဲနွယ်ကုန်းနယ်မြေရဲစခန်းမှ ဒုရဲအုပ်မျိုးမင်းနိုင်နှင့် ပူးပေါင်းအဖွဲ့က သွားရောက်စစ်ဆေးရာ မန္တလေးမှ ရန်ကုန်သို့ ခင်မောင်ထွန်းသည် ၂၂ ဘီးယာဉ်အား လမ်းမအတိုင်း မောင်းနှင်လာစဉ် ယာဉ်တွဲ၏ဝဲဘက်ခြမ်း ကားဘီးနှစ်ဘီးမှာ ကျွတ်ထွက်ပြီး မျက်နှာချင်းဆိုင် တစ်ဖက်ယာဉ်ကြောမှ ဒေါ်ဝင်းသီတာ ပဲနွယ်ကုန်းမြို့ အလယ်ခင်ကျေးရွာနေသူ စီးနင်းလာသော ဆိုင်ကယ်နှင့် ဒေါ်ပပဝင်း ကမ္ဘောဇ ရပ်ကွက်နေသူ မောင်းနှင်ပြီး မချစ်ပိုပိုထွေး ကျေးရိုးရွာ၊ မစံရတီဝင့်ဝါ (၄)နှစ်၊ မောင်ခန့်ဦးသာ (၁)နှစ်ခွဲ ကမ္ဘောဇရပ်ကွက်နေသူတို့ လိုက်ပါ လာသော ဆိုင်ကယ်တို့အား ထိမှန်ခဲ့ရာ ဆိုင်ကယ် စီးလာသူငါးဦးတို့တွင် ဒဏ်ရာများရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ယာဉ်မောင်း ခင်မောင်ထွန်းအား ပဲနွယ်ကုန်းနယ်မြေရဲစခန်းက အမှုဖွင့်ထားကြောင်း သိရသည်။

ကျော်ကျော်(မလှိုင်)

# အောင်မြေသာစံမြို့နယ်တွင် မီးအားမြှင့်စက် အပူလွန်ကဲရာမှ မီးလောင်မှုဖြစ်

**မန္တလေး အောက်တိုဘာ ၁၆**
မန္တလေး အောင်မြေသာစံမြို့နယ် ပြည်ကြီးကျက်သရေအရှေ့ရပ်ကွက် ၂၃လမ်း၊ ၈၁ လမ်း နှင့် ၈၂ လမ်းကြားရှိ အမှတ်(၂၁) အခြေခံပညာမူလတန်းကျောင်း မြောက်ဘက်ရှိ လူနေဆိုင်ခန်း များတွင် ယနေ့ ညနေ ၃ နာရီ ၁၅ မိနစ်ခန့်က အခန်းအမှတ် (B-7/8) စတေကာနှင့် ကားအလှဆင် ပစ္စည်းဆိုင်၌ မီးအားမြှင့်စက်အပူလွန်ကဲရာမှ မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

မီးလောင်မှုကြောင့် အနံ ၈ ပေ၊ အလျား ၁၂ ပေ နံကပ်၊ သွပ်မိုးနှစ်ထပ် လူနေဆိုင်ခန်း ငါးခန်း မီးလောင်ဆုံးရှုံးခဲ့ကြောင်း သိရသည်။

မီးလောင်ရာသို့ တိုင်းဒေသကြီး မီးသတ်ဦးစီးမှူး ဦးသန်းဇော်ဦး၊ ခရိုင်မီးသတ်ဦးစီးမှူး ဦးထက်အောင်၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးမြင့်ခိုင်တို့ဦးစီး၍ သန္နေတပ်ဖွဲ့ဝင် ၃၀ ၊ အရန် မီးသတ်တပ်ဖွဲ့ဝင် ၇၀ တို့က အုပ်ချုပ်မှုယာဉ် သုံးစီး၊ မီးငြိမ်းသတ်ယာဉ် အစီး ၃၀၊ ရေသယ်ယာဉ် ငါးစီးတို့ဖြင့် ငြိမ်းသတ်ခဲ့ရာ ညနေ ၃ နာရီ ၄၅ မိနစ်တွင် မီးငြိမ်းသတ်နိုင်ခဲ့ကြောင်း သိရသည်။

အဆိုပါ မီးလောင်မှုကြောင့် မီးပေါ့ဆစွာသုံးစွဲသူ ဦးသင်းကိုကိုဇင်အား အမှတ်(၅) မြို့မရဲတပ်ဖွဲ့စခန်းက အမှုဖွင့်အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဇော်လင်းဦး(အောင်စံ)

# ရပ်ထားသောထင်းကားအား ဆိုင်ကယ်ဝင်တိုက် ဆိုင်ကယ်မောင်းသူ သေဆုံး

**ကျိုက်မရော အောက်တိုဘာ ၁၆**
ကျိုက်မရော-မော်လမြိုင်ကားလမ်းမပေါ် မုယောင်းကျေးရွာအနီးတွင် ယမန်နေ့ ည ၈ နာရီခွဲ က ထင်းများတင်ထားသောယာဉ်နောက်ပိုင်းသို့ ဆိုင်ကယ်က ဝင်တိုက်သဖြင့် ဆိုင်ကယ် မောင်းသူ သေဆုံးခဲ့ကြောင်း သိရသည်။

အဆိုပါ ထင်းတင်ကားမှာ တိုက်လေ့ပြုတ်ထွက်၍ လမ်းပေါ်ရပ်ထားစဉ် ဆိုင်ကယ်က အနောက်မှဝင်တိုက်ခြင်းဖြစ်ကြောင်း သိရသည်။

ချိုမြတ်မြတ်ထွေး(ကျိုက်မရော)

# ဆီသယ်ယာဉ်အတွင်းမှ ဆီခပ်ထည့်စဉ် ယာဉ်မီးလောင်မှုဖြစ်

**မြစ်ငယ် အောက်တိုဘာ ၁၆**
အမရပူရမြို့နယ် ကမ်းဘဲ့ကျေးရွာအနောက်ဘက် စက်သုံးဆီခြံတစ်ခြံအတွင်း၌ ဆီသယ်ယာဉ် အတွင်းမှ ဆီခပ်ထည့်စဉ် မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

အောက်တိုဘာ ၁၆ ရက် နံနက် ၁၀ နာရီ မိနစ် ၂၀ က ယာဉ်မောင်း အေးကို မောင်းနှင် သော စက်သုံးဆီတင်ယာဉ်အတွင်းမှ ဆီခပ်ထည့်နေစဉ် ယာဉ်မီးလောင်ခဲ့ရာ လူလေးဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

မောင်မောင်စိုး (မြစ်ငယ်)

**သင့်စီးပွားရေးအောင်မြင်ဖို့ ကြေးမုံသတင်းစာတွင် ကြော်ငြာစို့**

PUN HLAING SILOAM HOSPITALS
"နိုင်ငံခြားသို့သွားရောက်ကုသရန်မလိုတော့ပါ"
စင်ကာပူနိုင်ငံမှဆရာဝန်ကြီးလာရောက်ကုသပေးမည့်အစီအစဉ်
Only JCI Accredited Hospital In Myanmar
နှလုံးသွေးကြောကျဉ်းရောဂါရှာဖွေကုသခြင်းပေါင်းများစွာကိုအောင်မြင်စွာပြုလုပ်ပေးနိုင်ခဲ့သော နိုင်ငံတကာအတွေ့အကြုံရှိ စင်ကာပူနိုင်ငံမှ နှလုံးသွေးကြောကျဉ်းရောဂါ အထူးကုဆရာဝန်ကြီး Dr Jayaram Lingamanaicker သည် ပန်းလှိုင်စီလုံဆေးရုံသို့ လာရောက်ကုသပေးနေပြီ ဖြစ်ကြောင်းသတင်းကောင်းပါးအပ်ပါသည်။
အောက်တိုဘာလ (၂၅)ရက် မှ (၂၇)ရက်နေ့ အထိ



ဆက်သွယ်ရန် - ရန်ကုန် (၀၁) ၃၆၈၄၃၂၃၊ ၃၆၈၄၃၂၅၊ ၃၆၈၄၃၃၆၊ (၀၉) ၄၂၁၀၄၂၆၇၉၊ (၀၉) ၂၅၄၉၅၀ ၈၁၇
Facebook Pun Hlaing Siloam Hospitals

# ဒစ်ဂျစ်တယ်စနစ်ကို ကူးပြောင်းရာမှာ သတိမူရမယ့် နည်းပညာအခြေခံများ

ဘုန်းမြတ်(ဝယ်လင်တန်)

(ယမန်နေ့မှအဆက်)

ဒုစရိုက်သမားတွေ၊ အကြမ်းဖက်သမားတွေ Dark web အသုံးပြုနေတာတွေက တားဆီးဖို့ ကမ္ဘာ့နိုင်ငံတွေက ကြိုးပမ်းနေပေမယ့်လည်း နည်းပညာမြင့်မားတဲ့နိုင်ငံအချို့မှာသာ ထိထိရောက်ရောက် တားဆီးနိုင်ပါသေးတယ်။ ဥပမာအနေနဲ့ပြောရရင် အမေရိကန်နိုင်ငံသား Ross William Ulbricht က Silk Road လို့ခေါ်တဲ့ dark website တစ်ခုကို ၂၀၁၁ ခုနှစ်မှာ စတင်တည်ထောင်ခဲ့ပြီး သူအဖမ်းမခံရခင် ၂၀၁၃ ခုနှစ်ကာလအထိ မူးယစ်ဆေးဝါးရောင်းဝယ်မှုတွေကို အဲဒီ Silk Road ကိုသုံးပြီး လုပ်ကိုင်ခဲ့ပါတယ်။

၂၀၁၄ ခုနှစ်ရောက်မှ အဲဒီ Silk Road ကို အမေရိကန်FBI က အပြီးတိုင်ပိတ်သိမ်းနိုင်ခဲ့ပါတယ်။ Silk Road နဲ့ဆက်စပ်ပတ်သက်တဲ့အသေးစိတ်အကြောင်းအရာတွေကိုတော့ "Underneath The Tip Of The Iceberg: The Deep Web" အနက်ရှိုင်းဆုံးအတွင်းပိုင်းဝက်(ဘ်)အလွှာ စာတမ်းမှာ ဖတ်ရှုနိုင်ပါတယ်။ ယခုအခါမှာတော့ Silk Roadနဲ့ပတ်သက်တဲ့ လေ့လာချက်များစွာကို အင်တာနက်မှာလည်း အလွယ်တကူရှာဖွေဖတ်ရှုနိုင်ပြီဖြစ်ပါတယ်။

Dark web ဆိုတာ အင်တာနက်လိုင်းပေါ်မှာပဲ သီးသန့်အလွှာတစ်ခုအနေနဲ့ အသုံးပြုရတာဖြစ်လို့ အင်တာနက်အသုံးပြုတဲ့ဘယ်နိုင်ငံမှာမဆို အသုံးပြုလို့ရနိုင်ပါတယ်။ ဒါ့ကြောင့်မို့ ဒစ်ဂျစ်တယ်စနစ်ကိုပြောင်းလဲမှုအစမှာပဲ ဒီ web အလွှာတွေအကြောင်းကို သိထားမှသာလျှင် နောက်တစ်ဆင့်တက်လှမ်းမယ့် ဒစ်ဂျစ်တယ်စနစ်ကိုအောင်အောင်မြင်မြင်နဲ့ ပြဿနာအနည်းဆုံးနဲ့ကူးပြောင်းနိုင်ဖို့ အစီအမံတွေချထားနိုင်မှာဖြစ်ပါတယ်။ အထူးသဖြင့် deep web နဲ့dark webတွေကိုမသမာသူတွေနဲ့အကြမ်းဖက်သမားတွေရန်က ကာကွယ်နိုင်ဖို့ လိုအပ်တဲ့ဥပဒေတွေ၊ နည်းဥပဒေတွေရေးဆွဲပြဋ္ဌာန်းထားဖို့ လိုအပ်မှာဖြစ်ပါတယ်။

Dark web တွေနဲ့ပတ်သက်လို့ ထူးခြားမှုတစ်ခုကတော့ The New York Times သတင်းစာရဲ့ website တစ်ခုကို Dark web မှာ ဖွင့်လှစ်ခဲ့တာပဲဖြစ်ပါတယ်။The New York Times ရဲ့သတင်းတွေကို ဖတ်လို့မရအောင် ပိတ်ဆို့ထားခြင်းခံရတဲ့ အချို့သောကမ္ဘာ့နိုင်ငံတွေက ပြည်သူတွေသတင်းတွေကို စိတ်ချလက်ချဖတ်ရှုနိုင်အောင်နဲ့ သတင်းဖွင့်ချသူ (whistleblower) တွေရဲ့လုံခြုံရေးကို အပြည့်အဝအကာအကွယ်ပေးနိုင်အောင် အခုလိုလုပ်ဆောင်တာဖြစ်ကြောင်း သိရပါတယ်။ ဒီကိစ္စကိုThe New York Times သတင်းစာရဲ့တရားဝင် website မှာလည်း ဖော်ပြထားတာကို တွေ့ရပါတယ်။

**ဆက်သွယ်မှုကွန်ရက် (encrypted network) တစ်ခုဖြစ်**

ဒီနေရာမှာ အနည်းငယ်ဖြည့်စွက်ပြောရမယ့်အချက်တစ်ချက်ရှိပါသေးတယ်။ အဲဒါက Dark net အကြောင်းပါ။ Dark net ဆိုတာက အင်တာနက်ပေါ်မှာသီးသန့်soft ware နဲ့တည်ဆောက်ထားပြီး လုံခြုံရေးကုဒ်ထည့်သွင်းထားတဲ့ ဆက်သွယ်မှုကွန်ရက် (encrypted network) တစ်ခုဖြစ်ပါတယ်။ Dark net တွေဟာ သုံးစွဲသူတွေရဲ့အချက်အလက်တွေ၊တည်နေရာတွေ၊ ၎င်းတို့ဘယ်လိုအချက်အလက်တွေရှာဖွေရယူနေတယ်ဆိုတာတွေကို မသိနိုင်အောင် ဖုံးကွယ်ပေးထားပါတယ်။ ၎င်းကိုအသုံးပြုဖို့အတွက် သီးခြားသတ်မှတ်ထားတဲ့ browser တွေလိုအပ်ပါတယ်။ ကမ္ဘာမှာနာမည်ကြီးတဲ့ Dark net တွေကတော့ အတိုကောက်အားဖြင့် Tor လို့ခေါ်တဲ့ The Onion Router၊ Friend–to–Friend(F2F)နဲ့ ZeroNetတို့ဖြစ်ပါတယ်။

ဒီ Dark net တွေဟာ dark web တွေကိုချိတ်ဆက်သုံးစွဲနိုင်ဖို့ လုံခြုံရေးကုဒ်တွေပါတဲ့ အလွှာတွေနဲ့အင်တာနက်ပေါ်မှာ သီးသန့်တည်ဆောက်ထားတဲ့ဆက်သွယ်မှု ကွန်ရက်တွေဖြစ်ပါတယ်။ ဒီကွန်ရက်တွေဟာ dark web တွေကို ချိတ်ဆက်ဖို့သာမက သတင်းအချက်အလက်ပေးပို့ဖို့လည်း အသုံးပြုနိုင်ပါတယ်၊ Dark net တွေဟာ သက်ဆိုင်သူတွေသာ ချိတ်ဆက်လို့ရတဲ့အတွက် သတင်းအချက်အလက် ပေးပို့မှုတွေကို သက်ဆိုင်သူတွေကလွဲလို့ မည်သူမျှ ရယူနိုင်မှာ မဟုတ်ပါဘူး။ ဒါကြောင့် Dark net တွေဟာ အကြမ်းဖက်သမားတွေ၊ ဒုစရိုက်သမားတွေ မူးယစ်ဆေးဝါး ရောင်းဝယ်သူတွေအတွက်သာမက လူကုန်ကူးသူတွေ၊ အကြွေးကတ်အတု ပြုလုပ်ရောင်းချသူတွေ၊အကြွေးကတ်ခိုးယူ ရောင်းချသူတွေ၊ ငွေကြေးခဝါချလိုသူတွေအတွက်ပါ အလွန်အသုံးတည့်နေတဲ့ အင်တာနက်ကွန်ရက်ကြီးတစ်ခုဖြစ်လို့လာနေပါပြီ။

ဒါကြောင့်မို့ ဒစ်ဂျစ်တယ်စနစ်ကို ပြောင်းလဲမှုနဲ့အတူ လိုအပ်တဲ့ ဥပဒေတွေ ပြဋ္ဌာန်းဖို့ အထက်မှာပြောခဲ့တဲ့အချက်တွေကို သိထားဖို့လိုပါတယ်။ အကယ်၍မြန်မာနိုင်ငံမှာနည်းပညာနဲ့ပတ်သက်တဲ့ဥပဒေတွေရှိပြီး ဖြစ်ရင်လည်း ဒီ deep web နဲ့ dark web အသုံးပြုမှုတွေကို လွှမ်းခြုံနိုင်မယ့် အနေအထားရှိ/ မရှိ၊Dark net တွေကို ကာကွယ်နိုင်မယ့် အခြေအနေ ရှိ/ မရှိ ပြန်လည်စိစစ်ဖို့လိုအပ်ပါတယ်။ ဒ့ါအပြင် မြန်မာနိုင်ငံမှာရှိတဲ့ လုံခြုံရေးအဖွဲ့အစည်းတွေကလည်း deep web၊ dark webနဲ့ Dark net တွေကိုစိစစ်စောင့်ကြည့်နိုင်ဖို့စွမ်းဆောင်ရည်မြှင့်တင်နိုင်ရေး(capacity building) ကိုလည်း တစ်ပြိုင်နက်( တစ်ချိန်တည်း) အလေးပေးဆောင်ရွက်သင့်ပါတယ်။ စွမ်းဆောင်ရည်မြှင့်တင်ခြင်းဆိုရာမှာလည်း သက်ဆိုင်ရာအဖွဲ့အစည်းရဲ့ စွမ်းဆောင်ရည် (institutional capacity) နဲ့ ဝန်ထမ်းတစ်ဦးချင်းရဲ့စွမ်းဆောင်ရည် (individual capacity) နှစ်မျိုးစလုံးကိုဆိုလိုပါတယ်။

**ကျယ်ကျယ်ပြန့်ပြန့် ပညာပေးဖို့လိုအပ်**

နောက်တစ်ချက်ကတော့ ဒုစရိုက်သမား၊ အကြမ်းဖက်သမားတွေအနေနဲ့ အထက်မှာပြောခဲ့တဲ့အတိုင်း deep web၊ dark webနှင့်dark netတွေသုံးပြီး ရာဇဝတ်မှုတွေ ကျူးလွန်တဲ့ အခြေအနေတွေကို ပြည်သူတွေသိနားလည်ဖို့ဖြစ်ပါတယ်။ လူကုန်ကူးမှု၊ စိတ်ကြွမူးယစ်ဆေးရောင်းဝယ်မှုတွေ ကျူးလွန်နေတဲ့ ဒုစရိုက်သမားတွေရဲ့အဓိကပြစ်မှတ်ဟာ အပြစ်မဲ့ပြည်သူတွေဖြစ်သလို အကြမ်းဖက်သမားတွေ အဓိကရည်ရွယ်တိုက်ခိုက်နေတဲ့နေရာတွေဟာလည်း အပြစ်မဲ့ပြည်သူများစုဝေးရာကျောင်း၊ ဟိုတယ်၊ ရုပ်ရှင်ရုံစတဲ့ soft targets တွေဖြစ်ပါတယ်။ ဒါကြောင့်မို့ နည်းပညာရဲ့ အခြေခံသဘောတရားတွေ၊ ဒုစရိုက်သမားတွေ၊ အကြမ်းဖက်သမားတွေ၊ အင်တာနက်နဲ့ web တွေကို အသုံးပြုနေတဲ့ အခြေအနေတွေကို သက်ဆိုင်ရာအစိုးရဝန်ထမ်း၊ တရားဥပဒေစိုးမိုးရေးအေဂျင်စီတွေအပြင် ပြည်သူနဲ့ပုဂ္ဂလိကလုပ်ငန်းရှင်တွေကပါသိနားလည်ထားဖို့ လိုအပ်တာဖြစ်ပါတယ်၊အဲဒီလိုနားလည်မှ အစိုးရ–ပုဂ္ဂလိကမိတ်ဖက်အသွင်နဲ့ ဒုစရိုက်သမားတွေ အကြမ်းဖက်သမားတွေ အင်တာနက်နဲ့ web အသုံးနေတာကို ဟန့်တားနိုင်မှာဖြစ်ပါတယ်။ အဲဒီလိုအခြေအနေကို ဦးတည်ဖို့ဆိုရင် ပြည်သူတွေအနေနဲ့ အထက်မှာပြောခဲ့တဲ့ အင်တာနက်နဲ့ web တို့ရဲ့ အခြေခံသဘောတွေကို အခုကတည်းက လေ့လာသိရှိထားသင့်ကြောင်း ကျယ်ကျယ်ပြန့်ပြန့် ပညာပေးဖို့လိုအပ်လာမှာ ဖြစ်ပါတယ်။

အထက်မှာပြောခဲ့တာတွေအပြင် အင်တာနက်နဲ့ web တို့ရဲ့အခြေခံသဘောတရားတွေသိထားဖို့ နောက်ထပ်အကြောင်းပြချက်တစ်ခုလည်း ရှိပါသေးတယ်။ တစ်ဟုန်ထိုးဖွံ့ဖြိုးလာနေတဲ့ဉာဏ်ရည်တုနည်းပညာ artificial intelligence ကြောင့်ပဲဖြစ်ပါတယ်။ မူလကဒီဉာဏ်ရည်တု နည်းပညာကို စက်ရုပ်တွေမှာသာ အသုံးပြုနေကြောင်းလူအများစုကသိထားပေမယ့် ယခုအခါမှာ ယင်းဉာဏ်ရည်တုတွေက ကွန်ပျူတာထိန်းချုပ်မှုကတစ်ဆင့် လုပ်ငန်းတွေကိုလည်ပတ်ဖို့ ကြိုးစားလုပ်ဆောင်လာ နေပြီဖြစ်ပါတယ်။တရုတ်နိုင်ငံဆင်ဟွာသတင်းဌာနဆိုရင် ကမ္ဘာ့ပထမဦးဆုံး artificial intelligence နည်းပညာသုံး သတင်းတင်ဆက်မှုကို ၂၀၁၈ ခုနှစ် နိုဝင်ဘာလမှာ ထုတ်လွှင့်ခဲ့ပါတယ်။ လူအစား artificial intelligence ကပုံဖော်သည့် လူရိုပ်ဖြင့်သတင်းများကို ကြေညာထုတ်လွှင့်သည်အထိ ဉာဏ်ရည်တုနည်းပညာကို တွင်ကျယ်စွာ အသုံးပြုလာနေတာ ဖြစ်ပါတယ်။ တစ်ချိန်တည်းမှာပဲ ဉာဏ်ရည်တုတွေကို အင်တာနက်နဲ့ ချိတ်ဆက်အသုံးပြုတာတွေ၊ web တွေနဲ့ ချိတ်ဆက်အသုံးပြုတာတွေကိုလည်း ကဏ္ဍစုံမှာတွေ့မြင်လာနေရပါတယ်။

(International Telecommunication Union(ITU)) ကထုတ်တဲ့ အထူးထုတ်ဂျာနယ် "The impact of Artificial Intelligence on Communication network and services" ဉာဏ်ရည်တုသုံး ဆက်သွယ်ရေးကွန်ရက်၏ သက်ရောက်မှုစာတမ်းမှာ လေ့လာတွေ့ရှိရပါတယ်။

အစိုးရပိုင်း၊ ပုဂ္ဂလိကပိုင်းရဲ့ အချက်အလက်တွေကို သက်ဆိုင်ရာကုမ္ပဏီတွေ၊ လုပ်ငန်းတွေကခွင့်ပြုချက်နဲ့ရယူသုံးစွဲရတဲ့အခါ ၎င်းတို့ဘက်မှ artificial intelligence အသုံးပြု ဆောင်ရွက်ပါက အဲဒီartificial intelligence တွေကို အချက် အလက်ဘဏ်သို့ထိတွေ့ခွင့် (access) ပေးရမှာ ဖြစ်ပါတယ်။ အဲဒီလို ထိတွေ့ခွင့် (access) ပေးတဲ့အခါ ဘယ်လမ်းကြောင်းက ပေးဖို့လိုမလဲဆိုတဲ့ web တို့ရဲ့ အခြေခံသဘောကို ယနေ့အချိန်ကတည်းက ကြိုတင် သိနားလည်ထားရမှာ ဖြစ်ပါတယ်။ သို့မှသာ ဥပဒေ၊ နည်းဥပဒေပြဋ္ဌာန်းခြင်း အပါအဝင် အစီအမံများကို ကြိုတင် စီမံထားနိုင်မှာ ဖြစ်ပါတယ်။

> မြန်မာနိုင်ငံရဲ့ ဒစ်ဂျစ်တယ်စနစ် ကူးပြောင်းရေးလုပ်ငန်းဟာ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ဖို့ မရှိမဖြစ်လိုအပ်နေတာအမှန်ပဲ ဖြစ်ပါတယ်။ ရှေးရိုးစွဲသူတွေအနေနဲ့ သတင်းအချက်အလက်လုံခြုံရေးကိစ္စကိုထောက်ပြပြီး ဒစ်ဂျစ်တယ်စနစ်ကူးပြောင်းတာကို မနှစ်မြို့နိုင်သော်လည်း ဒစ်ဂျစ်တယ်စနစ်မှာသာ အကျင့်ပျက်ခြစားမှုနဲ့ အဂတိလိုက်စားမှုတွေကို ထိရောက်စွာ တားဆီးလို့ရမှာဖြစ်ပါတယ်။ ဒစ်ဂျစ်တယ်စနစ်ကို ကူးပြောင်းပြီးတဲ့အခါ အနိမ့်ဆုံးအဆင့်အနေနဲ့ လူတစ်ဦးတည်းက နိုင်ငံသားစိစစ်ရေးကတ်ပြားများစွာ ကိုင်ဆောင်ထားနိုင်တဲ့ အခြေအနေမျိုးကို တားဆီးနိုင်မှာဖြစ်

မြန်မာနိုင်ငံရဲ့ဒစ်ဂျစ်တယ်ပြောင်းလဲရေးမှာ အားသာချက်တစ်ခုဖြစ်တဲ့ နည်းပညာသစ်တွေကိုခုန်ပျံကျော်လွှား သုံးစွဲနိုင်တဲ့အခွင့်အလမ်းအရ လက်ရှိအချိန်မှာတောင် အခြေခံကျတဲ့ artificial intelligence ဉာဏ်ရည်တုနည်းပညာတွေကို စတင်ထိတွေ့ခွင့်ရနေပြီ ဖြစ်ပါတယ်။ ဥပမာ ပြောရရင် စမတ်ဖုန်းအသုံးပြုမှု တွင်ကျယ်လာတာဖြစ်ပါတယ်။ စမတ်ဖုန်းတွေမှာပါတဲ့ လက်ဗွေဖတ်တဲ့စနစ်တွေ၊ မျက်နှာကိုမှတ်တမ်းတင်တဲ့စနစ်တွေ၊ အမည်ခေါ်လိုက်တာနဲ့ဖုန်းခေါ်ပေးတဲ့စနစ်စတာတွေဟာဉာဏ်ရည်တုနဲ့လုပ်ထားတဲ့ ကွန်ပျူတာနည်းပညာတွေဖြစ်ပါတယ်။

**artificial intelligence တွေကို ကျယ်ကျယ်ပြန့်ပြန့်အသုံးပြု**

ဒါတွေကိုကြည့်ရင် အင်တာနက်နဲ့ web တွေရဲ့ အခြေခံသဘောတရားတွေကို တီးမိခေါက်မိ အခြေအနေမှာပဲ မြန်မာပြည်သူတွေဟာ နောက်ဆုံးပေါ်နည်းပညာတစ်ခုဖြစ်တဲ့ artificial intelligence ရဲ့အခြေခံတွေကို မြည်းစမ်းခွင့်ရနေတာ တွေ့နိုင်ပါတယ်။သတင်းအချက်အလက်ဆိုင်ရာကိစ္စတွေမှာ မသမာမှုတွေကိုရှောင်ရှားနိုင်ဖို့အတွက် နိုင်ငံတကာကုမ္ပဏီအများစုဟာ artificial intelligence တွေကို ကျယ်ကျယ်ပြန့်ပြန့်အသုံးပြုလို့လာနေပါတယ်။ ဒီအခြေအနေကြောင့် ကြိုတင်ပြင်ဆင်မှုတွေလုပ်ဖို့ အခြေခံသဘောတရားတွေနဲ့ အသားမကျခင်မှာဘဲ artificial intelligence တွေကို တွင်ကျယ်စွာအသုံးပြုမှုတွေဟာ ပြည်ပရင်းနှီးမြှုပ်နှံမှုတွေနဲ့အတူ မြန်မာနိုင်ငံကိုကျယ်ကျယ်ပြန့်ပြန့်ဝင်ရောက်လာမယ့် အခြေအနေကိုလည်း မြင်တွေ့နေရပါတယ်။ သတင်းအချက်လက်ဆိုင်ရာ ကိစ္စတွေမှာ artificial intelligence ကို ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုလာတာတွေကို အပြည်ပြည်ဆိုင်ရာဆက်သွယ်ရေးယူနီယမ်

ဥပမာတစ်ခုအနေနဲ့တင်ပြရရင် ပြည်သူတစ်ဦးက မြန်မာနိုင်ငံရှိနိုင်ငံခြားဘဏ်ခွဲတစ်ခုမှာ ငွေစာရင်းဖွင့်ထားပြီး ကိုယ်ပိုင်စုဆောင်းငွေနဲ့ မော်တော်ကားကုမ္ပဏီတစ်ခုမှ ကားတစ်စီးဝယ်တဲ့အခါ ငွေပေးချေမှုကိုဘဏ်က ကားကုမ္ပဏီသို့ တိုက်ရိုက်ပြုလုပ်စေလျှင် ၎င်းရဲ့အခွန်မှတ်တမ်းကို သက်ဆိုင်ရာ မော်တော်ကားကုမ္ပဏီနဲ့ ဘဏ်တို့က သိရှိဖို့လိုအပ်လာပါတယ်။ အဲဒီအခါမှာ မှတ်တမ်းများကို ဒစ်ဂျစ်တယ်စနစ်ဖြင့်ထားရှိခြင်း မဟုတ်ပါက ကာယကံရှင်အနေနဲ့ သက်ဆိုင်ရာအခွန်ရုံးကို သွားရောက်ပြီး စာရွက်စာတမ်းရယူကာ ဘဏ်နဲ့ကားကုမ္ပဏီသို့ ပေးအပ်ဖို့ဖြစ်ပါတယ်။

အဲဒီလိုဆောင်ရွက်တဲ့အခါမသမာမှုများ၊ လာဘ်ပေးလာဘ်ယူမှုများ ပေါ်ပေါက်နိုင်ပါတယ်။ ဒီလိုအခြေအနေတွေကို ရှောင်ရှားနိုင်ဖို့–ID ပြုလုပ်တာဖြစ်ပါတယ်။ e–IDဟာလူတစ်ဦးရဲ့ အချက်အလက်တွေကို အီလက်ထရွန်နစ်စနစ်နဲ့ထိန်းသိမ်း ထားတာဖြစ်လို့ မှတ်တမ်းရေးသွင်းပြီးတာနဲ့ ယင်းအချက် အလက်တွေက အလွယ်တကူပြင်ဆင်ဖို့ မလွယ်ကူတော့ပါဘူး။ ဒီလိုမလွယ်ကူတဲ့အတွက် အခွန်နှုန်းထား၊ အခွန်မှတ်တမ်းတွေကို ထုတ်ပေးရာမှာ မသမာမှုရှိနိုင်တော့မှာ မဟုတ်ပါဘူး။ ဒါပေမယ့်လည်း e–IDစနစ်မှာအချက်အလက် တွေရဲ့လုံခြုံမှုအတွက် အစီအမံတွေထားရှိဖို့တော့ အထူးလိုအပ်ပါတယ်။

**လွှန်စွာအရေးကြီး**

e–IDစနစ်ကိုသုံးစွဲတဲ့အခါ အထက်ပါကိစ္စရပ်မျိုးတွေမှာ အခွန်မှတ်တမ်းကို သက်ဆိုင်ရာ မော်တော်ကားကုမ္ပဏီနဲ့ ဘဏ်တို့က အချက်အလက်ဘဏ်က အင်တာနက်က

စာမျက်နှာ ၁၆ သို့ ❐

❒ စာမျက်နှာ ၁၅ မှ

တစ်ဆင့်ချိတ်ပြီး ကာယကံရှင်ရဲ့ အခွန်မှတ်တမ်းကို ရယူနိုင်မှာဖြစ်ပါတယ်။ ယင်းသို့ ရယူနိုင်အောင်လည်း ချိတ်ဆက်ခွင့် (access) ကို ဥပဒေနဲ့အညီ ခွင့်ပြုပေးထားရမှာ ဖြစ်ပါတယ်။ အဲဒီလိုဆောင်ရွက်တဲ့အခါ ဥပဒေနဲ့အညီ ဆောင်ရွက်သည့်တိုင် ကုမ္ပဏီနဲ့ငွေစုဘဏ်တို့က အချက်အလက်ဘဏ်ကို ချိတ်ဆက်ရာမှာ ဆက်သွယ်မှုလမ်းကြောင်းကို web ရဲ့ မည်သည့်အလွှာမှာ ထားရှိမလဲဆိုတာ လွန်စွာအရေးကြီးပါတယ်။ သာမန်အခြေအနေမျိုးမှာတောင် အချက်အလက်ဘဏ်နှင့် ခွင့်ပြုချက်ရသည့် အဖွဲ့အစည်းတို့အကြား အချက်အလက် အပြန်အလှန် ဖလှယ်မှုကို လုံခြုံစွာဆောင်ရွက်နိုင်ရန် အထူးအလေးထား စီစဉ်ဖို့ လိုအပ်နေတဲ့အတွက် ဉာဏ်ရည်တုတွေနဲ့ ချိတ်ဆက် ဆောင်ရွက်လာမယ်ဆိုရင် သတင်းအချက်အလက် လုံခြုံမှုအပိုင်းဟာ ပိုအရေးကြီးလာမှာ ဖြစ်ပါတယ်။

နိဂုံးချုပ်အနေနဲ့ပြောရရင် မြန်မာနိုင်ငံရဲ့ ဒစ်ဂျစ်တယ်စနစ်ကူးပြောင်းရေးလုပ်ငန်းဟာ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ဖို့ မရှိမဖြစ်လိုအပ်နေတာ အမှန်ပဲ ဖြစ်ပါတယ်။ ရှေးရိုးစွဲသူတွေအနေနဲ့ သတင်းအချက်အလက် လုံခြုံရေးကိစ္စကို ထောက်ပြပြီး ဒစ်ဂျစ်တယ်စနစ်ကူးပြောင်းတာကို မနှစ်မြို့နိုင်သော်လည်း ဒစ်ဂျစ်တယ်စနစ်မှသာ အကျင့်ပျက်ခြစားမှုနဲ့ အဂတိလိုက်စားမှုတွေကို ထိရောက်စွာ တားဆီးလို့ရမှာဖြစ်ပါတယ်။ ဒစ်ဂျစ်တယ်စနစ်ကို ကူးပြောင်းပြီးတဲ့အခါ အနိမ့်ဆုံးအဆင့်အနေနဲ့ လူတစ်ဦးတည်းက နိုင်ငံသားစိစစ်ရေးကတ်ပြားများစွာ ကိုင်ဆောင်ထားနိုင်တဲ့ အခြေအနေမျိုးကို တားဆီးနိုင်မှာ ဖြစ်ပါတယ်။ အဲဒီလိုအချက်တွေသာမက အပြုသဘောဆောင်တဲ့ တိုးတက်မှုတွေ၊ အားသာချက်တွေကလည်း သိသိသာသာရှိနေတဲ့အတွက် မြန်မာနိုင်ငံရဲ့ ဒစ်ဂျစ်တယ်စနစ် ကူးပြောင်းရေးလုပ်ငန်းမှာ digital literacy နဲ့အချက်အလက် လုံခြုံရေးအပိုင်းကို ဖိဖိစီးစီး လုပ်နိုင်မယ်ဆိုရင် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေး၊ လူမှုစီးပွားဘဝတိုးတက်ရေးကို များစွာအထောက်အကူပြုမယ့် နည်းပညာကိုအခြေခံသည့် တိုးတက်သော လူမှုအဖွဲ့အစည်းတစ်ရပ် ပေါ်ပေါက်လာမှာ အသေအချာဖြစ်ပါတယ်။

ဝန်ခံချက်။ ဤဆောင်းပါးမှာ နည်းပညာဆိုင်ရာ အကောက်အယူလွဲမှုများရှိက စာရေးသူရဲ့အားနည်းချက်သာဖြစ်ပါတယ်။ ယခုဆောင်းပါးဟာ နည်းပညာအခြေခံများကို ပြည်သူများကျယ်ကျယ်ပြန့်ပြန့် သိရှိထားဖို့၊ လိုအပ်တဲ့ ဥပဒေတွေပြဋ္ဌာန်းထားနိုင်ဖို့ နည်းပညာကျွမ်းကျင်သူတွေနဲ့ အစိုးရတာဝန်ရှိသူတွေ ပူးပေါင်းဆောင်ရွက်နေတာကို တစ်ဖက်တစ်လမ်းက မူဝါဒဆိုင်ရာ အကြံပြုတင်ပြထားခြင်းသာဖြစ်ပါတယ်။

**ရည်ညွှန်းကိုးကား**

၁။ *Gehl, Robert W., Weaving the Dark Web: Legitimacy on Freenet, Tor, and I2P, London, MIT Press, 2018.*

၂။ *Jeffray, C. andFeakin, T. 2015. Underground Web The Cybercrime Challenge. Australian StrategicPolicy Institute, Special Report.https :// www.aspi.org.au/ report/under groun d-web-cyber crime-challenge.*

၃။ *ဗီအိုအေသတင်းဌာန၏ သိပ္ပံနှင့်နည်းပညာကဏ္ဍက ၁၄-၂-၂၀၁၉ ရက်နေ့တွင် ထုတ်လွှင့်ခဲ့သည့် နာဆာသိပ္ပံပညာရှင် ဒေါက်တာပဒေသာတင်နှင့် ၂၀၁၈ ခုနှစ်အတွင်း သိပ္ပံနှင့်နည်းပညာတိုးတက်မှု အမေးအဖြေ။*

၄။ *ဂျာမနီနိုင်ငံ Hamburg University of Applied Sciences ရဲ့ Information Research and Information Retrieval ဌာနက ပါမောက္ခ Prof. Dr. Dirk Lewandowski နဲ့ ဂျာမနီနိုင်ငံ Mannheim မြို့ Leibniz-Institute for the Social Sciences က Dr. Philipp Mayr-Schlegel တို့ပူးတွဲပြုစုတဲ့ Library Hi Tech က ၂၀၀၆ ခုနှစ်မှာ ထုတ်ဝေခဲ့တဲ့အတွဲ ၂၄၊ အမှတ် ၄ မှာပါတဲ့ "Exploring The Academic Invisible Web" လေ့လာချက်စာတမ်း။*



## မဲခေါင်မြစ်ဝှမ်းငါးနိုင်ငံမှ သံဃာတော်များအား ဆွမ်းဆန်တော်လောင်းလှူပွဲ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ် တက်ရောက်လှူဒါန်း

**တာချီလိတ် အောက်တိုဘာ ၁၆**

မဲခေါင်မြစ်ဝှမ်းဒေသ ငါးနိုင်ငံသို့ ဒုတိယအကြိမ် ဓမ္မခရီးကြွချီမည့် သံဃာတော်များအား ဆွမ်းဆန်တော်လောင်းလှူပွဲကို အောက်တိုဘာ ၁၆ ရက် နံနက်ပိုင်းက ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်မြို့၌ စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ရာ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်နှင့် ပြည်နယ်ဝန်ကြီးများ တက်ရောက်လှူဒါန်းခဲ့ကြသည်။

မဲခေါင်မြစ်ဝှမ်းဒေသ ငါးနိုင်ငံဖြစ်သည့် မြန်မာ၊ ထိုင်း၊ ကမ္ဘောဒီးယား၊ ဗီယက်နမ်နိုင်ငံနှင့် လာအိုနိုင်ငံတို့မှ သံဃာတော်များသည် မြန်မာ-ထိုင်း အမှတ်(၁)ချစ်ကြည်ရေးတံတားပေါ် ထိုင်းနိုင်ငံဘက်ခြမ်းအဝင်မုခ်ဦးမှစတင်၍ မြန်မာနိုင်ငံဘက်ခြမ်း တံတားပေါ်မှတစ်ဆင့် ဗိုလ်ချုပ်လမ်းအတိုင်း ရှမ်းရိုးမကွင်းအထိ ကြွချီကြရာ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်နှင့် ပြည်နယ်ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာ ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများက ဆွမ်းဆန်တော်များကို စုပေါင်းလောင်းလှူခဲ့ကြသည်။

အဆိုပါ ဓမ္မခရီးကြွချီခြင်းကို မြန်မာနိုင်ငံလုံးဆိုင်ရာ ထေရဝါဒဗုဒ္ဓဘာသာအဖွဲ့ချုပ်နှင့် နယ်စပ်တောင်တန်းဒေသ သာသနာနုဂ္ဂဟအသင်းနှင့် ထိုင်းနိုင်ငံ ဗောဓိဂယာဝိဇ္ဇာလျ (၉၈၀) အဖွဲ့ချုပ်တို့ ပူးပေါင်းစီစဉ်ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# ကြေးမုံစာအုပ်စင် စာအုပ်အမြင် မော်ကွန်း

ကြေးမုံ စာအုပ်စင်

**ကြေးမုံစာအုပ်စင် စာအုပ်အမြင်ကဏ္ဍတွင် စာအုပ်ထုတ်ဝေသူများ၊ စာအုပ်ဖြန့်ချိသူများ၊ စာရေးဆရာများ၏ ထုတ်ဝေသော စာအုပ်များကို စာဖတ်ပရိသတ်များ ကျယ်ကျယ်ပြန့်ပြန့်သိရှိလေ့လာဖတ်ရှုနိုင်ရန်အတွက် စုစည်းဖော်ပြပေးလိုက်ပါသည်။ (စာတည်း)**

## မင်းကောင်းမင်းဆက်ရှာပုံတော်



စာရေးသူ ဟိတေသီနေလ အရှင်နိပုဏ ရေးသားသည့် မင်းကောင်းမင်းဆက်ရှာပုံတော်စာအုပ် ထွက်ရှိလာသည်။

မိသားစုတစ်စု၌ဖြစ်စေ၊ အဖွဲ့အစည်းတစ်ခု၌ဖြစ်စေ၊ နိုင်ငံတစ်နိုင်ငံ၌ဖြစ်စေ ဦးစီးဦးဆောင်ပြုသူများသည် လူသားကောင်းကျိုးကို လိုလားသော မေတ္တာ၊ ကရုဏာအရင်းခံကာ ဉာဏ်ပညာရှေ့ဆောင်၍ ရဲရင့်ပြတ်သားစွာ အားထုတ်ကြိုးပမ်းကြရပေမည်။

ယင်းအရည်အသွေးများ၊ သူတော်ကောင်းတရားများ၊ လောကပါလတရားများနှင့် ပြည့်စုံခဲ့ကြသော ခေါင်းဆောင်များတို့သည်သာ မင်းကောင်းမင်းဆက်များအဖြစ် သမိုင်းတွင် နေရာယူနိုင်ခဲ့ကြပေ၏ဟု စာရေးသူက ရေးသားထားသည်။

စာအုပ်ကို - ပါရမီစာပေ(ဆိုင်ခွဲ-၁) အမှတ်-၂၃၀၊ ၂၉-လမ်း(အထက်)၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့ ဖုန်း-၀၁ ၂၅၃၂၄၆ နှင့် ၀၉ ၇၃၀၁၆၂၉၂ တို့မှ တန်ဖိုးငွေကျပ် ၁၅၀၀၀ ဖြင့် ဖြန့်ချိသည်။

## သမိုင်းခြေရာ တို့ဖွေရှာ



စာဖတ်သူများ မြန်မာနိုင်ငံရှိရှေးဟောင်းသမိုင်း အမွေအနှစ်အကြောင်းအရာများကို သိရှိနိုင်စေရန် စာရေးသူ ဒေါက်တာသက်လွင် စီစဉ်ရေးသားသည့် သမိုင်းခြေရာ တို့ဖွေရှာစာအုပ်ထွက်ရှိလာသည်။

အဆိုပါစာအုပ်တွင် ညောင်ကန်ကြေးခေတ်ပြတိုက် မြေတစ်ကေခန့်အကျယ်တွင် အဆောက်အအုံကြီးငါးလုံးကို တွေ့ရသည်။ ထိုအထဲတွင် လူသေအလောင်း ၄၀ လောက်ကို အလူမီနီယံခေါင်းကြီးများဖြင့် အုပ်ပြီး ပြသထားသည်။ ထူးခြားသည်မှာ ဗုဒ္ဓနှင့်သက်ဆိုင်သော အထောက်အထား၊ စာပေမတွေ့ရခြင်းကပင် ဂေါတမဘုရားမပွင့်မီက လူသားများဖြစ်သည်။ သို့သော် ထိုသူတို့ပိုင်ပစ္စည်းများဖြစ်သည့် အိုးမျိုးစုံ၊ ကြေးလက်နက်၊ ကျောက်ချောလက်နက်၊ လက်ကောက်စသည်တို့ကိုသာ တွေ့ရသည်။ ထို့ကြောင့်ဘုရားမပေါ်မီသေးသော်လည်းနောက်ဘဝရှိသည်ဟုအတွေးအခေါ် ရှိခဲ့ကြကြောင်း ရေးသားထားသည်။

စာအုပ်ကို -ရှင်မတောင်စာပေ၊ အမှတ်-၂၉၆၊ ၁/အနော်မာ(၇)လမ်း၊ သာကေတမြို့နယ်၊ ရန်ကုန်မြို့ ဖုန်း-၀၉ ၇၉၈၁၈၉၁၄၈ နှင့် ၀၉ ၇၇၇၁၃၉၄၇၇ တို့မှ တန်ဖိုးငွေကျပ် ၄၅၀၀ ဖြင့် ဖြန့်ချိသည်။

## ဟိမဝန္တာမြေကမ္ဘာ၏ ပျော်ရွှင်ခြင်းနိုင်ငံ ဘူတန်



စာရေးသူ ဒေါက်တာတင်ထွန်းဦး စီစဉ်ရေးသားသည့် ဟိမဝန္တာမြေကမ္ဘာ၏ ပျော်ရွှင်ခြင်းနိုင်ငံ ဘူတန် စာအုပ်ထွက်ရှိလာသည်။

အဆိုပါစာအုပ်သည် ပြည်မြန်မာသတင်းဂျာနယ်တွင် အခန်းဆက်ဖော်ပြခဲ့သည့် ဘူတန်နိုင်ငံအကြောင်း ဆောင်းပါးများကို စုစည်းမွမ်းမံ၍ ဖြည့်စွက်တင်ပြထားသည်။ ကမ္ဘာ့နိုင်ငံအတော်များများကို သွားခဲ့ကြပေမယ့် ဟိမဝန္တာတောင်တန်းပေါ်က အေးချမ်းသာယာကမ္ဘာငယ်လို့ဆိုသည့် ပျော်ရွှင်ခြင်းနိုင်ငံ ဘူတန်ကိုမရောက်ဖူးသေးဘူးဆိုလျှင် ကမ္ဘာအနှံ့ခရီးဆန့်ခြင်းက ပြည့်စုံပြီဟု မပြောနိုင်ပါ၊ ရောက်သင့်ရောက်ထိုက်ပြီး မဝေးလှသည့်နေရာတွင်ရှိသည့် ဘူတန်နိုင်ငံကို စိတ်ဝင်စားလျှင်၊ သွားမည်ဆိုလျှင် အဆိုပါစာအုပ်ကို မဖြစ်မနေဖတ်ထားသင့်သည်။

စာအုပ်ကို - စွယ်စုံမီဒီယာဂရု(ပ်)၊ ပထမထပ်၊ Central Tower အနော်ရထာလမ်း(၃၉-လမ်းထောင့်)၊ ရန်ကုန်မြို့ ဖုန်း-၀၁ ၃၈၅၂၉၃ နှင့် ၀၁ ၈၃၉၂၇၃၉ တို့မှ တန်ဖိုးငွေကျပ် ၃၀၀၀ ဖြင့် ဖြန့်ချိသည်။

## အင်းလျားလေညင်း ရသစာစုများ



မောင်ဆွေခင်(ခရမ်းပြာ) ၏ ရန်ကုန်တက္ကသိုလ်ကျောင်းသားဘဝတွင် ခံစားခဲ့ရသည်များကို ရေးသားထားသည့် အင်းလျားလေညင်း ရသစာစုများ စာအုပ် ထွက်ရှိလာသည်။

အဆိုပါစာအုပ်တွင် ကိုရဲလွင်၏ အရမ်းအပြာအစ ခရမ်းပြာဘဝ၊ ကိုရဲလွင် (သို့) သင်းကွဲကြိုးကြာ၏ တိမ်တိုက်တချို့၊ လပြည်ဝန်း၏မြစ်ဖျားစွန်း၊ ၁၉၇၆ ကိုနေဝင်း၊ စိုင်းထီးဆိုင်နှင့် မောင့်လပြည့်ဝန်း၊ အားလုံးကိုကျော်ဖြတ်ရမယ် ခွန်အားပြည့်မိငယ်၊ ပြည်မှာလည်း ဆောင်းတို့အလီလီရောက်ခဲ့ပြီ၊ ခင်ဝမ်းအလွမ်းစာ၊ ဂီတရေစီးကြောင်းနှင့် တက္ကသိုလ်ညများ၊ မြကျွန်းညိုညိုကွန်းခိုခဲ့စဉ်၊ လွမ်းစိတ်ကိုစေ မြကျွန်းညို အင်းလျားမြေ စသည့် အမိတက္ကသိုလ်ကြီး နှစ်တစ်ရာပြည့် စတီရီယိုဂီတ ရွှေရတုနှင့် စာရေးသူ၏ ကာလသုံးပါးဆက်စပ်နေမှုမှာ အင်းလျားလေညင်းဖြစ်ပေါ်လာသည်။

စာအုပ်ကို - ဆိပ်ကမ်းသာ၊ ဖုန်း ၀၉ ၇၈၆၈၃၇၃၀၅ မှ တန်ဖိုးငွေ ၂၅၀၀ ကျပ်ဖြင့် ဖြန့်ချိသည်။



## မန္တလေးမြို့တော်အတွက် ဗျူဟာမြောက်ဖြစ်လာမည့် ရေနီမြောင်းလမ်းအသစ် stabilized soil ခင်း

**မန္တလေး အောက်တိုဘာ ၁၆**
မန္တလေးမြို့တော်အတွက် ဗျူဟာမြောက်ဖြစ်လာမည့် ရေနီမြောင်းလမ်းအသစ်ဖွင့်လှစ်နိုင်ရန် stabilized soil ခင်းခြင်း ဆောင်ရွက်လျက်ရှိသည်။

အဆိုပါလုပ်ငန်းများဆောင်ရွက်ရာသို့ တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး မန္တလေးမြို့တော်ဝန် ဒေါက်တာ ရဲလွင် အောက်တိုဘာ ၁၅ ရက်နံနက်ပိုင်းက ကွင်းဆင်းစစ်ဆေးခဲ့သည်။

လမ်းတံတားဌာနမှူး ဦးသန်းထိုက်ဦးနှင့် တာဝန်ခံအင်ဂျင်နီယာတို့က လမ်းသားအကျယ်ပေ ၅၀၊ အရှည်ပေ ၄၀၀၀ ကို stabilized soil ခင်းခြင်းလုပ်ငန်းများပြီးစီးမှုနှင့် နိုင်လွန်ကတ္တရာ ဆက်လက်ဆောင်ရွက်မည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

မန္တလေးမြို့တော်ဝန်က လမ်းသားအလယ်တွင်ရောက်ရှိနေသည့် ဓာတ်တိုင်များ၊ ဆက်သွယ်ရေးတိုင်များနှင့် ရေဖြန့်ဖြူးရေးပိုက်လိုင်းများကို ဖယ်ရှားရှင်းလင်းရေးနှင့် လမ်းအသစ်ဖြစ်သည့်အတွက်Subgrade ၏ Compaction ကောင်းအောင် ဆောင်ရွက်သွားကြရေး ဖြည့်စွက်မှာကြားသည်။

"ရေမြောင်းဟောင်းနေရာဖြစ်လို့ အောက်ခြေနုံ့မြေဟောင်းတွေကို ဖယ်ထုတ်ပြီး မန္တလေးမှာ ဈေးသက်သက်သာသာနဲ့ များများစားစားအလွယ်တကူဝယ်လို့ရတဲ့ ကျောက်လုပ်ငန်းတွေရဲ့ ဘေးထွက်ပစ္စည်း ကျောက်ပျက်တွေနဲ့ မြေသားကျစ်လျစ်ခိုင်မာမှုရှိအောင် အထပ်ထပ်ကြိတ်ဆောင်ရွက်ရတာပါ" ဟု မန္တလေးမြို့တော်ဝန်က ပြောကြားသည်။

Stabilized soil ခင်းပြီးရင် နိုင်လွန်နှစ်လွှာတင်ပြီး လမ်းရဲ့တစ်ဖက်တစ်ချက်မှာ နှစ်ပေ precast မြောင်းတွေကို မြောင်းဖုံးအတူ တည်ဆောက်သွားမှာပါ၊ လေးပေအကျယ် လူသွားပလက်ဖောင်း ပါပါတယ်။ ကိုးမီတာအမြင့် လမ်းမီးတိုင်တွေလည်း စီစဉ်ထားပါတယ်၊ လမ်းအသစ်ဖြစ်လို့ ခေတ်မီလမ်းတွေမှာရှိရမယ့် အင်္ဂါရပ်တွေ အပြည့်အစုံစဉ်းစားထားပါတယ်" ဟု ဆက်လက်ပြောကြားသည်။

ဆက်လက်၍ မြို့တော်ဝန်နှင့်အဖွဲ့သည် ၃၃ လမ်းမြောက်ဘက်တွင်ရှိသည့် ရေနီမြောင်းကိုလည်း ကြည့်ရှုစစ်ဆေးခဲ့ပြီး ပြောင်းလဲသင့်တာတွေအားလုံး မြို့တော်အတွက် မန္တလေးမြို့တော်စည်ပင်သာယာက ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**တင်မောင် (မန်းကိုယ်ပွား)**

## ရန်ကုန်မြို့ပတ်ရထားလမ်းအရှေ့ခြမ်း ပြန်လည်ဖွင့်လှစ်

**ရန်ကုန် အောက်တိုဘာ ၁၆**
ရထားစီးခရီးသည်များ အဆင်ပြေလွယ်ကူစွာသွားလာနိုင်စေရန်အတွက် မြန်မာ့မီးရထားမှ ရန်ကုန်မြို့ပတ်ရထားလမ်းပိုင်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ ယခုအခါ ရန်ကုန်မြို့ပတ်အပြင်ပတ်လမ်းဖြစ်သော မြို့ပတ်အရှေ့ခြမ်းဖြစ်သည့် တည်းကုန်း-မင်္ဂလာဒုံ-ပုရွက်ဆိတ်ကုန်း ရထားလမ်းအား အောက်တိုဘာ ၁၇ ရက်တွင် ပြန်လည်ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း မြန်မာ့မီးရထားမှ သိရသည်။

တည်းကုန်း-မင်္ဂလာဒုံ-ပုရွက်ဆိတ်ကုန်း လမ်းပိုင်း ပြန်လည် ဖွင့်လှစ်ခြင်းကြောင့် မြို့ပတ်ရထားအချိန်စာရင်း အနည်းငယ်ပြောင်းလဲမှုရှိမည်ဖြစ်ရာ ရထားစီးခရီးသည်များသိရှိစေရန်အတွက် ရထားအချိန်စာရင်းများကို တစ်ဘူတာချင်းအလိုက် သက်ဆိုင်ရာဘူတာအသီးသီးတွင် ကြေညာပေးထားမည်ဖြစ်ကြောင်း သိရသည်။

ရထားလက်မှတ်ခနှုန်းထားများ ပြောင်းလဲမှုမရှိဘဲ ခရီးသည်တစ်ဦးလျှင် ၁၅ မိုင်အတွင်း လက်မှတ်တစ်စောင် ငွေကျပ် ၁၀၀ နှင့် ၁၅ မိုင်အထက် ငွေကျပ် ၂၀၀ ဖြစ်သည်။

မြန်မာ့မီးရထားအနေဖြင့် ရထားလမ်းပြုပြင်မှုလုပ်ငန်းများကို မြို့ပတ်အနောက်ဘက်ခြမ်းအတွက် A-1 ကုမ္ပဏီနှင့်လည်းကောင်း၊ မြို့ပတ်အရှေ့ဘက်ခြမ်းအတွက် ရွှေတောင်ကုမ္ပဏီတို့နှင့်လည်းကောင်း ဆောင်ရွက်လျက်ရှိရာ စီမံကိန်းမစတင်မီကာလတွင်ရန်ကုန်မြို့ပတ်နှင့် ဆင်ခြေဖုံးလမ်းပိုင်းပြေးဆွဲနေမှုခရီးစဉ်အရ ရန်ကုန်မြို့ပတ်နှင့် ဆင်ခြေဖုံးလမ်းပိုင်းတွင် RBE ရထားတွဲဆိုင်း ကိုးဆိုင်းနှင့် ရထားတွဲဆိုင်းကြီး ၁၃ ဆိုင်းဖြင့် ရထားတွဲဆိုင်းပေါင်း ၂၂ ဆိုင်းကို အသုံးပြုကာ တစ်ရက်လျှင် ခရီးစဉ်အခေါက်ရေ ၂၀၉ ခေါက်ဖြင့် နေ့စဉ်ပုံမှန်ပြေးဆွဲပေးနေကြောင်း၊ ထို့အပြင် လက်ရှိ ရန်ကုန်မြို့တစ်ပတ် ရထားပြေးဆွဲကြာချိန်မှာ ၂ နာရီ မိနစ် ၅၀ ကြာမြင့်ပြီး ရထားလမ်းပိုင်းများအဆင့်မြှင့်တင်ခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးပါက ရန်ကုန်မြို့တစ်ပတ်ရထားပြေးဆွဲကြာချိန်အား ၁ နာရီမိနစ်၅၀ အတွင်း လျှော့ချပြေးဆွဲသွားရန် စီစဉ်ထားကြောင်း မြန်မာ့မီးရထားမှ သိရသည်။

**သတင်း - ပွင့်သစ္စာ**
**ဓာတ်ပုံ - စိုးမြင့်အောင်**



တည်းကုန်း- မင်္ဂလာဒုံ-ပုရွက်ဆိတ်ကုန်း ရထားလမ်းပိုင်းအဆင့်မြှင့်တင်ပြုပြင်ဆောင်ရွက်ထားမှုကို တွေ့ရစဉ်။



## ဒေသဖွံ့ဖြိုးရေး လွှတ်တော်ကိုယ်စားလှယ်များနှင့် ပြည်သူများတွေ့ဆုံ

**ရန်ကုန် အောက်တိုဘာ ၁၆**
ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့နယ် မြို့မတောင်ရပ်ကွက် ပြည်သူများနှင့် လွှတ်တော်ကိုယ်စားလှယ်များတွေ့ဆုံပွဲကိုအောက်တိုဘာ ၁၅ရက်မွန်းလွဲ၂နာရီတွင် ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးခန်းမ၌ ကျင်းပသည်။

သန်လျင်မြို့နယ် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန့်ဇင်မျိုးက အဖွင့်အမှာစကားပြောကြားပြီး ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးလွင်ကိုလတ်၊ အမှတ်(၁)တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးနေလင်းအောင်တို့က ဒေသဖွံ့ဖြိုးရေးပူးပေါင်းဆောင်ရွက်ပေးလျက်ရှိသည့် လုပ်ငန်းများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် တက်ရောက်လာကြသော ဒေသခံပြည်သူများက ရေစီးရေလာကောင်းမွန်ရေး၊ ကျန်ရှိသည့်လမ်းများ ကွန်ကရစ်ခင်းကျင်းနိုင်ရေး၊ ဟောင်းနွမ်းလျှပ်စစ်မီးကြိုးများ လဲလှယ်နိုင်ရေး စသည့်လိုအပ်ချက်များ ဆွေးနွေးတင်ပြကြရာ လွှတ်တော်ကိုယ်စားလှယ်များနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **သန်းဝင်း(သန်လျင်)**

## ကသာမြို့ ပြည်သူ့ဆေးရုံ တိုးချဲ့နှစ်ထပ်ဆောင်သစ် ဖွင့်ပွဲကျင်းပ

**ကသာ အောက်တိုဘာ ၁၆**
စစ်ကိုင်းတိုင်းဒေသကြီး ကသာမြို့ပြည်သူ့ဆေးရုံတွင် တိုးချဲ့အဆောင်သစ် နှစ်ထပ်ဆောင်ဖွင့်ပွဲနှင့် ဆရာဝန်များအတွက် လေးခန်းတွဲလေးထပ်ဆောင် ဖွင့်ပွဲကို အောက်တိုဘာ ၁၅ ရက် နံနက် ၉ နာရီက အဆိုပါဆေးရုံဝင်းအတွင်း ကျင်းပသည်။

အဆိုပါနှစ်ထပ်ဆောင် အပေါ်ထပ်ကို ခွဲစိတ်ဆောင်အဖြစ် လည်းကောင်း၊ အောက်ထပ်ကို အရိုးအကြော အထူးကုသဆောင်အဖြစ် လည်းကောင်း သတ်မှတ်ထားသည်။

ယင်းနေ့ဖွင့်လှစ်လိုက်သော အရိုးအကြောနှစ်ထပ်ဆောင်အား ငွေကျပ်သိန်း ၄၅၀၀ ဖြင့်လည်းကောင်း၊ ဆေးရုံဝန်ထမ်းများ နေအိမ်လေးခန်းတွဲလေးထပ်ဆောင်အတွက် ငွေကျပ်သိန်း ၄၅၀၀ ဖြင့် လည်းကောင်း နိုင်ငံတော်မှ အကုန်အကျခံတည်ဆောက်ပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ခရိုင်ပြည်သူ့ဆေးရုံသည် အင်းတော်မြို့နယ်၊ ကသာမြို့နယ်၊ ဗန်းမောက်မြို့နယ်အတွင်းရှိ ဒေသခံပြည်သူများ အားထားရသည့် ခုတင် ၁၀၀ ဆံ့ ဆေးရုံကြီးဖြစ်သည်။

**လူအောင်(ကသာ)**

## မိတ္ထီလာမြို့နယ် ပတ်ဝန်းကျင်ကျေးရွာများ လျှပ်စစ်မီးလင်းရေး ဓာတ်အားခွဲရုံတည်ဆောက်

**မိတ္ထီလာ အောက်တိုဘာ ၁၆**
မိတ္ထီလာမြို့နယ် ညောင်မြင့်ကျေးရွာနှင့် အနီးပတ်ဝန်းကျင် ကျေးရွာများ လျှပ်စစ်မီးလင်းနိုင်ရေး အတွက် 33/11KV၊ 10MVA ညောင်မြင့်ဓာတ်အားခွဲရုံ တည်ဆောက်ခြင်းလုပ်ငန်း ပြီးစီးပြီဖြစ်ကြောင်း ခရိုင်လျှပ်စစ်မန်နေဂျာရုံးမှ သိရသည်။

ညောင်မြင့်ကျေးရွာနှင့် အနီးပတ်ဝန်းကျင် ကျေးရွာများ လျှပ်စစ်မီးလင်းနိုင်စေရန် 33/11KV၊ 10MVA ညောင်မြင့်ဓာတ်အားခွဲရုံတည်ဆောက်ခြင်းလုပ်ငန်းပြီးစီးပြီဖြစ်ရာ ကျန်ရှိသည့် ၃၃ ကေဗွီလိုင်း ၂၀၀ ပေ၊ ၁၁ ကေဗွီလိုင်း ၃ ဖီဒါ ၁၈ မိုင်တည်ဆောက်ခြင်းလုပ်ငန်းကိုလည်း ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ခရိုင်လျှပ်စစ်မန်နေဂျာ ဦးယုမော် (အင်ဂျင်နီယာ) က ပြောသည်။



အဆိုပါလုပ်ငန်းပြီးစီးပါက မိတ္ထီလာမြို့နယ် အရှေ့ဘက်ခြမ်းရှိ ညောင်မြင့်၊ ကံကြီး၊ ကွက်ငယ်၊ ရွှေပန်းတိုင်၊ ခင်တဲ၊ကန်တောင်၊ မြာ၊ လှည်းပွဲ၊ ဝါးရုံ၊ ကုက္ကိုကုန်းကျေးရွာအတွင်းရှိ ကျေးရွာ ၃၄ ရွာမှ အိမ်ခြေ ၂၂၂၉ အိမ် လျှပ်စစ်မီးလင်းနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

**သိန်းမြင့်ကျော်(မိတ္ထီလာ)**

# အပျိုစင်သံလွင်မြစ်ကြီးနှင့်အတူ သဘာဝပတ်ဝန်းကျင်ကို ဆက်လက်ထိန်းသိမ်းနိုင်ရန် မှတ်တမ်းရိုက်ကူးထားမှု ပြသ

**ရန်ကုန် အောက်တိုဘာ ၁၆**

မြန်မာပြည်သာမက အရှေ့တောင်အာရှ၌ သဘာဝအလှများ ပျက်စီးခြင်းမရှိသေးဘဲ တစ်ခုတည်းကျန်ရစ်လျက်ရှိသည့် အပျိုစင်သံလွင်မြစ်ကြီးနှင့်မြစ်ကြောင်းတစ်လျှောက်ရှိသဘာဝအလှတရားများကို ဆက်လက်ထိန်းသိမ်းနိုင်စေရန် ဖြိတိသျှကောင်စီနှင့် ကရင်ပြည်နယ်မြစ်ကြောင်းထိန်းသိမ်းရေးစောင့်ကြည့်ရေးအဖွဲ့တို့ ပူးပေါင်းရိုက်ကူးခဲ့သော မှတ်တမ်းရုပ်ရှင်ကို အောက်တိုဘာ ၁၅ ရက် ညနေ ၅ နာရီက ရန်ကုန်မြို့ ကမ်းနားလမ်းရှိ ဗြိတိသျှကောင်စီ စာကြည့်တိုက်တွင် ပြသသည်။

"သဘာဝ အရင်းအမြစ်တွေကို ဆက်လက်ထိန်းသိမ်းခြင်းဟာ ကမ္ဘာကြီးကို ကယ်တင်တာဖြစ်တဲ့အတွက် မပျက်စီးသေးတဲ့ မြစ်၊ ချောင်းတွေ၊ သဘာဝအလှတရားတွေ ဆက်လက်တည်တံ့ဖို့အတွက် ရိုက်ကူးခဲ့တာပါ"ဟု သံလွင်မြစ်နှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး မှတ်တမ်းရုပ်ရှင်ရိုက်ကူးခဲ့သော Journalist/ film – maker မှ ဒါရိုက်တာဖြစ်သူ Mr. Tom Fawthrop က ပြောကြားသည်။

ကရင်မြစ်ကြောင်း ထိန်းသိမ်းရေးစောင့်ကြည့်ရေးအဖွဲ့မှ တာဝန်ခံ စောသာဘိုးက "အရှေ့တောင်အာရှမှာ လွတ်လွတ်လပ်လပ် စီးဆင်းနေတဲ့ မြစ်ဆိုလို့ သံလွင်မြစ်ပဲ ကျန်ပါတော့တယ်။ သဘာဝအတိုင်း ကျန်ရှိနေတဲ့ သံလွင်မြစ်ကြီးကို ထိန်းသိမ်းကာကွယ်ဖို့ပါပဲ။ စီးပွားရေးပုံစံနဲ့ သဘာဝအရင်းအမြစ်တွေကို ထိခိုက်မှုကိုသာ ဦးတည်လုပ်ဆောင်မယ်ဆိုရင် ဆုံးရှုံးမှုတွေသာ ကြုံတွေ့နိုင်ပါတယ်" ဟု သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းခြင်းနှင့်စပ်လျဉ်း၍ ပြောပြသည်။



သဘာဝအတိုင်း လှပနေဆဲဖြစ်သော သံလွင်မြစ်ကြီးနှင့် သစ်တောတစ်လျှောက်ရှိ ဇီဝမျိုးကွဲများပေါက်ပွားရှင်သန်နေမှုနှင့် တိုင်းရင်းသားများ ဘဝရှင်သန်အမှီပြုရာ သံလွင်မြစ်ကြီးကို ဆက်လက်ထိန်းသိမ်းစောင့်ရှောက်ကြရန် ရိုက်ကူးထားသော မှတ်တမ်းတင်ရုပ်ရှင်ဖြစ်ကြောင်း သိရသည်။

နိုင်ငံအတွက် အရေးပါသောမြစ်များတွင်ဆည်များပိတ်၍ ရေအားလျှပ်စစ်ထုတ်လုပ်မှုသည် သဘာဝပတ်ဝန်းကျင်နှင့် နိုင်ငံအတွက် ဆုံးရှုံးမှုများကြုံတွေ့နိုင်ရမှုကို ဒါရိုက်တာ Tom Fawthrop နှင့် အဖွဲ့နှစ်ဖွဲ့က ကရင်ပြည်နယ်၊ ရှမ်းပြည်နယ်သာမက တရုတ်ပြည်ရှိရေအားလျှပ်စစ်တည်ဆောက်ထားသောမြို့များသို့သွားရောက်၍ ဒေသခံတို့နှင့်တွေ့ဆုံမေးမြန်းခြင်း၊ မှတ်တမ်းရိုက်ကူးခြင်းဖြစ်ကြောင်းသိရသည်။ **သစ္စာ**

# ချိုးရုပ်ဇာတ်ကား တစ်ပြည်လုံးရုံတင်




**ရန်ကုန် အောက်တိုဘာ ၁၆**

အောင်သီရိရုပ်ရှင်ထုတ်လုပ်ရေးက ဇာတ်ညွှန်း ဆဲဗင်းဒေး ဇာတ်လမ်းနှင့်ဒါရိုက်တာ ခင်လှိုင် ရိုက်ကူးတင်ဆက်သော ချိုးရုပ် ရုပ်ရှင်ဇာတ်ကားကို အောက်တိုဘာ ၁၇ ရက်မှစတင်ကာ မြန်မာတစ်ပြည်လုံးတွင် ရုံတင်ပြသသည်။

အဆိုပါဇာတ်ကားတွင် သရုပ်ဆောင်များအဖြစ် မြင့်မြတ်၊ တိုင်ရွှန်း၊ ခင်လှိုင်၊ အိချောပို၊ တက္ကသိုလ်ဂွမ်းပုံ၊ ညီနန္ဒ၊ ကြက်ဖ၊ ဂျိုကာ၊ ဝေရှိုင်း၊ စိုးမိုးကြည်၊ ရွှေပိုးအိမ်၊ ဩဂတ်စ်မိုး၊ ဆင်မ၊ ကေညီ၊ အံ့မင်းညို၊ ချစ်လူလူ၊ စိစိ အစရှိသော သရုပ်ဆောင်များ ပါဝင်သည်။

တစ်ခေတ်တစ်ခါက မြန်မာကလေးများဆော့ကစားရာတွင် ချိုးရုပ်လေးများဖြင့် ဆော့ကစားလေ့ရှိပုံကို ဖော်ကျူးထားသည်။ ဇာတ်လမ်းတွင် မြင့်မြတ်က ဖိုးရှုပ်အဖြစ် သရုပ်ဆောင်ထားပြီး သူတစ်ပါးအား ကူညီပေးချင်သောစိတ်ရှိသူဖြစ်သည်။ အခွင့်အရေးယူတတ်သူများ၏ အသုံးချခြင်းခံရသူလည်းဖြစ်သည်။ အထူးသဖြင့် ကြီးရွှေတို့ရွာတွင် ကြက်ဝိုင်းလုပ်လျှင် ဖိုးရှုပ်အား အစောင့်ချထားပြီး ရဲများလာလျှင် ဖိုးရှုပ်က ချိုးရုပ်ဖြင့် ချိုးကူသံပေးပြီး အချက်ပြပေးလေ့ရှိသည်။

ဤဇာတ်လမ်းသည် တစ်ချိန်က မြန်မာကလေးကစားစရာ ချိုးရုပ်ကိုအခြေခံပြီး ကလေးများ၊ လူငယ်လူရွယ်များအကြား ချိုးရုပ်အသုံးပြု ဆော့ကစားခဲ့ကြပုံများကို ဟာသဇာတ်မြူး ဇာတ်ကားအဖြစ်ရိုက်ကူးတင်ပြထားသော ဇာတ်ကားဖြစ်သည်။

နာမည်ရ သရုပ်ဆောင်များဖြစ်ကြသည့် မြင့်မြတ်၊ ညီနန္ဒ၊ အိချောပိုတို့က တက်သစ်စသရုပ်ဆောင်လေးများဖြင့်တွဲဖက်ကာ ချိုးရုပ်ဇာတ်ကား၏ ဇာတ်လမ်းဇာတ်ကွက်ကို မည်သို့ပုံဖော်သရုပ်ဆောင်ထားမလဲဆိုတာ ကြည့်ရှုနိုင်ပြီဖြစ်သည်။ **မြင့်မောင်**

# ဗီယက်နမ်ခရီးစဉ်အတွက် မြန်မာ့လက်ရွေးစင်ဖူဆယ်အသင်း ကစားသမား ၂၀ ရွေးချယ်

**ရန်ကုန် အောက်တိုဘာ ၁၆**

မြန်မာ့လက်ရွေးစင် ဖူဆယ်အသင်းသည် ၂၀၁၉ အာဆီယံဖူဆယ်ပြိုင်ပွဲမတိုင်မီ ဗီယက်နမ်ကလပ်အသင်းများနှင့် ခြေစမ်းပွဲကစားရန် ကစားသမား ၂၀ ရွေးချယ်ခဲ့သည်။

မြန်မာဖူဆယ်အသင်းသည် ၂၀၁၉ အာဆီယံဖူဆယ်ပြိုင်ပွဲအတွက် ကြိုတင်ပြင်ဆင်သည့်အနေဖြင့် ဗီယက်နမ်နိုင်ငံသို့ ကြိုတင်သွားရောက်ခြင်းဖြစ်ပြီး ကစားသမား ၂၀ စာရင်းကို အောက်တိုဘာ ၁၃ ရက်က ထုတ်ပြန်ကြေညာခဲ့ခြင်းဖြစ်သည်။

မြန်မာဖူဆယ်အသင်းသည် အောက်တိုဘာ ၁၆ ရက်တွင် ကာရိုဘန်းအသင်း၊ အောက်တိုဘာ ၁၈ ရက်တွင် ဆိုင်ဂုံအသင်းတို့နှင့် ယှဉ်ပြိုင်ကစားမည်ဖြစ်ပြီး ယင်းနှစ်ပွဲအပြီးတွင် ကစားသမားလေးဦးလျှော့ချကာ အပြီးသတ် ကစားသမား ၁၆ ဦးရွေးချယ်မည်ဖြစ်သည်။ ၂၀၁၉ အာဆီယံဖူဆယ်ပြိုင်ပွဲကို အောက်တိုဘာ ၂၁ ရက်မှ ၂၇ ရက်အထိ ကျင်းပမည်ဖြစ်သည်။

မြန်မာဖူဆယ်အသင်းသည် ပဏာမကစားသမား ၂၂ ဦးအနက် နှစ်ဦးလျှော့ချခဲ့ပြီး စိုင်းပြုံးအောင်မှာမူ ဒဏ်ရာပြဿနာကြောင့် လွဲချော်ခဲ့ရခြင်းဖြစ်သည်။ မြန်မာ့လက်ရွေးစင် ဖူဆယ်အသင်းသည်ယင်းပြိုင်ပွဲအတွက်ဇူလိုင်နောက်ဆုံးပတ်တွင် စတင်ပြင်ဆင်ခဲ့ပြီး စက်တင်ဘာတွင် တရုတ်ဖိတ်ခေါ်ပြိုင်ပွဲ ယှဉ်ပြိုင်ခဲ့ကာ ယင်းပြိုင်ပွဲအပြီးတွင် ကစားသမား ၂၂ ဦးဖြင့် ဆက်လက်ပြင်ဆင်ခဲ့ခြင်းဖြစ်သည်။

မြန်မာ့လက်ရွေးစင် ဖူဆယ်အသင်းတွင် အုပ်ချုပ်သူ ဦးကြည်မင်းသိန်း၊ နည်းပြချုပ် ဦးဌေးမြင့်၊ အသင်းအတွင်းရေးမှူး ဦးအောင်မော်သိန်း၊ လက်ထောက်နည်းပြ ဦးကျော်ဇင်ညွန့်၊ ဂိုးနည်းပြ ဦးထွန်းထွန်းလတ်၊ ဂိုးသမား ကျော်ထက်အောင်၊ ရန်ပိုင်ဟိန်း၊ ဖွဲ့ပြည့်စုံ၊ ကစားသမား ခင်ဇော်လင်း၊ ကိုကိုလွင်၊ ကျော်စိုးမိုး၊ နိုင်ရဲကျော်၊ လှိုင်မင်းထွန်း၊ ပြည့်ဖြိုးမောင်-၂၊ ပြည့်ဖြိုးမောင်-၃၊ ကျော်ကျော်ထွန်း၊ မျိုးမြင့်စိုး၊ ငြိမ်းမင်းစိုး၊ အောင်ဇင်ဦး၊ နိုင်လင်းထွန်းကျော်၊ ဝေဇင်ဦး၊ ရဲရင့်ဦး၊ ကောင်းချစ်သူ၊ မျိုးသက်အောင်၊ ထွဋ်ပြည့်ရှိန်းတို့ ပါဝင်ကြသည်။ မြန်မာဖူဆယ်အသင်းသည် အောက်တိုဘာ ၁၅ ရက် နံနက်ပိုင်းတွင် ဗီယက်နမ်နိုင်ငံသို့ ထွက်ခွာသွားသည်။

**သတင်း-ရှိုင်းထက်ဇော်**
**ဓာတ်ပုံ-ဘုန်းသော်**



# ကော့သောင်းမြို့တွင် တောင်တက်ခရီးကြမ်းဖိတ်ခေါ်စက်ဘီးစီးပြိုင်ပွဲကျင်းပမည်



**ကော့သောင်း အောက်တိုဘာ ၁၆**

ကော့သောင်းခရိုင် အားကစားနှင့်ကာယပညာဦးစီးဌာနနှင့် ကော့သောင်းစက်ဘီးအသင်း (KTCC)တို့ ပူးပေါင်း၍ သုံးခရိုင် ဖိတ်ခေါ် တောင်တက်ခရီးကြမ်း Mountain Bike Challenge 2019 ပြိုင်ပွဲကို အောက်တိုဘာ ၁၉ ရက်တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်သည်။

ပြိုင်ပွဲတွင် တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ ခရိုင်သုံးခရိုင်ဖြစ်သည့် ထားဝယ်ခရိုင်၊ မြိတ်ခရိုင်နှင့် ကော့သောင်းခရိုင်တို့မှ စက်ဘီးစီးအားကစားသမားများအား ဖိတ်ခေါ်ကျင်းပခြင်းဖြစ်ပြီး ပြိုင်ပွဲအား အသက်(၄၀ )အထက်နှင့် အသက်(၄၀) အောက် အတန်းနှစ်တန်းခွဲ ပြုလုပ်သွားမည်ဖြစ်ရာ အတန်းနှစ်တန်းလုံးတွင် ပထမ၊ ဒုတိယ၊ တတိယဆု ရရှိသူများအား ထိုက်တန်စွာ ဆုများချီးမြှင့်ပေးမည့်အပြင် ပြိုင်ပွဲသတ်မှတ်ချိန် ၁နာရီခွဲအတွင်းပန်းဝင်သော စက်ဘီးအားကစားသမားများအား အမှတ်တရ Finisher ဆုများ ချီးမြှင့်သွားမည်ဖြစ်သည်။

အဆိုပါပြိုင်ပွဲကို ကျန်းမာကြံ့ခိုင်သည့် မျိုးဆက်သစ် လူငယ်စက်ဘီးစီးအားကစားသမားများထွန်းကားလာရေး၊ သုံးခရိုင်အတွင်းမှ စက်ဘီးစီးကစားသမားများ အချင်းချင်း ချစ်ကြည်ရင်းနှီးမှုရရှိစေရန်နှင့် တိုင်းဒေသကြီးအတွင်း စက်ဘီးအားကစားကို လူငယ်လူရွယ်များ ပိုမိုစိတ်ဝင်စားလာစေရန် ရည်ရွယ်၍ ပြုလုပ်ခြင်းဖြစ်ပြီး နှစ်စဉ် ခရိုင်သုံးခုရှိ အဓိကမြို့ကြီးများတွင် အလှည့်ကျ ပြုလုပ်သွားမည်ဖြစ်သည်။ **ကျော်စိုး (ကော့သောင်း)**

# လားရှိုး၌ ကျောင်းအခြေပြု စက်ဘီးစီးနင်းပွဲ ကျင်းပ

**လားရှိုး အောက်တိုဘာ ၁၆**

ဆေးလိပ်ငွေ့ကင်းစင် ရှမ်းပြည်နယ်တစ်ခွင် ကျောင်းအခြေပြု စက်ဘီးစီးနင်းပွဲကို အောက်တိုဘာ ၁၆ ရက် နံနက် ၆ နာရီက လားရှိုးမြို့တွင် ကျင်းပသည်။

လားရှိုးမိုတယ်ရှေ့မှစတင်၍ ဘူတာလမ်း၊ လေယာဉ်ကွင်းလမ်းမှ လားရှိုးကြီးမီးပွိုင့်မှတစ်ဆင့် ပြည်ထောင်စုအားကစားပြိုင်ကွင်းအတွင်းရှိ လေ့ကျင့်ရေးအားကစားရုံတွင် ပန်းဝင်သည်။

"ကျောင်းသားလူငယ်တွေ လမ်းမှားမရောက်အောင်၊ ကျန်းမာရေးအတွက်အထောက်အကူဖြစ်စေပြီး ဆေးလိပ်ငွေ့ကင်းစင်တဲ့ ကျောင်းသား ကျောင်းသူများဖြစ်လာစေရန်နဲ့ တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်စေဖို့အတွက် ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်ပါတယ်" ဟု ရှမ်းပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာမျိုးထွန်းက ပြောကြားသည်။

စက်ဘီးစီးဝါသနာရှင်များက သတ်မှတ်ထားသည့် လားရှိုးမိုတယ်ရှေ့တွင် စုရပ်ပြုကာ လားရှိုးမြို့ အခြေခံပညာကျောင်းများမှ စက်ဘီးချစ် ကျောင်းသားလူငယ်မောင်မယ်များ၊ တွဲဖက်ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ လူမှုကူညီရေးအသင်း၊ လားရှိုးမြို့ကျန်းမာရေးဌာနတို့ကကျန်းမာရေးစစ်ဆေး ပြုစုပေးကြပြီး စုစုပေါင်း အင်အား ၁၅၀ ခန့် ပါဝင်စီးနင်းခဲ့ကြကြောင်း သိရသည်။ **ဟန်ငွေး(လားရှိုး)**

# လယ်ဝေးမြို့တွင် ကျန်းမာရေးဆိုင်ရာ ဘေးထွက်ဆိုးကျိုးများအကြောင်း ရှင်းလင်း

**နေပြည်တော် အောက်တိုဘာ ၁၆**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးသူရေးရာဦးစီးဌာနမှ စားသုံးဆီနှင့် စားသောက်ကုန်ပစ္စည်းများ၏ ကျန်းမာရေးဆိုင်ရာ ဘေးထွက်ဆိုးကျိုးများအကြောင်း အသိပညာပေးရှင်းလင်းခြင်းကို ယနေ့ နံနက် ၁၀ နာရီက လယ်ဝေးမြို့သီရိရတနာ (မြို့မ)ဈေး တာဝန်ခံရုံး၌ ကျင်းပသည်။

အခမ်းအနားတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးသူရေးရာဦးစီးဌာန ခရိုင်ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးခင်မောင်ဆွေက စားသုံးသူကာကွယ်ရေးဥပဒေ ၂၀၁၉ ခုနှစ် ပြည်ထောင်စုလွှတ်တော် အမှတ် (၉) အခန်း (၁၈) တွင်ပါရှိသည့် ကုန်အညွှန်းအမှတ်အသားဖော်ပြခြင်းကဏ္ဍနှင့်ပတ်သက်သည့် စားသုံးဆီနှင့် စားသောက်ကုန်များတွင် ပါဝင်သော ကုန်ကြမ်းပစ္စည်းအမျိုးအမည်များနှင့် ကျန်းမာရေးဆိုင်ရာ ဘေးထွက်ဆိုးကျိုး၊ ခာတ်မတည့်သည့် အကြောင်းအရာများ၊ ကုန်စည်၏အမျိုးအမည်၊ အရွယ်အစား၊ အရေအတွက်နှင့် အသားတင်ပမာဏ၊ ထားသိုသိမ်းဆည်းမှုအညွှန်း၊ သုံးစွဲပုံနည်းလမ်း၊ ကုန်စည်တွင်ပါဝင်သော ကုန်ကြမ်းပစ္စည်းအမျိုးအမည်များနှင့် ပစ္စည်းများ၏ ပမာဏ၊ ပါဝင်မှုအချိုးအစားများကို အသေးစိတ်ရှင်းလင်းပြောကြားသည်။

အခမ်းအနားသို့ သီရိရတနာ (မြို့မ) ဈေးတာဝန်ခံ ဦးသိန်းဇော်နှင့် ဈေးမိဈေးဖများ၊ စားသုံးဆီနှင့် စားသောက်ကုန်ဖွင့်လှစ်ရောင်းချသော ဆိုင်ခန်းရှင် ၈၀ တက်ရောက်ခဲ့ပြီး တက်ရောက်လာသူများက သိရှိလိုသော မေးမြန်းမှုများကို စားသုံးသူရေးရာဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးခင်မောင်ဆွေက ပြန်လည်ဖြေကြားခဲ့ကြောင်း သိရသည်။



**ကိုကိုရှူပ (နေပြည်တော်)**

## ပင်တောင်ကျေးရွာတွင် မြင်းမိုရ်တောင်ဘုရား ဆီမီးပူဇော်ပွဲ ကျင်းပ

**ကျောက်ထု အောက်တိုဘာ ၁၆**

မကွေးတိုင်းဒေသကြီး ကျောက်ထုမြို့နယ် ပုံတောင် ပုံညာဒေသ ပင်တောင်ကျေးရွာ သာသနမ္ဗရံသီကျောင်းတိုက် ပရိဝုဏ်၌ မြင်းမိုရ်တောင်ဘုရားပုံစံ တည်ဆောက်ကာ မြင်းမိုရ်တောင် ဆီမီးပူဇော်ပွဲကို အောက်တိုဘာ ၁၄ ရက် ညက ကျင်းပသည်။

အဆိုပါ မြင်းမိုရ်တောင်ဘုရားပုံစံကို ဉာဏ်တော် အတောင် ၃၀ ဖြင့် တည်ဆောက်ထားသည်။ အနီးပတ်ဝန်းကျင်ကျေးရွာများမှလည်း အိုးစည်ဒိုးပတ်များဖြင့် လာရောက်ဖူးမြော်ကြ၍ မီးပုံးပျံများလည်း လွှတ်တင်ပူဇော်ကြကြောင်း သိရသည်။

မြင်းမိုရ်တောင်ဘုရား ဆီမီးပူဇော်ပွဲကို သုံးနှစ်တစ်ကြိမ်သာ ကျင်းပကြောင်းနှင့် မြင်းမိုရ်တောင်၏ သီတာခုနစ်တန် တောင်စဉ်ခုနစ်ထပ်ကို သိရှိမှတ်သားနိုင်ရန်ရည်ရွယ်ကာ ကျင်းပခြင်းဖြစ်ကြောင်း ကျောင်းဂေါပကတစ်ဦးက ပြောကြားသည်။

**စိန်ကျော်**

## ဗုဒ္ဓမြတ်စွယ်တော်နှင့် နှစ်ကျိပ်ရှစ်ဆူဘုရားများ မြို့တွင်းလှည့်လည်အပူဇော်ခံ

**ပန်းတောင်း အောက်တိုဘာ ၁၆**

ပဲခူးတိုင်းဒေသကြီး ပန်းတောင်းမြို့နယ် ထုံးဘိုမြို့ ဘုရားတစ်ထောင်အကောက်တောင် တောင်လတ်ကုန်းတော်ပေါ်ရှိ မဟာသာဂီယဝံသသကျမုနိကြေးသွန်းဘုရားကြီးစွယ်တော်တိုက်တွင် ကိန်းဝပ်စံပယ်တော်မူသော ဗုဒ္ဓမြတ်စွယ်တော်နှင့် နှစ်ကျိပ်ရှစ်ဆူဘုရားများ မြို့တွင်းသို့ လှည့်လည်အပူဇော်ခံပွဲကို အောက်တိုဘာ ၁၄ ရက် ညနေ ၃ နာရီက ကျင်းပသည်။

"ဒီနှစ်တော့ မြို့မိမြို့ဖ နယ်သူနယ်သားများ မေတ္တာရပ်ခံချက်အရ ဗုဒ္ဓမြတ်စွယ်တော်ကို မြို့တွင်းအပူဇော်ခံတာပါ၊ ဒီဗုဒ္ဓမြတ်စွယ်တော်က ဘုရားဒကာကြီး ဦးရွှေငုံကို အိပ်မက်ပေးလို့ ကိုးဆောင်ကျောင်းဆရာတော် ဦးစန္ဒဦးဆောင်ပြီး ဒါယကာ ဒါယိကာမများနဲ့အတူ ဘုရားတစ်ထောင်အကောက်တောင် ရွှေမြင်တင်စေတီတော် ဘုရားကုန်းတော်မြေသန့်ရှင်းရေးလုပ်ရင်း ရတာပါ၊ နှစ်ပေါင်း ၁၄၉ နှစ်ရှိပါပြီ" ဟု ဘုရားဂေါပကအဖွဲ့ဝင် ဦးမြင့်ဆွေက ပြောပြသည်။

**အောင်မြင့် (ပန်းတောင်း)**

## မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ကားလမ်းတံတားပြိုကျပျက်စီး



**မြင်းမူ အောက်တိုဘာ ၁၆**

စစ်ကိုင်းတိုင်းဒေသကြီး မြင်းမူမြို့နယ်အတွင်း အောက်တိုဘာ ၁၅ ရက် နံနက်ပိုင်းက မိုးသည်းထန်စွာရွာသွန်းခဲ့မှုကြောင့် မုံရွာ-မန္တလေးကားလမ်းဘေးရှိ မြောင်မြို့သို့သွားရာလမ်း မြင်းမူမြို့နယ် ဘိုးမင်းကြီးကင်းကျေးရွာနှင့် ကျော့မင်းကျေးရွာကြား မိုင်တိုင်အမှတ် (၁/၂) နှင့် (၁/၃) ကြားရှိ အရှည်ပေ ၃၀၊ အနံ ၁၈ ပေရှိ သံကူကွန်ကရစ်တံတား ထက်ဝက်ခန့် ပြိုကျပျက်စီးခဲ့ကြောင်း သိရသည်။

တံတားပြိုကျပျက်စီးမှုများကို စစ်ကိုင်းခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်ဝင်းလှိုင်၊ မြင်းမူမြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်အောင်လွင်နှင့် သက်ဆိုင်ရာတာဝန်ရှိသူများက ယာဉ်များပုံမှန်သွားလာနိုင်ရေး၊ တံတားအမြန်ဆုံးပြုပြင်နိုင်ရေးတို့အတွက် စီစဉ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ယင်းတံတားပျက်စီးခဲ့သော်လည်း ယခုအခါ ယာယီလမ်းလွှဲဖြင့် သွားလာနိုင်ရေး စီစဉ်လျက်ရှိပြီး ခရီးသွားပြည်သူများ အဆင်ပြေရေးအတွက် သက်ဆိုင်ရာ ကျေးရွာအုပ်ချုပ်ရေးအဖွဲ့၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့ဝင်များက ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**အောင်စိုးဖေ(မြင်းမူ)**

## ပဲခူးတိုင်းဒေသကြီးအတွင်း သဘာဝဘေးအန္တရာယ်ဖြစ်ပွားမှု ယခင်နှစ်ထက်ပိုမို

**ပဲခူး အောက်တိုဘာ ၁၆**

ပဲခူးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အသီးသီးတွင် သဘာဝဘေးအန္တရာယ်ဖြစ်ပွားလာမှုသည် ၂၀၁၈ ခုနှစ်ထက် ၂၀၁၉ခုနှစ်တွင် ပိုမိုဖြစ်ပွားလာကြောင်း တိုင်းဒေသကြီး ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲရေးဦးစီးဌာန၏ စာရင်းဇယားများအရ သိရသည်။

ပဲခူးတိုင်းဒေသကြီးအတွင်း ၂၀၁၈ ခုနှစ်တွင် သဘာဝဘေးများ ဖြစ်ပွားမှုအနေဖြင့် လေဘေး ၂၅၆ ကြိမ်၊ ရေဘေး ၄၄ ကြိမ်၊ မီးဘေး ၁၄ ကြိမ်၊ မိုးကြိုးဘေး ၁၆ ကြိမ်၊ ကမ်းပြိုဘေး အကြိမ် ၅၀၊ အခြား နှစ်ကြိမ် စုစုပေါင်း ၃၈၂ ကြိမ် ဖြစ်ပွားခဲ့သဖြင့် လေပြင်းကာကွယ်ရန်အတွက် ပဲခူး၊ အုတ်တွင်း၊ ကျောက်တံခါး၊ သာယာဝတီ၊ ရွှေတောင်မြို့နယ်များတွင် နေအိမ်အမိုးအကာများ အားဖြည့်ပြင်ဆင်ခြင်းလုပ်ငန်းများဆောင်ရွက်ပေးခဲ့ပြီး ယခု ၂၀၁၉ ခုနှစ် စက်တင်ဘာလအထိ သဘာဝဘေးများဖြစ်ပွားမှုအနေဖြင့် လေဘေး၂၇၅ ကြိမ်၊ ရေဘေး ၂၂ ကြိမ်၊ မီးဘေး ၄၈ ကြိမ်၊ မိုးကြိုးဘေး ၂၄ ကြိမ်၊ ကမ်းပြိုဘေး ၆၄ ကြိမ် စုစုပေါင်း ၄၃၃ ကြိမ်ဖြစ်ပွားခဲ့ကာ လေပြင်းကာကွယ်ရန်အတွက် နေအိမ်အမိုးအကာများ အားဖြည့်ပြင်ဆင်ခြင်းလုပ်ငန်းများကို မြို့နယ် ၁၆ မြို့နယ်တွင် ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း သိရသည်။

ဘေးဖြစ်ပွားမှုများအတွက် တိုင်းဒေသကြီး အစိုးရအဖွဲ့ သဘာဝဘေးရန်ပုံငွေမှ ထောက်ပံ့ပေးခြင်း၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ဆန်ရိက္ခာဖိုး၊ အိမ်ဆောက်ပစ္စည်းဖိုး ထောက်ပံ့ရေးပစ္စည်းများ၊ ပြန်လည်ထူထောင်ရေးပစ္စည်းများအတွက် ၁၄၆၇၂ သိန်းကျော်၊ လေပြင်းကာကွယ်ရန် နေအိမ်အမိုးအကာများ အားဖြည့်ပြင်ဆင်ခြင်း လုပ်ငန်းများအတွက် မြို့နယ် ၁၆ မြို့နယ်တွင် ၅၂၈ သိန်းကျော် ထောက်ပံ့ပေးနိုင်ခဲ့ကြောင်း ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန ပဲခူးတိုင်းဒေသကြီး ဦးစီးဌာနမှူး ဦးသိန်းငွေအောင်က ပြောကြားသည်။

**တင်စိုး (ပဲခူး)**

## မူဆယ်မြို့မှ တစ်ပိုင်းတစ်စ ပြည်သူ့ဝန်ဆောင်မှု

ဌာနဆိုင်ရာများ၊ ဝန်ထမ်းများနှင့် ပြည်သူများ မြန်မာနိုင်ငံတွင် ဖြစ်ပေါ်နေသည့် သတင်းများကို အချိန်နှင့်တစ်ပြေးညီ အလွယ်တကူဖတ်ရှုနိုင်ရန်အတွက် မူဆယ်မြို့ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှတစ်ဆင့် မြန်မာ့အလင်း၊ ကြေးမုံသတင်းစာတို့ကို ဌာနဆိုင်ရာရုံးများနှင့် အိမ်တိုင်ရာရောက် နေ့စဉ် ဖြန့်ဝေမှုများ ဆောင်ရွက်ပေးလျက်ရှိသည်။

**အိမ်တိုင်ရာရောက်**

သုံးဘီးယာဉ်မောင်း ဦးဆန်းဦးက မူဆယ်မြို့တွင်းအနှံ့နှင့် ၁၀၅ မိုင်အထိ ဌာနဆိုင်ရာရုံးများ၊ ဧည့်သည်များ ဖတ်ရှုနိုင်ရန်အတွက် ဟိုတယ်များ၊ တည်းခိုခန်းများနှင့် သတင်းစာများကို ပုံမှန်ဖတ်ရှုသူများထံသို့ အိမ်တိုင်ရာရောက် ဖြန့်ဝေပေးသည်။

“အိမ်တိုင်ရာအရောက်ပို့ပေးတော့ ဌာနဆိုင်ရာတွေနဲ့ သတင်းစာဖတ်သူတွေက ကျေးဇူးတင်ကြတယ်” ဟု သတင်းစာများ ဖြန့်ဝေခြင်းအပေါ် ဦးဆန်းဦးက ပြောသည်။

စနေ၊ တနင်္ဂနွေရုံးပိတ်ရက်များတွင် ပုဂ္ဂလိကသတင်းစာဖတ်သူများကို ဦးစားပေးပို့ဆောင်ပေးပြီး ရုံးဖွင့်ရက်များတွင် ဌာနဆိုင်ရာရုံးများကို ဦးစားပေးပို့ဆောင်ပေးသည်။ သတင်းစာများကို လိုက်လံဖြန့်ဝေပေးရင်း မူဆယ်မြို့ရှိ ဌာနဆိုင်ရာသတင်းများ၊ မူဆယ်မြို့၏ သတင်းပါရှိမှုများကို မည်သည့်စာမျက်နှာတွင် ပါရှိကြောင်းများကိုလည်း သတင်းစာဖတ်သူများထံ တစ်ခါတည်း အသိပေးခဲ့ကြောင်း ၎င်းကဆက်လက်ပြောပြသည်။

ပြည်သူများ စာအုပ်စာပေ၊ သတင်းစာများကို အလွယ်တကူဖတ်ရှုနိုင်ရန်အတွက် စာပေရေချမ်းစင်များကို ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ မူဆယ်မြို့၊ သိန်းသန်းချီကားကြီးကွင်း၊ ဆင်ဖြူဈေးနှင့် ရပ်ကွက်အချို့တွင် ကိုယ့်အားကိုယ်ကိုးစနစ်ဖြင့် ထားရှိပေးသည်။

**အလွယ်တကူဖတ်ရှုကြ**

ထိုစာပေရေချမ်းစင်တွင် ကျန်းမာရေးစာအုပ်စာပေများ၊ သတင်းစာများနှင့် အခြားစာအုပ်များကို ပြည်သူများ အလွယ်ဖတ်ရှုနိုင်ရန်အတွက် အသင့်ထားရှိပေးသည်။ ခရီးသွားပြည်သူများ၊ ဈေးသည်များ၊ ယာဉ်မောင်းများနှင့် ပြည်သူများက ခေတ္တနားရာတွင် အလွယ်တကူဖတ်ရှုကြသည်။

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးရုံးတွင် ပြည်သူများ မိမိကြိုက်နှစ်သက်သည့် စာအုပ်များကို ဖတ်ရှုနိုင်ရန်အတွက် ပြည်သူ့စာကြည့်တိုက်၌ အငှားစနစ်ဖြင့် စာအုပ်များအခမဲ့ငှားရမ်းပေးသည်။

“မူဆယ်မြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနဲ့ စာပေဝါသနာရှင်များ ပူးပေါင်းပြီးတော့ စာဖတ်ဝိုင်းများ၊ ပညာရေးဌာနနဲ့ပူးပေါင်းပြီးတော့ ကျောင်းသား ကျောင်းသူများအတွက် ကဗျာရွတ်ဆိုပြိုင်ပွဲ၊ ပန်းချီပြိုင်ပွဲ၊ ပုံပြင်ပြောပြိုင်ပွဲနဲ့ ကလေးစာဖတ်ဝိုင်းတွေကို လစဉ်လတိုင်း ပြုလုပ်ပေးပါတယ်၊ ဌာနဆိုင်ရာရုံးတွေမှာ စာအုပ်၊ စာပေဖတ်ချင်တဲ့ ဝန်ထမ်းတွေအတွက် အလွယ်တကူ စာအုပ်စာပေဖတ်ရှုနိုင်ရန် နယ်လှည့်ကွင်းဆင်းစနစ်နဲ့ စာအုပ်စာပေတွေလည်း ငှားရမ်းပေးပါတယ်” ဟု မူဆယ်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးအယ်လ်စိုးထန်တူးက ပြောသည်။

မူဆယ်မြို့တွင် ကလေးစာပေပွဲတော်ကို ၂၀၁၈ ခုနှစ် ဒီဇင်ဘာ ၂၇ ရက်မှ ၃၀ ရက်အထိ မူဆယ်မြို့ မင်္ဂလာမူဆယ်တွင် သုံးရက်ကြာ စည်ကားသိုက်မြိုက်စွာဖြင့် အောင်မြင်စွာကျင်းပနိုင်ခဲ့ပြီးဖြစ်ကာ ပြည်သူအများ သိရှိနိုင်ပါရန် မူဆယ်မြို့မှ တစ်ပိုင်းတစ်စပြည်သူ့ဝန်ဆောင်မှုကို တင်ပြရေးသားခြင်းဖြစ်သည်။

**ဆလိုင်းဗန်ရိုးထန်(ပြန်/ဆက်)**

## ကော့သောင်းတွင် မီးသတ်သင်တန်းဖွင့်လှစ်

**ကော့သောင်း အောက်တိုဘာ ၁၆**

ကော့သောင်းမြို့နယ်မီးသတ်ဦးစီးဌာနမှ အခြေခံပညာကျောင်းသား ကျောင်းသူများသို့ မီးသတ်လူငယ်သင်တန်းအမှတ်စဉ် (၁/၂၀၁၉) ကို အောက်တိုဘာ ၁၅ ရက် နံနက်ပိုင်းက မြို့နယ်မီးသတ်ဦးစီးဌာနခန်းမတွင် ကျင်းပသည်။

ကျောင်းသား ကျောင်းသူများ မီးသတ်အသိပညာ၊ ရှာဖွေကယ်ဆယ်ရေးအသိပညာ၊ သဘာဝဘေးအန္တရာယ်နှင့် အခြားရုတ်တရက် ဖြစ်ပွားသည့်ဘေးအန္တရာယ်များနှင့်စပ်လျဉ်း၍ သိသင့်သိထိုက်သည့် အသိပညာရပ်များ သိရှိနားလည်စေရေး ရည်ရွယ်ခြင်းဖြစ်ကြောင်း မြို့နယ်မီးသတ်ဦးစီးမှူး ဦးအောင်ငြိမ်းဦးက ပြောသည်။

အဆိုပါမီးသတ်လူငယ်သင်တန်းတွင် မီးလောင်မှုများကြုံတွေ့သည့်အခါ မီးအတန်းအစားအလိုက် ငြိမ်းသတ်ရမည့်နည်းလမ်းများ၊ မီးလောင်မှုအမျိုးအစားအလိုက် အသုံးပြုငြိမ်းသတ်ရမည့် မီးသတ်ကိရိယာများ ကိုင်တွယ်အသုံးပြုပုံနည်းစနစ်များ၊ သဘာဝဘေးအန္တရာယ်များကြုံတွေ့သည့်အခါ ဘေးအန္တရာယ်အမျိုးအစားအလိုက် ဆောလျင်စွာတုံ့ပြန်ဆောင်ရွက်ရမည့်နည်းပညာများကို ကျောင်းသားအရွယ်လူငယ်များ အခြေခံကျကျသိရှိစေရန် သင်တန်းကာလငါးရက် သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ကျော်စိုး(ကော့သောင်း)**

# ဂျူဗင်တပ်တိုက်စစ်မှူးမန်ဇူကစ်ကို ပေါင်ကိုးသန်းနဲ့ရရှိရန် မန်ယူအသင်း မျှော်လင့်

မန်ယူအသင်းဟာ အီတလီစီးရီးအေကလပ် ဂျူဗင်တပ်အသင်းရဲ့တိုက်စစ်မှူး မန်ဇူကစ်ကို လာမယ့်ဇန်နဝါရီအပြောင်းအရွှေ့ကာလအတွင်းမှာ ခေါ်ယူဖို့ ပစ်မှတ်ထားနေပြီး ပြောင်းရွှေ့ကြေးပေါင် ကိုးသန်းနဲ့ ရရှိဖို့ မျှော်လင့်နေတယ်လို့ သိရပါတယ်။

ဂျူဗင်တပ်အသင်းကလည်း တိုက်စစ်မှူး မန်ဇူကစ်ကို ဇန်နဝါရီအပြောင်းအရွှေ့ကာလအတွင်းမှာ ရောင်းချဖို့ စီစဉ်လျက်ရှိပြီး မန်ဇူကစ်အနေနဲ့ မန်ယူအသင်းနဲ့စာချုပ်ချုပ်ဆိုပါက ၂၀၂၀ ခုနှစ်အထိ ၁၈ လ သက်တမ်းရှိ စာချုပ်တစ်ရပ်ချုပ်ဆိုဖို့ မျှော်လင့်လျက်ရှိပါတယ်။

တိုက်စစ်မှူး မန်ဇူကစ်ဟာ ၂၀၁၅ ခုနှစ်က အက်သလက်တီကိုမက်ဒရစ်အသင်းကနေ ဂျူဗင်တပ်အသင်းကို ပြောင်းရွှေ့လာခဲ့တာဖြစ်ပြီး ဂျူဗင်တပ်အသင်းနဲ့အတူ ၁၆၂ ပွဲ ပါဝင်ကစားပေးခဲ့ရာမှာ သွင်းဂိုး ၄၄ ဂိုးအထိ သွင်းယူပေးနိုင်ခဲ့တာ ဖြစ်ပါတယ်။

မန်ဇူကစ်အနေနဲ့ ဘိုင်ယန်မြူးနစ်အသင်းမှာလည်း ကစားခဲ့ပြီး ဂျူဗင်တပ်အသင်းမှာ အကောင်းဆုံးခြေစွမ်းပြကစားနိုင်ခဲ့ပေမယ့် လက်ရှိရာသီမှာ ဂျူဗင်တပ်အသင်းနဲ့အတူ ပုံမှန်ပွဲထွက်ကစားခွင့် ပျောက်ဆုံးခဲ့ရတာ ဖြစ်ပါတယ်။

အဲဒါကြောင့် မန်ယူအသင်းအနေနဲ့ တိုက်စစ်မှူး လူကာကူကို အင်တာမီလန်အသင်းထံ ရောင်းချခဲ့ပြီး အစားထိုးကစားသမားအဖြစ် တိုက်စစ်မှူး မန်ဇူကစ်ကို ခေါ်ယူဖို့ ပစ်မှတ်ထားနေတာ ဖြစ်ပါတယ်။





# စပိန်အသင်းရဲ့ပွဲစဉ်မှာဒဏ်ရာရရှိခဲ့သဖြင့် မန်ယူနဲ့ လီဗာပူးတို့ပွဲစဉ်မှာ ဒီဂီယာပါဝင်ရန် မသေချာ

ဂိုးသမား ဒီဂီယာဟာ စပိန်အသင်းရဲ့ နိုင်ငံတကာပွဲစဉ်မှာ ဒဏ်ရာရရှိခဲ့တာကြောင့် တနင်္ဂနွေနေ့မှာ ယှဉ်ပြိုင်ကစားမယ့် မန်ယူအသင်းနဲ့လီဗာပူးအသင်းတို့ရဲ့ ပရီမီယာလိဂ်ပွဲစဉ်မှာ ပါဝင်လာဖို့ မသေချာဖြစ်နေတယ်လို့ သိရပါတယ်။ အသက်၂၈ နှစ်အရွယ်ရှိ ဂိုးသမားဒီဂီယာဟာ စပိန်အသင်းနဲ့ ဆွီဒင်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့တဲ့ ယူရို ၂၀၂၀ ခြေစစ်ပွဲစဉ်မှာ တံကောက်ကြောဒဏ်ရာရရှိခဲ့တာ ဖြစ်ပါတယ်။ အဲဒါကြောင့် အဲဒီပွဲစဉ်မှာ ပွဲကစားချိန် မိနစ် ၆၀ ကြာပြီးနောက် ချယ်လ်ဆီးဂိုးသမား အာရီဇာဘာလာဂါနဲ့ လူစားလဲ ကစားခဲ့ရတာ ဖြစ်ပါတယ်။

မန်ယူအသင်းဟာ လက်ရှိမှာ ပရီမီယာလိဂ်ရဲ့အဆင့် ၁၂ နေရာမှာ ရပ်တည်နေတဲ့အပြင် နောက်ဆုံးကစားခဲ့တဲ့ ပရီမီယာလိဂ် ပွဲစဉ်သုံးပွဲမှာ နိုင်ပွဲပါ ပျောက်ဆုံးခဲ့ရတာကြောင့် နည်းပြ ဆိုးရှားအတွက် အခက်တွေ့နေရတဲ့အချိန်ဖြစ်သလို ဒီဂီယာ ဒဏ်ရာရရှိနေခြင်းက အသင်းရဲ့ရလဒ်ပိုင်းကိုပါ ပြောင်းသွားနိုင်တယ်လို့ သုံးသပ်သူတွေက ဆိုပါတယ်။

မန်ယူအသင်းနဲ့ လီဗာပူးအသင်းတို့ ယှဉ်ပြိုင်ကစားမယ့် ပရီမီယာလိဂ်ပွဲစဉ်မှာ ဂိုးသမားဒီဂီယာပါဝင်နိုင်ခဲ့ခြင်းမရှိခဲ့ရင် အာဂျင်တီးနားကြယ်ပွင့် ဂိုးသမား ဆာဂျီယိုရိုမီယိုကို ထည့်သွင်းကစားဖို့ မန်ယူအသင်းက ပြင်ဆင်ထားတယ်လို့ ဆိုပါတယ်။ မန်ယူအသင်းအနေနဲ့ ဂိုးသမား ဒီဂီယာနေရာမှာ အစားထိုးဖို့အတွက် ယူရိုပါလိဂ်ပွဲစဉ်နဲ့ ကာရာဘာအိုဖလား ပွဲစဉ်တွေမှာလည်း ဆာဂျီယိုရိုမီယိုကို ထည့်သွင်းကစားစေဖို့ စီစဉ်ထားတယ်လို့ ဆိုပါတယ်။

# ရီးယဲလ်မက်ဒရစ်အသင်းက ၂၀၂၁ ခုနှစ်မှာ တိုက်စစ်မှူးအမ်ဘတ်ပီကို ခေါ်ယူရန်ပစ်မှတ်ထားနေ

စပိန်လာလီဂါကလပ် ရီးယဲလ်မက်ဒရစ်အသင်းဟာ ပီအက်စ်ဂျီအသင်းမှ ပြင်သစ်တိုက်စစ်မှူး အမ်ဘတ်ပီကို လာမယ့် ၂၀၂၁ ခုနှစ်မှာ ခေါ်ယူဖို့ ပစ်မှတ်ထားနေတယ်လို့ သိရပါတယ်။

ပီအက်စ်ဂျီအသင်းတိုက်စစ်မှူး အမ်ဘတ်ပီဟာ လက်ရှိချုပ်ဆိုထားတဲ့ စာချုပ်သက်တမ်း အရ ၂၀၂၂ ခုနှစ်ရောက်မှ ကုန်ဆုံးမှာဖြစ်ပေမယ့် စာချုပ်သက်တမ်းမကုန်မီ အသင်းကနေ ထွက်ခွာခွင့်ပြုမယ်လို့လည်း ပီအက်စ်ဂျီအသင်းက ပြောကြားထားပါတယ်။



ရီးယဲလ်မက်ဒရစ်အသင်းဟာ ပြီးခဲ့တဲ့ အပြောင်းအရွှေ့ကာလက ချယ်လ်ဆီးကစားသမား နှစ်ဦးဖြစ်တဲ့ တိုက်စစ်မှူး အေဒင်ဟာဇက်နဲ့ ဂိုးသမား ကော်တိုရစ်တို့ကို ခေါ်ယူခဲ့တာဖြစ်ပြီး လက်ရှိမှာ တိုက်စစ်မှူး အမ်ဘတ်ပီကို ပစ်မှတ်ထားလျက်ရှိကာ ၂၀၂၁ ခုနှစ် နွေရာသီ အပြောင်းအရွှေ့ထိ စောင့်ဆိုင်းပြီး ခေါ်ယူမယ်လို့ ဆိုပါတယ်။

အသက်၂၀ အရွယ်ရှိ တိုက်စစ်မှူး အမ်ဘတ်ပီဟာ လက်ရှိမှာ ပီအက်စ်ဂျီအသင်းနဲ့အတူ ငါးပွဲ ပါဝင်ကစားပေးထားရာမှာ နှစ်ဂိုးသွင်းယူပေးထားတာ ဖြစ်ပါတယ်။ ပြီးခဲ့တဲ့ ဘောလုံးရာသီကတော့ တိုက်စစ်မှူး အမ်ဘတ်ပီ အနေနဲ့ ပီအက်စ်ဂျီအသင်းအတွက် ၄၃ ပွဲမှာ ၃၉ ဂိုးအထိ သွင်းယူပေးခဲ့တာ ဖြစ်ပါတယ်။

# ဘာစီလိုနာအသင်းက စိတ်ဝင်စားနေတဲ့ မာတီနက်ဇ်ကို ပေါင် ၉၆ သန်း လိုချင်ဟု အင်တာမီလန်အသင်း ပြောကြား

အင်တာမီလန်အသင်းဟာ စပိန်ကလပ် ဘာစီလိုနာအသင်းက ခေါ်ယူဖို့ စိတ်ဝင်စားနေတဲ့ တိုက်စစ်မှူး မာတီနက်ဇ်ရဲ့ ပြောင်းရွှေ့ကြေးကို ပေါင် ၉၆ သန်းအထိ လိုချင်တယ်လို့ ပြောကြားလိုက်ပါတယ်။

အာဂျင်တီးနားတိုက်စစ်မှူး မာတီနက်ဇ်ဟာ အခုနှစ်ဘောလုံးရာသီမှာ အကောင်းဆုံးခြေစွမ်းရရှိခဲ့ပြီး ဘာစီလိုနာအသင်းနဲ့ ယှဉ်ပြိုင်ကစားခဲ့တဲ့ ချန်ပီယံလိဂ်ပွဲစဉ်အပါအဝင် ပြိုင်ပွဲအရပ်ရပ်မှာ ကိုးပွဲအထိ ပါဝင်ကစားပေးထားကာ သွင်းဂိုး သုံးဂိုးသွင်းယူထားတာ ဖြစ်ပါတယ်။ အီတလီစီးရီးအေပွဲစဉ် ခုနစ်ပွဲမှာ သွင်းဂိုး နှစ်ဂိုးနဲ့ ချန်ပီယံလိဂ်ပွဲစဉ်နှစ်ပွဲမှာ သွင်းဂိုးတစ်ဂိုး သွင်းယူပေးခဲ့တာ ဖြစ်ပါတယ်။

တိုက်စစ်မှူး မာတီနက်ဇ်ရဲ့လက်ရှိ အင်တာမီလန်အသင်းနဲ့ ချုပ်ဆိုထားတဲ့ စာချုပ်ဟာ ၂၀၂၃ ခုနှစ်မှာ ကုန်ဆုံးမှာဖြစ်ပြီး ပြီးခဲ့တဲ့ဘောလုံးရာသီကတော့ အင်တာမီလန်အသင်းနဲ့အတူ စီးရီးအေပွဲစဉ် ၃၄ ပွဲမှာ သွင်းဂိုး ရှစ်ဂိုးအထိ သွင်းယူပေးနိုင်ခဲ့တာ ဖြစ်ပါတယ်။

အခုနှစ်ဘောလုံးရာသီမှာတော့ မန်ယူအသင်းရဲ့ တိုက်စစ်ကစားသမားနှစ်ဦးဖြစ်တဲ့ လူကာကူနဲ့ အလက်ဇစ်ဆန်းချက်ဇ်တို့ ရောက်ရှိလာခဲ့တာကြောင့် တိုက်စစ်ပိုင်းမှာ မာတီနက်ဇ် ပုံမှန်ပွဲထွက်ကစားခွင့် ပျောက်ဆုံးခဲ့ရတာ ဖြစ်ပါတယ်။

**ငွေကြယ် – ရေးသားသည်**

# တိုက်စစ်မှူးနေမာ သီတင်းလေးပတ်ကြာ အနားယူရမည်ဟု ပီအက်စ်ဂျီ အတည်ပြုပြောကြား

တိုက်စစ်မှူး နေမာဟာ ဘရာဇီးအသင်းရဲ့ နိုင်ငံတကာချစ်ကြည်ရေး ခြေစမ်းပွဲစဉ်မှာ ဒဏ်ရာရရှိခဲ့တာကြောင့် သီတင်းလေးပတ်ကြာ အနားယူရမှာဖြစ်တယ်လို့ ပြင်သစ်ပထမတန်းကလပ် ပီအက်စ်ဂျီအသင်းက အတည်ပြုပြောကြားခဲ့ပါတယ်။

အသက် ၂၇ နှစ်အရွယ်ရှိ တိုက်စစ်မှူး နေမာဟာ ဘရာဇီးအသင်းနဲ့ နိုင်ဂျီးရီးယားအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့တဲ့ ချစ်ကြည်ရေးခြေစမ်းပွဲစဉ်မှာ တံကောက်ကြောဒဏ်ရာ ရရှိခဲ့တာ ဖြစ်ပါတယ်။ စင်ကာပူမှာ ယှဉ်ပြိုင်ကစားခဲ့တဲ့ အဆိုပါ ခြေစမ်းပွဲစဉ်ရဲ့ ပွဲကစားချိန် ၁၂ မိနစ်မှာ ဒဏ်ရာရရှိခဲ့တာကြောင့် ကော်တင်ဟိုနဲ့ လူစားလဲကစားခဲ့ရတာ ဖြစ်ပါတယ်။

တိုက်စစ်မှူး နေမာဟာ ရရှိခဲ့တဲ့ဒဏ်ရာပြဿနာကြောင့် ပီအက်စ်ဂျီအသင်း ယှဉ်ပြိုင်ကစားမယ့် ပွဲစဉ်တွေထဲက အနည်းဆုံး ခြောက်ပွဲအထိ လွဲချော်ဖို့လည်း ရှိနေတယ်လို့ သိရပါတယ်။ ဒါပေမယ့် နိုဝင်ဘာ ၂၃ ရက်မှာ နိုက်စ်အသင်းနဲ့ ယှဉ်ပြိုင်ကစားမယ့် ပြင်သစ်ပထမတန်းပွဲစဉ်နဲ့ အဲဒီပွဲစဉ်ပြီးချိန်မှာ ရီးယဲလ်မက်ဒရစ်အသင်းနဲ့ ယှဉ်ပြိုင်ကစားရမယ့် ချန်ပီယံလိဂ်ပွဲစဉ်တို့မှာ ပါဝင်လာဖို့ရှိနေတယ်လို့ ပီအက်စ်ဂျီအသင်းက ပြောကြားထားပါတယ်။




UPG
25th ANNIVERSARY
1995 - 2020
UPG ထုတ်ကုန်၏ ၂၀၂၀ ခုနှစ်တွင်ကျရောက်မည့် (၂၅)နှစ်မြောက်
""ငွေရတု"" အထိမ်းအမှတ် ပျော်ရွှင်ဖွယ်ကောင်းမည့် ကံစမ်းမဲအစီအစဉ်
WINNER
LUCKY WINNERS
GET A CHANCE TO MEET*
WINNER
ဆုကြီး (၂၅) ဆုနှင့် ဆုမဲပေါင်းများစွာ
ကံစမ်းမဲကာလ(၁၆.၁၀.၂၀၁၉)မှ(၃၁.၅.၂၀၂၀)ထိ
ဖေဖော်ဝါရီလ နှင့် ဇူလိုင်လ ၂၀၂၀ တွင်ကံစမ်းပါမည်။
*1995 မှ နိဂုံး UPG Promotion Page ကိုဝင်ပါ
Star Phone App ကို App Store, Play Store တို့မှ Download ရယူနိုင်သည်။
QR Code မှလည်းရယူနိုင်သည်။ UPG Website တွင်လည်း ကံစမ်းမဲမှတ်ပုံတင်နိုင်ပါသည်။
အသေးစိတ်ကို Hotline 01 2399900 နှင့် Facebook.com/upgpaint တွင်စုံစမ်းသိရှိနိုင်ပါသည်။
www.upgpaint.com e-mail: info@upgpaint.com


SWEETY HOME
စပရင်မွေ့ရာ၊ ပရိဘောဂ၊ ဆိုဖာနှင့်
မက်လာခန်းဝင်ပစ္စည်းအမျိုးမျိုး
NATIONWIDE
PROMOTION 2019
5% TO 10% OFF
PROMOTION PERIOD
10TH ~ 31ST OCTOBER 2019
အမြို့မြို့အနယ်နယ်ရှိ ဆွီတီးဟုမ်း ကိုယ်စားလှယ်အရောင်းဆိုင်များတွင် ဝယ်ယူရရှိနိုင်ပါသည်။
YANGON
• Showroom (1) No.(2/B) , Kan Nar Road , Thittaw Qt , Ahlone Tsp; Yangon.Ph - 09 971111418 , 01 2314196
• Showroom (2) No.82 , Ywama Kyaung Road , Hlaing , Yangon. Ph - 09 977919555 , 01 521255
• Showroom (3) No.296 , Ayeyarwon Road , Thaketa Tsp; Yangon. Ph - 09 977919111 , 01 551591
• Showroom (4) Yuzana Plaza 4th Floor , Yangon. Ph - 09 977919444 , 01 205224
• Showroom (5) No.3A , Mindama Road , Mayangone Tsp ; Yangon. Ph - 09 977919333 , 01 9669544
• Showroom (6) No.84 , Yadanar Road , 8 Block , South Okkalapa Tsp ; Yangon. Ph - 09 977919222 , 01 8550358
MANDALAY
• Showroom (1) 35th Road , between 64th & 65th Street , Mandalay. Ph - 09 977919888 , 02 2835938
• Showroom (2) 33rd Road , between 81st & 82nd Street , Mandalay. Ph - 09 91029989 , 02 4060810

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး

## ဦးရဲမြင့်

**ရွှေသမင်ဆေးတိုက်(ကြို့ပင်ကောက်)**

**အသက် (၁၀၂)နှစ်**

ပဲခူးတိုင်းဒေသကြီး၊ ကြို့ပင်ကောက်မြို့နယ်၊ အမှတ် (၇၆)၊ ပန်းတင်လမ်းနှင့် ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ အမှတ် (၁၀၈/စီ)၊ (၃)ရပ်ကွက်၊ အေးရိပ်ငြိမ်လမ်းနေ (ဦးမိုင်-ဒေါ်စိန်)တို့၏ သား၊ (ဒေါ်စောမြင့်)၊ (ဒေါ်အေးသန်း)တို့၏ ခင်ပွန်း၊ ဦးကြင်ထွန်း-ဒေါ်တင်တင်ဦး၊ ဦးဇော်မင်းဦး-ဒေါ်အေးအေးသန်း၊ ဦးသောင်းညွန့်-ဒေါ်နွဲ့နွဲ့ဝင်း၊ (ဒေါ်ခင် ခင်ကြီး)၊ ဦးတင်အောင်မိုး-ဒေါ်ခင်ခင်လေး၊ ဦးထွန်းလွင်-ဒေါ်လဲ့လဲ့ဝင်း၊ ဦးသန်းမြင့်-ဒေါ်ဝင်းဝင်းမြင့်၊ ဦးတင်အောင်ကျော်-ဒေါ်တင်မာချိုတို့၏ ကျေးဇူးရှင်ဖခင်ကြီး၊ မြေး ၁၈ ယောက်၊ မြစ် ၁၀ ယောက်တို့၏အဘိုးသည် ၁၆-၁၀-၂၀၁၉ (ဗုဒ္ဓဟူးနေ့) နံနက် ၃ နာရီ တွင် ကွယ်လွန်သွားပါသဖြင့် ၁၈-၁၀-၂၀၁၉ (သောကြာနေ့) နံနက် ၁၁ နာရီတွင် ရေဝေး သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှ ကားများ နံနက် ၁၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၂-၁၀-၂၀၁၉ ရက် နံနက် ၇ နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ တန်ဆောင်း ဒါယိကာမကြီး**

## ဒေါ်မြင့်မြင့်ရီ

**(အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီ)**

**အသက်(၈၁)နှစ်**

ဒေါက်တာသင်းနွယ်ဝင်း-ဒေါက်တာထွေးထွဋ်ကြည်တို့၏ ချစ်လှစွာသောကျေးဇူးရှင်မိခင်ကြီး အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီ ဒေါ်မြင့်မြင့်ရီ သည် ၁-၁၀-၂၀၁၉ (အင်္ဂါနေ့)တွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးဇော်မင်း-ဒေါက်တာခင်လှလှသိန်း**

## အထူးဝမ်းနည်းကြေကွဲခြင်း

## ဦးချင်ယုံ(ဟသ်ာတမြို့)

**အသက် (၉၂)နှစ်**

သူငယ်ချင်း ဒေါက်တာခိုင်ဝင်း (မေ့ဆေးအထူးကုဆရာဝန်ကြီး၊ မန္တလေးဆေးရုံကြီး)-ဒေါက်တာယဉ်မျိုးကြွယ်တို့၏ ဖခင်ကြီး ဦးချင်ယုံသည် ၆-၁၀-၂၀၁၉ ရက်နေ့တွင် ကွယ်လွန်ကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**11/87-Batch**

**ဆေးတက္ကသိုလ်(၂)မှ သူငယ်ချင်းများ**

## ဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ သိမ်၊ ကျောင်း၊ တန်ဆောင်း ဒါယိကာမကြီး**

## ဒေါ်ကျင်အေး (အိမ်မဲ)

**အသက် (၈၃) နှစ်**

ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ ခရေပင်ရိပ်မွန်အိမ်ရာ၊ ပန်းချယ်ရီလမ်း၊ အမှတ် (၂၆)နေ ဒုတိယဗိုလ်မှူးကြီး ထွဏ်းကြည်(ငြိမ်း) (တဇ-၇)- ဒေါ်လှလှမြင့်တို့၏ ချစ်လှစွာသောမိခင်ဖြစ်သူ ဒေါ်ကျင်အေး(အိမ်မဲ) အသက် (၈၃) နှစ်သည် ၁၂-၁၀-၂၀၁၉ ရက်နေ့ ည ၇:၀၇နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားကြောင်းသိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**တဇ(၇) မှ သူငယ်ချင်းမိသားစုများ**

## အထူးဝမ်းနည်းကြေကွဲခြင်း

## ဦးစိုးညွန့် (တရားလွှတ်တော် ရှေ့နေ)

**အသက် (၈၂)နှစ်**

သူငယ်ချင်း ဒေါက်တာလဲ့လဲ့စိုး (ကလေးအထူးကုဆရာဝန်၊ လှိုင်သာယာဆေးရုံ)၏ ကျေးဇူးရှင်ဖခင်ကြီး ဦးစိုးညွန့်သည် ၁၁-၁၀-၂၀၁၉ ရက်နေ့တွင် ကွယ်လွန်သွားကြောင်းကြားသိရပါ၍ ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**11/87-Batch**

**ဆေးတက္ကသိုလ်(၂)မှ သူငယ်ချင်းများ**

## ဦးအေးမြင့်

**အသက် (၉၀)**

**ဒုအထွေထွေမန်နေဂျာ (ငြိမ်း)**

**လယ်စိုက်ရှင်း**

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ တိုက် (၂၂၉/၄)နေ (ဦးသိန်းဉာဏ်-ဒေါ်ငွေဇင်)တို့၏ သား၊ (ဒေါ်အုန်းကြည်)၏ ခင်ပွန်း၊ ဒေါက်တာအေးသွယ်-ဒေါ်ခင်ထားဖြူတို့၏ ဖခင်၊ ရဲထွဋ်အေး၏ အဘိုး၊ ဒေါ်မြသွင်၊ (ဦးခင်ညွန့်)၊ (ဒေါ်အေးသွင်)၊ ဦးစံလွင်၊ (ဒေါ်စန်း မြင့်)တို့၏အစ်ကို ဦးအေးမြင့်သည် ၁၅-၁၀-၂၀၁၉ရက် နံနက်တွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ ကျောင်း၊ တန်ဆောင်း ဒါယိကာမကြီး

## မညိုညိုစန်း

**(TAL Trading Company Ltd)**

**အသက် (၄၁)နှစ်**

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ စောရန်ပိုင်တောင်ရပ်ကွက်၊ ငုဝါလမ်း၊ အမှတ် (၃၃)၊ လေးလွှာ (A)နေ ဦးအောင်မြို့-ဒေါ်သောင်းသောင်းအေးတို့၏ ချစ်လှစွာသောသမီး၊ ကိုသန်းထွန်းဦး-မစန္ဒာကြူ၊ ကိုမောင်မောင်မြင့်-မခင်မျိုးသန်း၊ ကိုဝင်းလှိုင်ထွန်း-မလှလှဝင်း၊ ကိုလင်းလင်းထွန်း-မစိုးစန္ဒာကျော် (TAL Trading Co., Ltd.)တို့၏ ညီမ၊ ကိုထင်လင်းအောင်-မပြည့်ပြည့်အောင်၊ ကိုထွန်းဇေယျာလင်း၊ ကိုအောင်ကိုထွေး-မထက်ထက်အောင်တို့၏ အစ်မသည် ၁၆-၁၀-၂၀၁၉ (ဗုဒ္ဓဟူးနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၁၈-၁၀-၂၀၁၉ (သောကြာနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## ဦးအုန်းကျော် (သဲတောမြို့)

**အသက် (၉၁)နှစ်**

**(ကိန္နရီ ချည်ချောလုံချည်)**

သဲတောမြို့၊ အောင်မင်္ဂလာရပ်ကွက်နေ (ဦးထွန်းအောင်-ဒေါ်မြ)တို့၏ သား၊ (ဦးသောင်း-ဒေါ်ပန်းညွန့်)တို့၏ သားသမက်၊ ဒေါ်မှီ၏ ခင်ပွန်း၊ (ဦးဘသွင်)၊ ဦးသောင်းညွန့်-(ဒေါ်တင်မိ)တို့၏ ညီ/မောင်၊ ဦးမြတ်မိုးဝင်း-ဒေါ်သန်းသန်းအေး၊ ဒေါ်စန်းစန်းယု၊ ဦးလှမျိုး-ဒေါ်နှင်းဝေအောင်၊ ဒေါက်တာစန်းလွင်-ဒေါက်တာဝေဝေမွန်တို့၏ ဖခင်၊ မောင်ကောင်းမြတ်ဝင်း၊ မအင်ကြင်းမှီတို့၏ ဘိုးဘိုးကြီး ဦးအုန်းကျော်သည် ၁၄-၁၀-၂၀၁၉ (တနင်္လာနေ့) ည ၇:၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၆-၁၀-၂၀၁၉ (ဗုဒ္ဓဟူးနေ့) ညနေ ၃ နာရီတွင် သဲတောသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၂၀-၁၀-၂၀၁၉ (တနင်္ဂနွေနေ့) နံနက် ၇ နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ရဟန်းအမ

## ဒေါ်တင်ဝင်း (၈၄)နှစ်

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၁၈/စီ)ရပ်ကွက်၊ ကော့သောင်းလမ်း၊ အမှတ် (၃၄)နေ (ဦးစော-ဒေါ်နှင်းကြည်) တို့၏ သမီး၊ (ဦးမဲ-ဒေါ်အမာ)တို့၏ သမီး ချွေးမ၊ ဗိုလ်ကြီးရဲညွန့်(ငြိမ်း)၏ ဇနီး၊ ဒေါ်တင်အုန်းမော်၊ ဦးရဲဇင်မော်-ဒေါ် ကေသီထွန်း၊ ဒေါ်မာဝင်းမော်၊ ဦးရဲထင်မော်-ဒေါ်ရီရီချို၊ (ဦးရဲတင်မော်)၊ ဒေါ်မာနှင်းမော်၊ ဒေါ်ခိုင်နှင်းမော်တို့၏ ကျေးဇူးရှင်မွေးသမိခင်၊ မမြတ်သဇင်ခိုင်၊ မထက် ထက်ဦးလှိုင်၊ မော်ရဲမင်းအောင်၊ မောင်ဇော်ရဲထက်နိုင်တို့၏ ချစ်လှစွာသော အဘွားသည် ၁၅-၁၀-၂၀၁၉ (အင်္ဂါနေ့) ည ၇:၀၅ နာရီတွင် ကွယ်လွန်သွားပါ သဖြင့် ၁၇-၁၀-၂၀၁၉ (ကြာသပတေး နေ့) မွန်းတည့် ၁၂ နာရီတွင် ကျီစုသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၁ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန် သူအား ရည်စူး၍ ၂၁-၁၀-၂၀၁၉ (တနင်္လာနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးသိန်းငွေ

**အသက်(၇၆)နှစ်**

အမှတ်(၄၇၈)၊ ဓမ္မာရုံလမ်း၊ (၄၇)ရပ်ကွက်၊ ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်နေ (ဦးမှင်-ဒေါ်ချစ်)တို့၏သား၊ (ဦးလှမိုး-ဒေါ်မြအုံး)၊ (ဦးခင်မောင်-ဒေါ်တိုးကြည်)၊ (ဦးတင်အောင်-ဒေါ်သန်းစိန်)၊ (ဦးသောင်းထွန်း-ဒေါ်စန်း)၊ ဦးထွန်းလှ(ခ)ဦးဓမ္မိက-ဒေါ်ခင်ဝင်း၊ (ဒေါ်ကြည်မြင့်)၊ ဦးပန်းညွန့်-(ဒေါ်ခင်စန်း)၊ ဦးခိုင်လွင်၊ ဦးသန်းဦး-ဒေါ်အေးအေးချို၊ ဦးအောင်ဇော်မိုး-ဒေါ်တင်တင်ဝင်း၊ ဦးအေးထွန်း-ဒေါ်ကြည်ကြည်လွင်တို့၏ ညီ/မောင်/အစ်ကို၊ ဒေါ်ခင်သိန်း၏ ချစ်လှစွာသောခင်ပွန်း၊ (ဦးမျိုးမင်းစံ)-ဒေါ်ယဉ်ယဉ်သိန်း၊ ဦးအောင်ကျော်မြင့်-ဒေါ်ဇင်မာသိန်း၊ ဗိုလ်မှူးရဲရင့်သိန်း(ငြိမ်း)-ဒေါ်သန္တာအေးတို့၏ဖခင်၊ တူ/တူမ ၃၅ ယောက်၊ မြေး ၂၀ ယောက်၊ မြစ်ငါးယောက်၊ တီနှစ်ယောက်တို့၏ အဘိုးသည် ၁၆-၁၀-၂၀၁၉ ရက်နေ့ နံနက် ၁၁:၁၄ နာရီ တွင် မြောက်ဥက္ကလာပဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၈-၁၀-၂၀၁၉ ရက် မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှ ကားများ နံနက် ၁၁:၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၂၂-၁၀-၂၀၁၉ (အင်္ဂါနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြား အပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း ၊ သိမ်၊ ကျောင်း၊ ဒါယိကာမကြီး**

## ဒေါ်ခင်ခင်သွယ်(ခ)ဒေါ်ချစ်သိန်း

**အသက်(၈၅)နှစ်**

သူငယ်ချင်း ဗိုလ်မှူး မင်းတလထော(ငြိမ်း)-ဒေါ်ခင်သက်မော် တို့၏ မွေးသမိခင်ကျေးဇူးရှင်ဖြစ်သူ ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၈)ရပ်ကွက်၊ မြစပါယ်လမ်းနေ ဒေါ်ခင်ခင်သွယ်(ခ)ဒေါ်ချစ်သိန်း သည် ၁၀-၁၀-၂၀၁၉ရက် (ကြာသပတေးနေ့)တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် သူငယ်ချင်းမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**တဇ(၁၂)မှ သူငယ်ချင်းများနှင့် မိသားစုများ**

## အထူးဝမ်းနည်း ကြေကွဲခြင်း

## ဒေါ်ခင်ချိုချို

**အသက် (၈၀)**

သူငယ်ချင်း C/E အောင်ချိုမိုး၏မိခင်ဖြစ်သူ ဒေါ်ခင်ချိုချိုသည် ၁၂-၁၀-၂၀၁၉ (စနေနေ့) နံနက် ၁၀:၄၅ နာရီတွင် ကွယ်လွန်သွားကြောင်းသိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည် ။

**IMT CD-20/CE-18 မှ သူငယ်ချင်းများ**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ဖို့မြေရပ်ကွက်၊ သိမ်ဖြူလမ်း၊ တိုက်အမှတ် (၄၅၄)၊ (၈)ထပ်တိုက် အဆောက်အအုံ၏ (၈)လွှာ၊ (ဘီ) ရေမီးစုံလင်စွာပါရှိသော တိုက်ခန်းနှင့်ဆက်စပ်သော အကျိုးခံစားခွင့်အားလုံးတို့ကို တရားဝင်ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်သန်းအေး [W/RGN၀၁၉၇၆၉]ထံမှ ကျွန်မ၏ မိတ်ဆွေ ဦးဇင်မင်းသန်း [၁/မကန(နိုင်)၁၃၃၁၀၃]က အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်စရန်ငွေ တချို့ကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာစာထုတ်သည့်နေ့မှစ၍ (၁၄) ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား (မူရင်း)များဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မှုမရှိပါက ဥပဒေနှင့်အညီ ဆက်လက်အရောင်းအဝယ်ပြုလုပ်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

**ဒေါ်သိန်းဌေးချို LL.B,DBL**

**အထက်တန်းရှေ့နေ(စဉ်-၃၈၃၃၈)**

**အမှတ် (၁၀၂)၊ မြင်သာ (၈)လမ်း၊ တောင်ဥက္ကလာပမြို့နယ်။**

**ဖုန်း ၀၉-၄၄၅၀၅၁၈၃၀**

ဘဝနတ်ထံပျံလွန်တော်မူခြင်း

မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံမြို့နယ်၊ ရွာစည်ရွာ

ရွာစည်တောင်ကျောင်းပဓာနနာယက

## ဆရာတော် ဘဒ္ဒန္တပညာဇောတ

**သိက္ခာတော် (၅၂)ဝါ၊ သက်တော် (၇၁)နှစ်**

မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံမြို့နယ်၊ ရွာစည်ရွာ၊ ရွာစည်တောင်ကျောင်းပဓာနနာယကဆရာတော်ဘဒ္ဒန္တပညာဇောတမဟာထေရ်မြတ်သည် (၁၃၈၁ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁ ရက်) ၁၄-၁၀-၂၀၁၉ (တနင်္လာနေ့) ည ၇:၂၀ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို (၁၃၈၁ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၃ ရက်) ၂၆-၁၀-၂၀၁၉ (စနေနေ့)တွင် စံကျောင်းချပူဇော်ပြီး (၁၃၈၁ ခုနှစ်၊ သီတင်းကျွတ်လကွယ်နေ့) ၂၇-၁၀-၂၀၁၉ (တနင်္ဂနွေနေ့)တွင် အန္တိမအဂ္ဂိဈာပန ဆင်ယင်ကျင်းပမည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ တပည့်သံဃာ၊ ဒါယကာ/ဒါယိကာမအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။

ဈာပနကော်မတီ

ရွာစည်ကျေးရွာ

မြင်းခြံမြို့နယ်

## ဒေါ်ညိုညိုမင်း(ဝါးခယ်မ)

**အသက် (၅၆)နှစ်**

ဝါးခယ်မမြို့၊ အမှတ် (၂၀)၊ မြို့မလမ်း၊ မင်းပိုင်ရပ်ကွက်နေ (ဦးကျောက်ခဲ-ဒေါ်ကျင်ထွေး)တို့၏ သမီး၊ (ဦးမောင်ညို-ဒေါ်လှရီ)တို့၏ သမီးချွေးမ၊ ဦးမင်းဆွေ၏ ဇနီး၊ ဝိုင်းချစ်(ခ)မောင်ကောင်းဦးဇံ (အမြတ်ခွန်ဦးစီးဌာန)-မဇင်မီမီလွင်၊ မောင်စည်သူ-မရှင်းသူအောင် (ဟိန်းကဖီး)တို့၏ မွေးသမိခင်ကျေးဇူးရှင်၊ မောင်သရဝဏ်၏အဘွား၊ (ဦးလှမြင့်သိန်း-ဒေါ်ကြူကြူဝင်း)၊ ဦးကျော်လွင်-ဒေါ်ပေါက်ပေါက်၊ (ဦးဝင်းကျော်)-ဒေါ်သက်သက်၊ ဦးမြတ်ဇော်-ဒေါ်ခင်သီတာသာမြင့်၊ ဒေါ်ချိုချိုတို့၏ ညီမ၊ ဦးမောင်မောင်၊ ဒေါ်အိအိလွင် (အောင်ရတနာဆိုင်)တို့၏ အစ်မ၊ တူ/တူမ ၁၄ ယောက်တို့၏ အဒေါ်၊ မြေး ၁၂ ယောက်တို့၏အဘွား ဒေါ်ညိုညိုမင်းသည် ၁၆-၁၀-၂၀၁၉ (ဗုဒ္ဓဟူးနေ့) နံနက် ၅:၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၈-၁၀-၂၀၁၉ (သောကြာနေ့) မွန်းတည့် ၁၂ နာရီတွင် ဝါးခယ်မမြေသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း

## ဒေါ်သန်းသန်းတင်(ခ)ဒေါ်သန်းသန်းတင့်

**အသက်(၈၀)**

ရန်ကုန်တက္ကသိုလ် (လှိုင်နယ်မြေ) 1984 – 86 Batch ဓာတုဗေဒ မအေးအေးထူး၏မိခင် ဒေါ်သန်းသန်းတင်(ခ)ဒေါ်သန်းသန်းတင့်သည် ၁၅-၁၀-၂၀၁၉ (အင်္ဂါနေ့) ညနေ ၅:၂၅ နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**1984–86 ရန်ကုန်တက္ကသိုလ်(လှိုင်နယ်မြေ)**

**C1, C2 ဓာတုဗေဒကျောင်းသား၊ ကျောင်းသူများ**

## ဝမ်းနည်းကြေကွဲခြင်း

## ဦးစောလှိုင် (ညောင်လေးပင်)

**အသက် (၇၅)နှစ်**

**တပ်မတော် သားရေစက်ရုံမှူး (ငြိမ်း)**

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျားကွက်သစ်ရပ်ကွက်၊ ဓမ္မဝိဟာရလမ်း၊ အမှတ် (၁၇)နေ ဒေါ်ခင်သန်းရီ၏ခင်ပွန်း အမှုဆောင်ဟောင်း ဦးစောလှိုင်သည် ၁၂. ၁၀. ၂၀၁၉ (စနေနေ့)တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့်ကျန်ရစ်သူမိသားစုနှင့်အတူ ဝမ်းနည်းကြေကွဲရပါသည်။

**ညောင်လေးပင်မြို့နယ်အသင်း (ရန်ကုန်)**

## ဝမ်းနည်းကြေကွဲခြင်း

သူငယ်ချင်း ဒေါက်တာချောစုကြည် (မေ့ဆေးအထူးကုဆရာဝန်ကြီး၊ လှိုင်ကော်ပြည်သူ့ဆေးရုံကြီး) သည် ၁၅-၁၀-၂၀၁၉ရက် ညနေ ၆:၂၀နာရီတွင် ရန်ကုန်မြို့ အထွေထွေရောဂါကုဆေးရုံသစ်ကြီး၌ ကွယ်လွန်သွားကြောင်းသိရပါသဖြင့် မိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**၂/၈၅ သူငယ်ချင်းများ**

**ဆေးတက္ကသိုလ်-၂၊ ရန်ကုန်**

## အိမ်ရောင်းမည်

မင်္ဂလာဒုံမြို့နယ်၊ စမ်းကြီးဝရပ်ကွက်၊ ရွာလယ်လမ်း၊ (နေရာကောင်း) ပေ(၂၀x၆၀) မြေပေါ်ရှိ တစ်ထပ်တိုက်၊ အိပ်ခန်း(၂)ခန်း၊ လျှာထိုး+ကြွေပြား အပြည့်ခင်း၊ ထပ်ခိုးပါ၊ ကားဂိုဒေါင်ပါ၊ အုတ်တံတိုင်း+ဘရိတ်ဒါး၊ A.C 2၊ ရေမီးစုံ၊ အသင့်နေနိုင်။

**Ph:09-5058430, 09-971885107**

## CHERRY VALLEY TRADING COMPANY LIMITED

## [ချယ်ရီဗဲလီး(ရ်) ထရေးဒင်း ကုမ္ပဏီလီမိတက်]

## မတည်ငွေရင်းလျှော့ချကြောင်း ကြေညာခြင်း

ကျွန်တော်တို့ CHERRY VALLEY TRADING COMPANY LIMITED [ချယ်ရီဗဲလီး(ရ်)ထရေးဒင်းကုမ္ပဏီလီမိတက်]သည် ကုမ္ပဏီမှတ်ပုံတင်အမှတ် (၁၀၇၁၅၁၉၀၇)ဖြင့် မှတ်ပုံတင်ထားသည့် ကုမ္ပဏီဖြစ်ပါသည်။ ကုမ္ပဏီ မတည်ငွေရင်းကို ကျပ်သန်း ၅၀၀၀၀၀၀၀၀/-မှ ကျပ်သိန်း ၁၀၀၀၀၀၀၀၀/-သို့ လျှော့ချမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**ဖုန်း-၀၉-၂၆၀၅၅၄၅၆၈**

## အထူးဝမ်းနည်းကြေကွဲခြင်း

## ဦးထွန်းထွန်း(ညွှန်ကြားရေးမှူးချုပ်-ငြိမ်း)

**အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန**

**အသက်(၇၂)နှစ်**

မြို့သစ် (၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ လမ်း(၇၀)နှင့် မိုးသောက်ပန်းလမ်းထောင့်၊ မန္တလေးမြို့နေ ဒေါ်စောမြတ်ဖူး၏ခင်ပွန်း ဦးထွန်းထွန်းသည် ချစ်ခင်ကြင်နာတတ်ပြီး နှစ်ပေါင်းများစွာ အတူလက်တွဲဆောင်ရွက်ခဲ့သော သူငယ်ချင်းကောင်း လုပ်ဖော်ကိုင်ဖက်ကောင်းတစ်ယောက်ဖြစ်ပြီး၁၄.၁၀.၂၀၁၉(တနင်္လာနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ယခုလို ဆုံးရှုံးခဲ့ရခြင်းအား မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဦးဝင်းထွန်း-(ဒေါ်ဆွေဆွေချစ်)**

**ပြည်ထောင်စုဝန်ကြီး(ငြိမ်း)**

**သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန**

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်သန်းသန်းတင်(ခ) ဒေါ်သန်းသန်းတင့်

**အသက်(၈၀)**

ရှမ်းပြည်နယ်၊ တောင်ကြီးမြို့၊ ရေအေးကွင်းရပ်၊ ဝန်ကြီးလမ်းခွဲ (၂)နေ (ဦးစံတင်-ဒေါ်လှသွယ်)တို့၏ သမီးကြီး၊ အမှတ်(၂၈)၊ ဘကြီးမှုံလမ်း၊ ကြံခင်းစုရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့နေ [ဦးမြတင်(အငြိမ်းစားဗိုလ်ကြီး)]၏ ချစ်လှစွာသောဇနီး၊ တောင်ကြီးမြို့နေ ဦးကျော်ရဲ၊ (ဦးမောင်မောင်မှင်)-ဒေါ်မြင့်မြင့်သန်း၊ ဦးကျော်အေး-ဒေါ်မြမြနွယ်၊ ဒေါ်ရီရီကြီး၊ဦးကျော်သာ-ဒေါ်ရင်ရင်ငယ်၊ (မောင်ဌေးအောင်)တို့၏ အစ်မကြီး၊ ရန်ကုန်မြို့နေ ကပ္ပတိန်သန်းအောင်လတ်(လေယာဉ်မှူးကြီး-ငြိမ်း)-ဒေါ်သက်နွယ်ဦး၊ ဦးကျော်ကျော် (ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ပြည်တွင်းအခွန်များဦးစီးဌာန)-ဗိုလ်ကြီးသီတာချို(အငြိမ်းစား)၊ ဒေါ်ခင်မိုးဥ (ဒုတိယညွှန်ကြားရေးမှူး၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ နေပြည်တော်၊ တပ်ကုန်း)၊ ဒေါ်အေးအေးထူး (ဒုတိယညွှန်ကြားရေးမှူး၊ အကောက်ခွန်ဦးစီးဌာန)တို့၏ ချစ်လှစွာသောမိခင်ကြီး၊ ခေတ္တစင်ကာပူနေ မောင်ကျော်စိုးနိုင်-မစုမြတ်နိုး၊ နယူးယောက်မြို့နေ Charles William Arbuthnot- ရှင်မင်း Arbuthnot၊ မဖြိုးသက်တည် (လက်ထောက်အင်ဂျင်နီယာ၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန)၊ မသျှန်အိမ်စည် (တတိယအတွင်းဝန်၊ နိုင်ငံခြားရေးဝန်ကြီးဌာန)တို့၏ ချစ်လှစွာသောဘွားဘွားကြီး၊ မောင်ခန့်လင်းထင်(ခ)Caden ၏ ချစ်သောဘွားမေကြီး ဘုရား၊ရဟန်း၊သိမ်၊ကျောင်းဒါယိကာမကြီး ဒေါ်သန်းသန်းတင်(ခ)ဒေါ်သန်းသန်းတင့်သည် ၁၅-၁၀-၂၀၁၉ (အင်္ဂါနေ့) ညနေ ၅:၂၅ နာရီ တွင် ပန်းလှိုင်စီလုံဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၉-၁၀-၂၀၁၉(စနေနေ့) မွန်းလွဲ ၂နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှ ကားများမွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၁-၁၀-၂၀၁၉ (တနင်္လာနေ့) နံနက် ၈ နာရီ မှ ၁၀ နာရီ အထိ C-15၊ ပိတောက်ဝါ (၆) လမ်း၊ လှိုင်သာယာမြို့နယ်နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဦးခင်မောင်ကြည်

**အသက် (၇၈)နှစ်**

**လက်ထောက်မန်နေဂျာ(ငြိမ်း)**

**မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း**

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ (၇)ရပ်ကွက်၊ ပြည်ရိပ်မွန်အိမ်ရာ၊ တိုက် (၂၂)၊ အခန်း (၁၆) နေ [ဦးအောင်မြင့်(ခ)ဦးချာလီ-ဒေါ်ညွန့်]တို့၏ သား၊ (ဒေါ်အေးကြည်)၏ တူ/သား၊ ဒေါ်ခင်စန်းရွှေ၏ ချစ်လှစွာသောခင်ပွန်း၊ (ဦးမိုးကျော်)၊ ဦးရေး-ဒေါ်သီတာစန်း၊ ဦးနေအောင်-ဒေါ်နွဲ့ယဉ်ဝင်းတို့၏ ကျေးဇူးရှင်မွေးသဖခင်၊ မြေးလေးယောက်တို့၏အဘိုး ဦးခင်မောင်ကြည်သည် ၁၅-၁၀-၂၀၁၉ (အင်္ဂါနေ့) ညနေ ၃:၁၈ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၇-၁၀-၂၀၁၉ (ကြာသပတေးနေ့) နံနက် ၁၁ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးအပေါင်းတို့အား အသိပေးအပ်ပါသည်။ (နေအိမ်မှ ကားများ နံနက် ၉:၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၂၁-၁၀-၂၀၁၉ (တနင်္လာနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ ]

ကျန်ရစ်သူမိသားစု

---

# ဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

## ဒေါ်သန်းသန်းတင်(ခ) ဒေါ်သန်းသန်းတင့်

**အသက်(၈၀)**

ရန်ကုန်မြို့၊လှိုင်သာယာမြို့နယ်၊ F.M.I City၊ ပိတောက်ဝါ (၆)လမ်း၊ စီ-၁၅နေ ဦးကျော်ကျော် (ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ပြည်တွင်းအခွန်များဦးစီးဌာန)-ဗိုလ်ကြီးသီတာချို(ငြိမ်း)တို့၏မိခင်ကြီး ဒေါ်သန်းသန်းတင်(ခ)ဒေါ်သန်းသန်းတင့် အသက်(၈၀)သည် ၁၅-၁၀-၂၀၁၉ ရက် ညနေ ၅:၂၅ နာရီတွင် ပန်းလှိုင်စီလုံဆေးရုံ၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးချုပ်နှင့်ဝန်ထမ်းမိသားစုများ**

**ပြည်တွင်းအခွန်များဦးစီးဌာန**

---

## ဦးဇော်မင်း (သဲအင်းယောဂီ)

**အသက် (၅၀)**

**(Chief Officer)**

**MV.JIA DE**

ရန်ကုန်မြို့နေ ဦးတင်မြင့်-(ဒေါ်သန်းမြ)တို့၏ ချစ်လှစွာသော သား၊ (ဦးကျော်ဇော-ဒေါ်မြင့်ရီ)တို့၏ ချစ်လှစွာသော သားသမက်၊ ဒေါ်ရီရီကျော်၏ ချစ်လှစွာသောကျေးဇူးရှင်ချစ်ခင်ပွန်း၊ ကိုပြည့်ဖြိုးဇော် (O/S Uniteam Marine)၊ မရွှန်းပပအောင်တို့၏ချစ်လှစွာသောဖခင်၊ ဦးတင်ထွဋ်ဦး-ဒေါ်ခင်နုနုလွင်၊ ဦးဗိုလ်စိုးမင်း-ဒေါ်ညိုညိုဝင်း၊ ဦးဝင်းနိုင်ထွန်း-ဒေါ်မျိုးမျိုးသော်တို့၏ ချစ်လှစွာသော ညီ/အစ်ကို၊ ဦးကျော်မြင့်-ဒေါ်စန္ဒာအောင်၊ ဦးကျော်တင့်-ဒေါ်ပြုံးပြုံးမူ၊ (ဦးစိုးသိန်း)-ဒေါ်ခင်လေးမြင့်၊ (ဦးကျော်မင်း)၊ ဦးရင်မောင်မောင်-ဒေါ်ခင်လေးရီ၊ ဦးကျော်ဝင်း-ဒေါ်မြစန်းကြည်၊ ဦးထွန်းထွန်း-ဒေါ်ခင်မြရီ၊ ဒေါ်ဒီးဒီး၊ ဦးဌေးဦး-ဒေါ်မိုးမိုးကျော်၊ ဦးဇာနည်ကျော်၊ (ဒေါ်ဝတ်ရည်သန့်)၊ ဦးမျိုးမြင့်ကျော်-ဒေါ်မြင့်မြင့်စိုးတို့၏ ချစ်လှစွာသော ညီ/မောင်၊ တူ ၁၅ ယောက်၊ တူမ ၁၁ ယောက်တို့၏ ချစ်လှစွာသောဦးလေးသည် ၁၃-၁၀-၂၀၁၉ (တနင်္ဂနွေနေ့) နံနက် ၁ နာရီတွင် ဂျပန်နိုင်ငံ ယိုကိုဟားမားမြို့ (Kawasaki) အနီး (MV. JIA DE) သင်္ဘောပေါ်၌ တာဝန်ထမ်းဆောင်ရင်း ရုတ်တရက် ကွယ်လွန်သွားပါသဖြင့် ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ဦးတင်ဝင်း(ခ)ဦးချမ်းသာ

**အသက်(၆၆)နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊ တွံတေးမြို့နယ်နေ (ဦးချိုကြီး)-ဒေါ်တင်ရွှေ တို့၏ သား၊ ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်နေ (ဦးတင်ဦး-ဒေါ်သောင်း) တို့၏ သား သမက်၊ ရန်ကုန်တိုင်းဒေသကြီး၊ တွံတေးမြို့နယ်နေ (ဦးကံထွန်း-ဒေါ်တင်ရီ)၊ (ဦးကျော်သာ-ဒေါ်စန်းရီ)၊ ဦးတင်အုန်း-(ဒေါ်အမာစိန်)တို့၏ တူ၊ ဦးဉာဏ်ရွှေ-ဒေါ်မြင့်မြင့်ကြည်၊ (ဦးကျော်ဝင်းနိုင်)-ဒေါ်သိန်းလှ၊ ဦးရဲဝင်း-ဒေါ်အေးအေးမိုး၊ (ဦးမောင်မောင်အေး)-ဒေါ်မြင့်မြင့်ဝေ၊ ကိုထိန်လင်းတို့၏ အစ်ကို၊ ဒေါ်နီနီမာ၏ ချစ်လှစွာသောခင်ပွန်းသည် ၁၅-၁၀-၂၀၁၉(အင်္ဂါနေ့) ညနေ ၅:၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၇-၁၀-၂၀၁၉ (ကြာသပတေးနေ့) မွန်းလွဲ ၁ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ မိတ်ဆွေများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁:၃၀နာရီတွင် ထွက်ပါမည်။ [ကွယ်လွန်သူအား ရည်စူး၍ ၂၁-၁၀-၂၀၁၉ (တနင်္လာနေ့) နံနက် ၇ နာရီတွင် တိုက်အမှတ်(၇)၊ ခြေရင်းခန်း၊ ပညာလမ်း၊ (၁၃)ရပ်ကွက်၊ လှိုင်မြို့နယ်နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်သန်းသန်း

**အသက် (၇၂)နှစ်**

သာကေတမြို့နယ်၊ ၈-ရပ်ကွက်၊ ရွှေအုန်းပင်(၃)လမ်း၊ တိုက် (၃၁)၊ အခန်း (၀၀၄) မြေညီနေ (ဦးလှမောင်-ဒေါ်ခင်ရီ)တို့၏ သမီး၊ (ဦးလှသိန်း)-ဒေါ်ခင်စန်း (စာပေဗိမာန်-ငြိမ်း)တို့၏ ညီမ၊ (ဦးအောင်မင်း)-ဒေါ်ခင်မြတ်နှင်း (သူနာပြုဆရာမကြီး၊ ရန်ကုန်အရှေ့ပိုင်းဆေးရုံကြီး)တို့၏ အစ်မ၊ မသင်းသင်းမော်[Serge Pun & Associates. (myanmar) Co., Ltd.]၊ မောင်အောင်ကျော်မြင့် (Seagrams Myanmar Co., Ltd)၊ မောင်ပြည့်ဖြိုးဇော်(သူဇာပုံနှိပ်လုပ်ငန်း)၊ မောင်ကျော်ရဲထိုက်(လက်ထောက်အင်ဂျင်နီယာ-မြို့ပြ၊ မြန်မာ့မီးရထားရုံးချုပ်)၊ မောင်ဇာနည်ဘုန်းဝေ (PAS Co., Ltd)တို့၏ အဒေါ်သည် ၁၅-၁၀-၂၀၁၉ (အင်္ဂါနေ့) ညနေ ၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၇-၁၀-၂၀၁၉ (ကြာသပတေးနေ့) နံနက် ၁၁ နာရီတွင် ကျီစုအအေးတိုက်မှ ကျီစုသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၁-၁၀-၂၀၁၉ (တနင်္လာနေ့) နံနက် ၇ နာရီမှ ၁၁ နာရီထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## အထူးဝမ်းနည်းကြေကွဲခြင်း

## ဒေါ်မြကြည်

**အသက်(၇၅)နှစ်**

ရန်ကုန်မြို့၊ မြောက်ဒဂုံမြို့နယ်၊(၄၂)ရပ်ကွက်၊ပီမိုးနင်းလမ်း၊အမှတ် (၄၇၆) နေ 86/95 RIT မှ သူငယ်ချင်းနိုင်ဝင်း BE(Mech)၏ ချစ်လှစွာသောမိခင်ကြီး ဒေါ်မြကြည် အသက်(၇၅)နှစ်သည် ၁၅.၁၀.၂၀၁၉(အင်္ဂါ နေ့) နံနက် ၁၀:၁၀နာရီတွင် ဘဝတစ်ပါးသို့ကူးပြောင်းသွားကြောင်းကြားသိရသည့်အတွက် သူငယ်ချင်းမိသားစုများနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**86/95 RIT မှ သူငယ်ချင်းများ**

---

သာသနာ့ဒါယိကာမကြီး

## ဒေါ်ခင်ငြိမ်း (ဓနုဖြူ)

**အသက် (၈၅) နှစ်**

ဓနုဖြူမြို့၊ မြို့မရပ်နေ ပထမမစောညိမ်းဆေးလိပ်ခုံပိုင်ရှင်( ဦးစမံအင်-ဒေါ်ဖွား)တို့၏မြေးဦး၊ (ဦးမောင်ဒွေး-ဒေါ်စိုးတင့်)တို့၏သမီး၊ (ဦးညိုမောင်-ဒေါ်အေးကြိုင်)၊ (ဦးအုန်းမောင်-ဒေါ်ခင်အေး)တို့၏ တူမ၊ ရန်ကုန်မြို့နေ ဦးမြင့်ဆွေ (စွမ်းအင်ဝန်ကြီးဌာန-ငြိမ်း)၏ အစ်မကြီး၊ ဓနုဖြူမြို့နေ လှိုင်ထိပ်ထား ကားပိုင်ရှင် ဦးမောင်မောင်သင်၏ ကျေးဇူးရှင်မွေးစားမိခင် ဒေါ်ခင်ငြိမ်းသည် ၁၅-၁၀-၂၀၁၉(အင်္ဂါနေ့) ည ၁၀:၃၀ နာရီတွင် ဟင်္သာတမြို့ ဆာကူရာဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၇-၁၀-၂၀၁၉(ကြာသပတေးနေ့) မွန်းတည့် ၁၂ နာရီတွင် ဓနုဖြူမြို့ ဖိုးမြဲကုန်းသုသာန်၌ သဂြိုဟ်မည်ဖြစ်ပါကြောင်းရပ်နီးရပ်ဝေးမှ မိတ်ဆွေများအားအသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ဒေါက်တာ ချောစုကြည် (မေ့ဆေးအထူးကု)

**လှိုင်ကော်ဆေးရုံ**

**အသက် (၄၄)နှစ်**

ဧရာဝတီတိုင်းဒေသကြီး၊ မအူပင်မြို့နယ်၊ ကံကုန်းကျေးရွာနေ (ဦးအောင်ကြည်-ဒေါ်တင်ရီ)တို့၏ သမီး၊ ဒေါ်အေးအေးမော် (မူအုပ်၊ အမက၊ ကံကုန်း)၊ ဒေါ်အေးအေးကြည်၊ ဦးမျိုးဇော်တို့၏ ညီမ/အစ်မ၊ ဒေါက်တာချောစုကြည် (မေ့ဆေးအထူးကု၊ လှိုင်ကော်ဆေးရုံ)သည် ၁၅-၁၀-၂၀၁၉ရက် ညနေ ၆:၂၀နာရီတွင် အထွေထွေရောဂါကုဆေးရုံသစ်ကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၇-၁၀-၂၀၁၉ (ကြာသပတေးနေ့) နံနက် ၁၁ နာရီတွင် အထွေထွေရောဂါကုဆေးရုံသစ်ကြီး၊ ရန်ကုန်(JICA ဆေးရုံ)မှ ရေဝေးသုသာန်သို့ ပို့ဆောင်၍ မွန်းတည့် ၁၂ နာရီတွင် မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ အသိမိတ်ဆွေများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ဦးလှမြင့်

**(လ/ထ ကထိက၊ ယဉ်ကျေးမှုတက္ကသိုလ် (ငြိမ်း)**

**အသက် (၆၈)နှစ်**

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ၁၀/တောင်၊ (၁၂)ရပ်ကွက်၊ သလ္လာဝတီ(၆)လမ်း၊ အမှတ် (၉၆၁/က)နေ (ဦးတင်-ဒေါ်စိန်မြ)တို့၏ သား၊ (ဦးထွန်းညွန့်-ဒေါ်မြင့်မြင့်စိုး)တို့၏ သား/သမက်၊ အကယ်ဒမီ [ဦးမြင့်ခိုင်(တည်းဖြတ်)]၊ ဒေါ်အေးအေးရီ(ခ)မတာ၊ ဦးဆန်းမြင့်-ဒေါ်လှလှဌေး၊ ဦးအေးကို-ဒေါ်သန်းသန်းဆင့်၊ ဒေါ်သက်မာ တို့၏အစ်ကို၊ ဦးအုန်းကျော်-(ဒေါ်မြမြ)၊ (ဦးတင်အောင်)-ဒေါ်ခင်ဝင်း၊ တေးကဗျာ ဦးတင်ဝင်းစိုး (သာကေတမြို့နယ်ဂီတအစည်းအရုံး၊ အတွင်းရေးမှူး)တို့၏ ညီ/မောင်၊ ဦးကိုကိုဝင်း-ဒေါ်အေးအေးမူ၊ ဦးဟန်ထွန်း-ဒေါ်သန်းနု၊ (ဦးစိုးလွင်)-ဒေါ်စိုးစိုးညွန့်၊ ဦးဝင်းနိုင်-ဒေါ်အေးအေးညွန့်၊ ဦးသီဟန်ထွန်း-ဒေါ်တင်ယုခိုင်တို့၏အစ်ကို၊ မစိုးဇင်မြင့်၊ ဦးကိုကိုစိုး-ဒေါ်ဝေဇင်မြင့်၊ ဦးကျော်နိုင်စိုး-ဒေါ်အေးသန္တာဇင်မြင့်၊ မဝင့်ဝါဇင်မြင့်၊ မအိဆွေဇင်မြင့်တို့၏ မွေးသဖခင်ကျေးဇူးရှင်၊ မောင်ဝဏ္ဏချမ်းလင်း၊ မောင်ဟန်ညီရှိုင်း၊ မခိုင်နှင်းကိုကိုတို့၏အဘိုး၊ ဒေါ်ချိုချိုဝင်း၏ခင်ပွန်းသည် ၁၅-၁၀-၂၀၁၉ (အင်္ဂါနေ့) ညနေ ၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၇-၁၀-၂၀၁၉ (ကြာသပတေးနေ့) ညနေ ၅ နာရီတွင် ကျီစုအအေးတိုက်မှ ကျီစုသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ ညနေ ၃:၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၁-၁၀-၂၀၁၉ (တနင်္လာနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ သာကေတမြို့နယ်၊ ၁၀/တောင်၊ (၁၂) ရပ်ကွက်၊ သလ္လာဝတီ (၆)လမ်း၊ အမှတ် (၉၆၁/က) နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## အထူးကျေးဇူးတင်ရှိခြင်း

၅-၁၀-၂၀၁၉(စနေနေ့)တွင် မြိတ်မြို့၌ ကွယ်လွန်သွားခဲ့သော ဒေါ်စန်းစန်းယု နေမကောင်းဖြစ်စဉ် ဝိုင်းဝန်းကူညီစောင့်ရှောက်ပေးကြသော ဆွေမျိုးမိတ်ဆွေများအားလည်းကောင်း၊ နာရေးကိစ္စအဝဝအတွက် အဘက်ဘက်မှ ကူညီဆောင်ရွက်ပေးကြသော ဆရာတော်များနှင့် ဆွေမျိုးမိတ်ဆွေအပေါင်းများ၊ လူကိုယ်တိုင်သော်လည်းကောင်း၊ ဖုန်းဖြင့်သော်လည်းကောင်း၊ ဝမ်းနည်းကြောင်း နာရေးသတင်းမေးကြသူများ၊ ကိုယ်တိုင်လိုက်ပါပို့ဆောင် ပေးကြသူများ၊ ဦးလေး၊ အဒေါ်များနှင့် ညီအစ်ကို မောင်နှမများအားလည်းကောင်း၊ ကွယ်လွန်သူအတွက်ရည်စူး၍ သင်္ကန်းနှင့်တကွ လှူဖွယ်ပစ္စည်းများ ပေးပို့ကြသူများ၊ အားပေးကူညီဆောင်ရွက်ပေးကြသော ရပ်ဝေးရပ်နီး ဆွေမျိုးမိတ်ဆွေများ၊ အထူးသဖြင့် နာရေးကိစ္စများပြီးစီးသည်အထိ မေတ္တာဖြင့် ကိုယ်တိုင်လုပ်အားဒါနပြု ကူညီကြသော အိမ်နီးချင်း ရပ်ဆွေရပ်မျိုးများ၊ မြင့်မိုရ်ဆေးရုံမှ ဆရာဝန်နှင့် ဝန်ထမ်းများအား ကျန်ရစ်သောမိသားစုမှ အထူးကျေးဇူးတင်ရှိပါသည်။

ကျန်ရစ်သူမိသားစု

# ၂၀၁၉ ခုနှစ် ကမ္ဘာ့စားနပ်ရိက္ခာနေ့ အထိမ်းအမှတ်အခမ်းအနား ကျင်းပ



ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူနှင့် အခမ်းအနားသို့ တက်ရောက်လာကြသူများ ၂၀၁၉ ခုနှစ် ကမ္ဘာ့စားနပ်ရိက္ခာနေ့အထိမ်းအမှတ်ပြခန်းများကို လှည့်လည်ကြည့်ရှုစဉ်။

**နေပြည်တော် အောက်တိုဘာ ၁၆**

၂၀၁၉ ခုနှစ် ကမ္ဘာ့စားနပ်ရိက္ခာနေ့ အထိမ်းအမှတ်အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ တက်ရောက်အမှာစကား ပြောကြားသည်။

**တက်ရောက်**

အခမ်းအနားသို့ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုရှေ့နေချုပ်၊ ဒုတိယဝန်ကြီးများ၊ ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များ၊ နေပြည်တော်ကောင်စီဝင်များ၊ နိုင်ငံတကာသံရုံးများမှ သံတမန်များ၊ ကမ္ဘာ့စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ (FAO) နှင့် ကုလသမဂ္ဂအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ပြည်တွင်း ပြည်ပ အစိုးရမဟုတ်သည့် အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာအသီးသီးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ဒုတိယသမ္မတက နှစ်စဉ် အောက်တိုဘာ ၁၆ ရက်တွင် ကျင်းပမြဲဖြစ်သည့် ကမ္ဘာ့စားနပ်ရိက္ခာနေ့အခမ်းအနားသို့ တက်ရောက်အမှာစကား ပြောကြားခွင့်ရသည့်အတွက် များစွာဝမ်းမြောက်ပါကြောင်း၊ ကမ္ဘာသူကမ္ဘာသားများ၏ စားနပ်ရိက္ခာဖူလုံရေးနှင့် ငတ်မွတ်မှုတိုက်ဖျက်ရေးအတွက် ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ကြီးက နှစ်စဉ် ဆောင်ပုဒ်ချမှတ်ပြီး ကမ္ဘာ့စားနပ်ရိက္ခာနေ့ကို ကျင်းပလျက်ရှိရာ ယခုနှစ်ဆောင်ပုဒ်မှာ "ကျန်းမာမျှတ အာဟာရ၊ ပြည့်စုံနိုင်ရေးရည်မျှော်တွေး၊ ယနေ့မှစ၍ ကြိုးစားပေး" (Our Actions are Our Future, Healthy Diets for a Zerohunger World) ဖြစ်ပါကြောင်း။

ကမ္ဘာ့နိုင်ငံအသီးသီးသည် စားနပ်ရိက္ခာဖူလုံရေးနှင့် ငတ်မွတ်မှုကင်းစင်ရေးကို ပြီးခဲ့သည့်ဆယ်စုနှစ်များအတွင်း ကြိုးပမ်းခဲ့ကြသော်လည်း လျော့ကျခြင်းမရှိဘဲ အာဟာရမပြည့်ဝသူဦးရေသည် စာမျက်နှာ ၅ ကော်လံ ၁ သို့

## ကြေးမုံ ယနေ့ ဖတ်စရာ


မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီအား GovInsider Innovation Award နှင့် UNESCAP အဖွဲ့အစည်းများမှ ပူးပေါင်း၍ Rising Star Award ဆု ချီးမြှင့် စာမျက်နှာ » ၇

တောင်သာမြို့နယ်ရှိ ၉၃၅ ပေ ရှည်သည့် ဆင်တဲဝ ချောင်းတံတား မကြာမီ ဖွင့်လှစ်မည် စာမျက်နှာ » ၁၁

ကမ္ဘာ့ပေးကမ်းစွန့်ကြဲမှုအညွှန်းကိန်းတွင် မြန်မာနိုင်ငံက ထိပ်ဆုံး၌ ရှိနေ စာမျက်နှာ » ၁၂

ဆီးရီးယားပဋိပက္ခ အရှိန်မြင့်မားနေစဉ် တူရကီသမ္မတအား ရုရှားသို့လည်ပတ်ရန် ပူတင်ဖိတ်ကြား စာမျက်နှာ » ၁၃


# ဝန်ကြီးဌာနပေါင်းစုံဘောလုံး(အမျိုးသား)ပြိုင်ပွဲ ကွာတားဖိုင်နယ်ပွဲစဉ်များကျင်းပ

နေပြည်တော် အောက်တိုဘာ ၁၆

**၂၀၁၉ ခုနှစ် ဝန်ကြီးဌာနပေါင်းစုံဘောလုံး(အမျိုးသား)ပြိုင်ပွဲ ကွာတားဖိုင်နယ်ပွဲစဉ်များကို နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားလေ့ကျင့်ရေးကွင်း (၁/၃) တို့၌ ယှဉ်ပြိုင်ကစားကြသည်။**



ယနေ့ပွဲစဉ်များအဖြစ် မွန်းလွဲ ၃ နာရီတွင် ဝဏ္ဏသိဒ္ဓိအားကစားလေ့ကျင့်ရေးကွင်း (၁) တွင် ပြည်ထောင်စုရှေ့နေချုပ်ရုံးအသင်းနှင့် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ပြည်ထောင်စုရှေ့နေချုပ်ရုံးအသင်းက သုံးဂိုး-နှစ်ဂိုးဖြင့်လည်းကောင်း။

**အနိုင်ရရှိ**

ဝဏ္ဏသိဒ္ဓိအားကစားလေ့ကျင့်ရေးကွင်း (၃)တွင် ပြည်ထဲရေးဝန်ကြီးဌာနအသင်းနှင့် ကာကွယ်ရေးဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ မိနစ် ၉၀ တွင် တစ်ဖက် သုံးဂိုးစီ သရေကျနေသဖြင့် အချိန်ပိုဆက်လက်ယှဉ်ပြိုင်ကစားရာ ဂိုးမရှိသရေကျနေသောကြောင့် ပင်နယ်တီအဆုံးအဖြတ်ဖြင့် ကာကွယ်ရေးဝန်ကြီးဌာနအသင်းက ခြောက်ဂိုး-ငါးဂိုးဖြင့်လည်းကောင်း အနိုင်ရရှိသည်။

အောက်တိုဘာ ၁၇ ရက် မွန်းလွဲ ၃ နာရီတွင် ကွာတားဖိုင်နယ်ပွဲစဉ်များအဖြစ် ဝဏ္ဏသိဒ္ဓိအားကစားလေ့ကျင့်ရေးကွင်း (၁) တွင် စာမျက်နှာ ၉ ကော်လံ ၅ သို့


ရွှေလမင်းဆေးရုံများတွင် သီတင်းကျွတ်/တန်ဆောင်တိုင် အထူးအစီအစဉ်
(၇.၁၀.၂၀၁၉ မှ ၂၂.၁၁.၂၀၁၉) ရက်နေ့အတွင်း အခန်းခများကို 10% Discount
ပေးနေပြီဖြစ်ကြောင်း သတင်းကောင်းပါးအပ်ပါသည်။

Shwe La Min Hospital

ရွှေလမင်းဆေးရုံ (မြောက်ဥက္ကလာပမြို့နယ်) : အမှတ်(၁၂၅၄)၊ သုဓမ္မာလမ်းမကြီး၊ (၂)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။ Hot Line : 01-655612
ရွှေလမင်းဆေးရုံ (လမ်းမတော်မြို့နယ်) : အမှတ်(၁၅/၁၉)၊ ဇော်ဂျီလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။ Hot Line : 01-2301949
ရွှေလမင်းဆေးရုံ (ဟသ္သာတမြို့) : အမှတ်(၃၂)၊ ဗိုလ်စောမောင်လမ်း၊ ရုံးကြီးရပ်ကွက်၊ ဟသ္သာတမြို့။ Ph:044-2021375,2022799,2022800
ရွှေလမင်းဆေးရုံ (မော်လမြိုင်မြို့) : အမှတ်(၁)၊ မြို့ရှောင်လမ်း၊ ဒိုင်းဝန်ကွင်း၊ မော်လမြိုင်မြို့။ Ph-057-2026202,2026855,2026387,2026709